# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ ရက်တွင် စတင် တည်ထောင်သည်။ Established in 1957


**ချမ်းသာခြင်းအကြောင်းတရား**

ကောင်းမှုကို တစ်ကြိမ်တစ်ခါပြုပြီးသော်လည်း ထပ်ကာထပ်ကာပြုလုပ်ရာ၏။ ပြုနိုင်အောင်လည်း အားထုတ်ရာ၏။ အဘယ်ကြောင့်ဆိုသော် ကောင်းမှုဟူသည် ချမ်းသာခြင်း၏ အကြောင်းတရားဖြစ်သောကြောင့်တည်း။ ကောင်းမှုကို အခါမလပ် ပြုလုပ်နိုင်အောင် ကြိုးစားအပ်၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၈)


၁၃၈၀ ပြည့်နှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁၄ ရက်၊ သောကြာနေ့။ Friday 10 August 2018 ၉၃၃၄


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ပခုက္ကူမြို့နယ် ဒေသခံပြည်သူများ စကားဝိုင်းကျင်းပ





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဒေသခံပြည်သူများစကားဝိုင်းကို မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ချောက်ကန်ကျေးရွာ၌ ကျင်းပစဉ်။

## တစ်နိုင်ငံလုံးမှာ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေလုပ်ရတဲ့ ရည်ရွယ်ချက်က ငြိမ်းချမ်းရေးဆိုတာ တစ်နိုင်ငံလုံးနဲ့ သက်ဆိုင်တယ်ဆိုတာကို ပြည်သူ ပြည်သားတွေ သဘောပေါက်ဖို့ပဲ ဖြစ်ပါတယ်။

ပခုက္ကူ ဩဂုတ် ၉

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဒေသခံပြည်သူများစကားဝိုင်းကို ယနေ့နံနက် ၉ နာရီခွဲတွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ချောက်ကန်ကျေးရွာ၌ ကျင်းပသည်။**

**ဒေသခံပြည်သူများ စကားဝိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က** "တစ်နိုင်ငံလုံးမှာ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ လုပ်ရတဲ့ရည်ရွယ်ချက်က ငြိမ်းချမ်းရေးဆိုတာ တစ်နိုင်ငံလုံးနဲ့သက်ဆိုင်တယ်ဆိုတာကို ပြည်သူ ပြည်သားတွေ သဘောပေါက်ဖို့ပဲ ဖြစ်ပါတယ်။ အခု ပခုက္ကူမှာဆိုရင် အရင်တုန်းက ပြည်တွင်းစစ်တွေ မရှိတဲ့အခါကျတော့ အပစ်အခတ်ရပ်စဲရေးဆိုတာ ဘာလဲ၊ ဘယ်လိုအဓိပ္ပာယ်ရှိသလဲ၊ ကိုယ့်ရဲ့ဘဝတွေကို ဘယ်လိုအကျိုးဆက်အနေနဲ့ ပြောင်းလဲစေသလဲဆိုတာကို နားလည်ကြမှာ မဟုတ်ဘူး။ ပြည်တွင်းစစ်တွေဖြစ်တဲ့ ဒေသတွေက ပြည်သူ ပြည်သားတွေပဲ နားလည်တာဖြစ်ပါတယ်။ ဒါပေမယ့်လည်း ကိုယ့်ရဲ့ဒေသမှာ ပြည်တွင်းစစ်ဖြစ်ခဲ့သည်ဖြစ်စေ၊ မဖြစ်ခဲ့သည်ဖြစ်စေ နိုင်ငံရဲ့ငြိမ်းချမ်းရေးဟာ အားလုံးနဲ့ သက်ဆိုင်တယ်။

"ကျွန်မတို့အားလုံးဟာ ငြိမ်းချမ်းရေးရအောင်လုပ်ဖို့ တာဝန်ရှိပါတယ်။ အဲဒီတော့ ဒီလိုဆွေးနွေးပွဲ စကားဝိုင်းတွေမှာဆိုရင် ပါဝင်တဲ့ပုဂ္ဂိုလ်တွေ တစ်ဦးစီဟာ ဘယ်လိုမြင်သလဲဆိုတာ သိချင်ပါတယ်။ ပြီးတော့ ငြိမ်းချမ်းရေးရအောင် ဘယ်လိုလုပ်ရမလဲ။ ဘာဖြစ်လို့ ငြိမ်းချမ်းရေးကို လိုအပ်သလဲ။ ဒီဟာတွေကို စုပေါင်းပြီးတော့ စဉ်းစားစေချင်ပါတယ်။

"ပြီးတော့ ငြိမ်းချမ်းရေးဟာ ကျွန်မတို့နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဘယ်လိုဆက်နွယ်မှုရှိတယ်လို့

**စာမျက်နှာ ၃ ကော်လံ ၁ သို့**

## မန္တလေးမြို့၌ ကျင်းပမည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် လူငယ်များ စာပေစကားဝိုင်းအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဩဂုတ် ၉**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် လူငယ်များစာပေစကားဝိုင်းအခမ်းအနားကို ဩဂုတ် ၁၁ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ မန္တလေးတက္ကသိုလ်ဝင်းအတွင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားကျင်းပပုံများကို ယင်းနေ့နံနက် ၉ နာရီမှစတင်၍ မြန်မာ့ရုပ်မြင်သံကြား(MRTV)၊ MITV၊ mntv၊ Sky Net Up to Date၊ Sky Net တိုင်းရင်းသား၊ မြန်မာ့အသံရေဒီယိုအစီအစဉ်၊ MIR (Radio) နှင့် MOI Webportal Myanmar Facebook၊ MRTV Facebook၊ Myanmar Digital News Facebook၊ President Office၊ Myanmar State Counsellor Office နှင့် Information Committee Facebook တို့မှ တိုက်ရိုက်ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရခိုင်ပြည်နယ်၌ UNDP နှင့် UNHCR ဝန်ထမ်းများက ကွင်းဆင်းအကဲဖြတ်မှုများ စတင်ဆောင်ရွက်မည်

စာမျက်နှာ » ၁၀

## ဇူလိုင်လအတွင်း ပြည်ပသို့ တရားဝင် အလုပ်သွားရောက်လုပ်ကိုင်သူ ၁၈၀၀၀ ကျော်နှင့် ပြည်တွင်း အလုပ်နေရာ ၂၃၀၀၀ ကျော်အား ခန့်ထားနိုင်ခဲ့

စာမျက်နှာ » ၁၁




## ကြေးမုံ

# ဆက်နွယ်မှုများဖြင့် ပိုမိုစည်းလုံးညီညွတ်

"အာဆီယံအဖွဲ့ဝင်နိုင်ငံများဟာ ယဉ်ကျေးမှုနဲ့ သမိုင်းအစဉ်အလာများအရ ရှေးနှစ်ပေါင်းများစွာကတည်းက ဆက်စပ်ဆက်နွယ်မှုများရှိခဲ့ကြပါတယ်။ ဒီဆက်စပ်ဆက်နွယ်မှုများဟာ မတူကွဲပြား ခြားနားတဲ့ကြားက လက်ရှိစိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရာမှာ မိမိတို့ကို ပိုမိုစည်းလုံးစေပြီး ကွဲပြားခြားနားမှုများကို လျော့နည်းစေကာ အာဆီယံကို ပိုမိုစည်းလုံးညီညွတ်စေခဲ့ပါတယ်"ဟု ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ (၅၁)နှစ်မြောက် အာဆီယံနေ့တွင် ပေးပို့သည့် သဝဏ်လွှာ၌ ဖော်ပြပါရှိသည်။

အရှေ့တောင်အာရှနိုင်ငံများ (အာဆီယံ)အသင်းကြီးကို ၁၉၆၇ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် စတင်ထူထောင်ခဲ့ရာ ယခုအခါ (၅၁)နှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်သည်။ မြန်မာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဘရူနိုင်း၊ စင်ကာပူ ၁၀ နိုင်ငံဖြင့် ဖွဲ့စည်းထူထောင်ထားသည့် အာဆီယံအသင်းကြီးသည် မှီတင်းနေထိုင်ကြသည့် ပြည်သူသန်းပေါင်း ၆၀၀ ကျော်အတွက် ပိုမိုကောင်းမွန်သော ရည်မှန်းချက်၊ ယုံကြည်ချက်နှင့် စည်းလုံးညီညွတ်မှုများဖြင့် ခရီးဆက်လျက်ရှိသည်။

ယနေ့ကမ္ဘာပေါ်တွင် နိုင်ငံအများသည် မတည်ငြိမ်မှုများ၊ စိန်ခေါ်မှုများ၊ ပဋိပက္ခများနှင့် ရင်ဆိုင်နေရသည်ကို တွေ့ရသည်။ ဒေသတွင်းနိုင်ငံများသာမက အိမ်နီးချင်းနိုင်ငံများ အချင်းချင်းပင်လျှင် ရံဖန်ရံခါ ထိပ်တိုက်ရင်ဆိုင်ဖြေရှင်းမှုများရှိခဲ့သည်။ ထိုအခြေအနေတွင် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် မြန်မာ၊ ထိုင်း၊ လာအိုနိုင်ငံတို့နှင့် တစ်ဆက်တစ်စပ်တည်းရှိသည့် အာဆီယံနိုင်ငံများအားလုံးမှာ စည်းလုံးညီညွတ်နေကြသည်ကို မြင်တွေ့ရသဖြင့် ကျေနပ်ဝမ်းမြောက်ရမည်ဖြစ်သည်။

အာဆီယံ ၁၀ နိုင်ငံသည် မိသားစုအသွင်၊ ညီအစ်ကိုမောင်နှမပုံစံ ရပ်တည်နေထိုင်ကြသောကြောင့် တစ်ခါတစ်ရံ စိတ်အခန့်မသင့်မှုရှိခဲ့လျှင်လည်း နားလည်မှု၊ သည်းခံမှုတို့ဖြင့် ပြေပျောက်ခဲ့၊ နိုင်ငံအချင်းချင်း အကျိုးများကို ရှေးရှုသယ်ပိုးခဲ့ကြသည်သာဖြစ်သည်။ မျက်မှောက်ကာလတွင် မတူကွဲပြားမှုနှင့် စိန်ခေါ်မှုများစွာတို့ကို ရင်ဆိုင်နေရချိန်ဖြစ်၍ အသင်းကြီးရေရှည်ရပ်တည်ရေးအား ပိုမိုရှေးရှုကြသည်ကို တွေ့ရသည်။ သံသယများရှိခဲ့လျှင်လည်း တူညီသည့်ရည်မှန်းချက်နှင့်ဆုံးဖြတ်ချက်များဖြင့် အာဆီယံအသင်းကြီးကို ပိုမိုစည်းလုံးညီညွတ်ပြီး ခိုင်မာတောင့်တင်းစေခဲ့သည်။

ကမ္ဘာပေါ်၌ စီးပွားရေးအရ စိန်ခေါ်မှုများနှင့် ကြုံတွေ့နေရချိန်တွင် အာဆီယံအသင်းဝင်နိုင်ငံများ၏ စီးပွားရေးမှာ မှန်မှန်တိုးတက်လျက်ရှိပြီး ဖွံ့ဖြိုးတိုးတက်မှုအမြန်ဆုံး ဈေးကွက်ဖြစ်နေသည်။ အာဆီယံသည် ကမ္ဘာပေါ်တွင် တတိယမြောက် လုပ်သားအင်အားအများဆုံးနိုင်ငံများဖြစ်သောကြောင့် ဒေသတွင်း ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းကောင်းများစွာရှိသည်။ သို့သော် အာဆီယံနိုင်ငံများအတွင်း နိုင်ငံဖြတ်ကျော် မှုခင်း၊ အကြမ်းဖက်တိုက်ခိုက်မှု၊ ဆိုက်ဘာလုံခြုံရေး၊ ရာသီဥတုပြောင်းလဲမှု၊ သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှု၊ အစာရေစာနှင့် စွမ်းအင်ပြဿနာများ စသည်တို့ကို ရင်ဆိုင်ဖြေရှင်းနေရသည်။

သို့ဖြစ်ရာ ကမ္ဘာ့နိုင်ငံအများပြဿနာများကို ရင်ဆိုင်ဖြေရှင်းကြရာတွင် စိတ်သဘောထားချင်း နီးစပ်သည့် အာဆီယံနိုင်ငံများအချင်းချင်း အတူလက်တွဲ၍ ပူးပေါင်းညှိနှိုင်းဖြေရှင်းနိုင်ကြ၍ စိန်ခေါ်မှုများကို ကျော်ဖြတ်နိုင်ကြပေသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း တာဝန်သိသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်လက်တွဲလျက် အာဆီယံနိုင်ငံအချင်းချင်း ဖွံ့ဖြိုးတိုးတက်ရေး၊ စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။ ။

MYANMAR
Digital News
Presented by NPE
www.mdn.gov.mm

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်

လူငယ်
ဘက်စုံဖွံ့ဖြိုးရေးပွဲတော်
(မန္တလေး)

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၁၁၊ ၁၂၊ ၁၃)ရက်၊ ( စနေ၊ တနင်္ဂနွေ၊ တနင်္လာ )

နံနက်(၉)နာရီမှ ညနေ (၅)နာရီအထိ မန္တလေးတက္ကသိုလ်ဝင်းအတွင်း ကျင်းပမည်ဖြစ်၍မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

# သီတဂူဆရာတော်ဦးဆောင်၍ ရေဘေးသင့်ဒေသများသို့ အလှူငွေများ သွားရောက်လှူဒါန်း

**မော်လမြိုင် ဩဂုတ် ၉**




သီတဂူဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အရှင် ဉာဏိဿရ ဦးဆောင်၍ ကုသိုလ်ရှင်များက ရေဘေးသင့်ဒေသများသို့ အလှူငွေကျပ် သိန်း ၆၅၀နှင့် ရေဘေးသင့်ဒေသများမှ သံဃာတော်များအတွက် သင်္ကန်းများ သွားရောက် လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**ကရင်ပြည်နယ်သို့ လှူဒါန်း**

မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ရေကြီးရေလျှံမှုဒဏ်ကို ပြည်သူများ ခံစားနေကြရခြင်းကြောင့် သီတဂူဆရာတော်နှင့် သီတဂူသာသနာပြုအဖွဲ့က စုပေါင်းလှူဒါန်းပေးခြင်းဖြစ်သည်။ ယနေ့ နံနက်တွင် သီတဂူဆရာတော်နှင့် သီတဂူသာသနာပြုအဖွဲ့က ကရင်ပြည်နယ်အတွင်းရှိ ရေဘေးသင့် ပြည်သူများအတွက် လှူဒါန်းသည့် ငွေကျပ် သိန်း ၃၅၀နှင့် သင်္ကန်းများကို ပြည်နယ် အစိုးရအဖွဲ့ ကိုယ်စား ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်က လက်ခံရယူပြီး(ပုံ) သီတဂူဆရာတော်နှင့် သီတဂူသာသနာပြုအဖွဲ့ အလှူရှင်များကို ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**မွန်ပြည်နယ်သို့လှူဒါန်း**

ဆက်လက်၍ မော်လမြိုင်မြို့သို့ ကြွရောက်ပြီး ရေကြီးရေလျှံမှုဒဏ် ခံစားရသည့် မွန်ပြည်နယ်အတွင်းရှိ ပြည်သူများအတွက် ရေဘေးကယ်ဆယ်ရေး အလှူငွေကျပ် သိန်း ၃၀၀ ကို ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာအေးဇံထံ လှူဒါန်းပေးခဲ့ကြောင်း သိရပြီး ဝန်ကြီးချုပ်ကလည်း ဆရာတော်ဦးဆောင်သည့် သီတဂူသာသနာပြုအဖွဲ့နှင့် အလှူရှင်များကို ကျေးဇူးတင်ကြောင်း ပြန်လည်လျှောက်ထားခဲ့သည်။

"လူပေါင်းများစွာ၊ သတ္တဝါပေါင်းများစွာ ထိခိုက်ဆုံးရှုံးခဲ့ကြရတဲ့ နာဂစ်မုန်တိုင်း၊ ကလေးဒေသမှ ပြည်သူတွေကြုံရတဲ့ ရေဘေးစတဲ့ သဘာဝဘေးတွေ ကြုံတုန်းကလည်း ကရုဏာအလှူတွေကို ဖြစ်စဉ်တွေ စတင်ကတည်းက ကာယကံမြောက်လှူဒါန်းခဲ့ပါတယ်။ အခုလည်း မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတို့မှာ ရေဘေးသင့်ကြတဲ့ ပြည်သူပြည်သားတွေအတွက် အခုလို ကိုယ်တိုင်လာရောက် လှူဒါန်းပေးတာပါ။ ချွေးနဲ့စာလို့ ပြောရင်လည်း ရပါတယ်။ တရားပွဲတွေ ကျင်းပပြီး ဝိုင်းဝန်းလှူဒါန်းပေးကြတဲ့ အလှူထဲကမှ လှူဒါန်းတာပါ။ ဘယ်နေရာမှာဖြစ်ဖြစ်၊ ကမ္ဘာတစ်ခုလုံးမှာ ကရုဏာစိတ်တွေ ပြန့်ပွားနေဖို့ လိုအပ်ပါတယ်။ ဘယ်လူမျိုး၊ ဘယ်ဘာသာဝင်ဖြစ်ဖြစ် ကရုဏာစိတ်တွေကြောင့် သတ္တဝါအားလုံး ခံစားနေရတဲ့ ဒုက္ခဆင်းရဲအပေါင်းဟာ ခပ်မြန်မြန် ကင်းလွတ်ခွင့်ရမှာဖြစ်ပါတယ်။ ဒါကြောင့် အားလုံးသော သူတော်ကောင်းအပေါင်းတို့ဟာ ဒုက္ခဆင်းရဲတွေကို ပယ်ဖျောက် ပေးနိုင်ကြပါစေလို့ ဆုတောင်းပါတယ်"ဟု သီတဂူဆရာတော်က အနုမောဒနာတရား ဟောကြားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဩဂုတ် ၉**

ရန်ကုန်(ရွှေဈေး) ၉၄၇၅၀၀ - ၉၄၇၅၀၀ မန္တလေး(ရွှေဈေး) ၉၄၇၅၀၀ - ၉၄၇၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၂၅/၉၄၀ ကျပ်၊ | ၉၆၀/၉၇၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၃၅/၉၆၀ ကျပ်၊ | ၁၀၂၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၉၀/၉၁၀ ကျပ်၊ | ၉၅၅/၉၇၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၃၅/၉၅၀ ကျပ်၊ | ၉၇၀/၉၈၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၉၀၀/၉၀၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၉၁၀/၉၁၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၈၆၅/၈၇၅ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၄၂.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၇၄.၀ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၀.၉၅ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၃.၄၂၁ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၅၃.၆၉ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၀၀၂ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၃၀၁.၂ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၈.၈၂ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၇၀.၇ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၅၇.၆ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
ခေတ္တစာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957 ၁၉၅၇ ခုနှစ် ဇွန် ၁၈ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၃၊ ဖက်စ် ၀၁-၂၀၃၃၅

✪ ရှေ့ဖုံးမှ

ထင်သလဲဆိုတာကိုလည်း ကျွန်မတို့အနေနဲ့ သိချင်ပါတယ်။ တခြားကိုယ့်ရဲ့ ရပ်ရွာမှာဖြစ်နေတဲ့ကိစ္စတွေနဲ့ ပတ်သက်ပြီးတော့ ပြောချင်တာရှိရင်လည်း ပြောလို့ရပါတယ်။ ဥပမာဆိုရင် ကျွန်မအမြဲပဲ ဘယ်နေရာသွားသွား ပြည်သူပြည်သားတွေကို မေးရတယ်။ ဝန်ကြီးချုပ်လိမ္မာရဲ့လား။ ကျွန်မတို့ မကွေးတိုင်းဒေသကြီးက ဝန်ကြီးချုပ်ကတော့ လိမ္မာပုံတော့ရပါတယ်။ ဒါပေမယ့်လည်း ပြည်သူတွေက ပိုပြီးတော့သိမှာပါ။ အဲဒီတော့ ကျွန်မတို့အစိုးရဟာ ပြည်သူပြည်သားတွေကို တာဝန်ခံရတဲ့အစိုးရပါ။

## ပြည်သူပြည်သားတွေကို တာဝန်ခံရ

"ပြည်သူတွေ ရွေးချယ်တင်မြှောက်လို့ တက်လာတဲ့အစိုးရဆိုတာ ပြည်သူပြည်သားတွေကို တာဝန်ခံရပါတယ်။ ပြည်သူပြည်သားတွေရဲ့ ဘဝတွေ အကောင်းဆုံးဖြစ်အောင် ကြိုးစားရပါတယ်။ ဘယ်အစိုးရမှ ခြောက်ပြစ်ကင်းသဲလဲစင်မဟုတ်ပါဘူး။ မမှားတဲ့အစိုးရဆိုတာလည်း တစ်ခါမှမရှိပါဘူး။ မမှားတဲ့ ရှေ့နေဆိုပေမယ့် ရှေ့နေတွေထက်ပိုပြီးတော့ မှားနိုင်တာ အစိုးရတွေပါပဲ။ အမှားရှိရင်လည်း အရေးကြီးတာက ပြင်နိုင်ဖို့ပါပဲ။ ကျွန်မ မကြာခဏပြောသလိုပေါ့၊ ပြဿနာတွေရှိရင် ပြဿနာက အရေးကြီးတာမဟုတ်ပါဘူး။ ဘယ်လိုဖြေရှင်းမလဲဆိုတဲ့အဖြေကို ရအောင်လုပ်ဖို့က အရေးကြီးတာပါ။

"အခုဒီစကားဝိုင်းမှာဆိုရင် ကျွန်မတို့နိုင်ငံမှာ လွတ်လပ်ရေးရကတည်းက ဘာဖြစ်လို့ အပြည့်အဝ ပြည်တွင်းငြိမ်းချမ်းရေးရအောင် မလုပ်နိုင်သေးတာလဲ။ ဒီပြဿနာကို ကျွန်မတို့ ဘယ်လိုဖြေရှင်းမလဲဆိုတာကို နည်းနည်းအာရုံပြုပြီး ပြောပြစေချင်ပါတယ်"ဟု ပြောကြားသည်။

**မဖြိုးသီရိလွင် (တတိယနှစ်၊ နည်းပညာတက္ကသိုလ်)**

မကွေးတိုင်းဒေသကြီး မြန်မာနိုင်ငံအလယ်ပိုင်းဒေသသည် နှစ်ပေါင်းများစွာငြိမ်းချမ်းနေခဲ့ပါကြောင်း၊ ဒီနေရာတွင်နေထိုင်သည့် ကျောင်းသားလူငယ်များသည် များသောအားဖြင့် ငြိမ်းချမ်းရေးကို ခံစားရပါကြောင်း။

ငြိမ်းချမ်းရေးကိုခံစားရသည့်အတွက် မငြိမ်းချမ်းခြင်းကို နားမလည်ကြပါကြောင်း၊ ၎င်းတို့၏ပတ်ဝန်းကျင်နှင့် သတင်းမီဒီယာများမှတစ်ဆင့် မြန်မာနိုင်ငံ၏ မည်သည့်နေရာတွင် တိုက်ပွဲများ ကြုံတွေ့နေရကြောင်း၊ ဘယ်လိုနေထိုင်နေကြရသည်ကို သိကြပါကြောင်း၊ သိသာသိပြီး ဘာမှမတတ်နိုင်ဘူးဆိုသည့် စိတ်ရှိနေသည့်လူငယ်များ အများကြီးရှိပါကြောင်း၊ ဒုတိယတစ်ခုပြောလိုသည်မှာ မြန်မာနိုင်ငံသည် လူတစ်ယောက်၏ ခန္ဓာကိုယ်ကဲ့သို့ ဖြစ်ပါကြောင်း၊ ခန္ဓာကိုယ်တွင် ကိုက်ခဲနာကျင်မှုတစ်ခုရှိပါက ခန္ဓာကိုယ်တစ်ခုလုံးအပါအဝင် စိတ်ကပါ အေးအေးချမ်းချမ်းမနေရပါကြောင်း၊ မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးရှိသည့် အစိတ်အပိုင်းများရှိသလို မငြိမ်းချမ်းသည့်အစိတ်အပိုင်းများရှိပါကြောင်း။

မငြိမ်းချမ်းသည့်ဒေသများတွင် ကျောင်းသားလူငယ်များသည် အချင်းချင်းစုပြီး လက်လှမ်းမီသလောက် သူတို့နည်း၊ သူတို့ဟန်နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများလုပ်ကြပါကြောင်း၊ ပြည်သူများ၏အသံကို နားထောင်ပြီး ပြည်သူများ၏ လက်မှတ်များကို ကောက်ခံထားခြင်းမျိုးကို ငြိမ်းချမ်းရေးစကားဝိုင်းများတွင် တွေ့ရပါကြောင်း၊ ငြိမ်းချမ်းသည့်ဒေသက ကျောင်းသားလူငယ်များ မည်သို့ ပါဝင်ကြမည်နည်း၊ နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်ရန် မိမိတို့ မည်သည့်နေရာမှ ပါဝင်ကြရမည်ကို ငြိမ်းချမ်းသည့်ဒေသက ကျောင်းသားလူငယ်များ စဉ်းစားရန် လိုပြီဟု မြင်ပါကြောင်း။

## နားလည်မှုလွဲနေခြင်းမျိုးများရှိ

မငြိမ်းချမ်းရခြင်းအကြောင်းကို အရိုးရှင်းဆုံးဝေဖန်သုံးသပ်မည်ဆိုပါက ပထမတစ်ခုသည် တစ်ယောက်အပေါ် တစ်ယောက်ထားသည့် နားလည်နိုင်စွမ်း၊ မတူညီသည့်အမြင်၊ စိတ်သဘောထားများကြောင့်ဖြစ်ပါကြောင်း၊ မည်သည့် လူ့အဖွဲ့အစည်းသော်လည်းကောင်း၊ ရုံးပိုင်းဆိုင်ရာ၊ ကျောင်းပိုင်းဆိုင်ရာတွင်သော်လည်းကောင်း ရှေ့ကဦးဆောင်သည့်သူကဦးဆောင်ပြီး နောက်ကလိုက်မလာခြင်းမျိုး၊ အထက်လူကြီးနှင့် နောက်ကလိုက်လုပ်သူများ၏ ကြားထဲတွင် အချိတ်အဆက်မမိခြင်းမျိုး၊ နားလည်မှုလွဲနေခြင်းမျိုးများရှိပါကြောင်း။

အခြေခံကစပြီး ကလေးငယ်များ၏ နုနယ်သည့်စိတ်၊ ၎င်းတို့၏နှလုံးသား၊ ၎င်းတို့၏နိုင်ငံအပေါ် ထားသည့် စိတ်သဘောထားများကို မည်သို့ပြုပြင်ယူရမည်ဆိုသည်ကို ပြည်သူလူထုအားလုံးနှင့် ကျောင်းသားလူငယ်များ၊ ပြည်သူလူထုအားနှင့် ကဏ္ဍအသီးသီးမှ တတ်ကျွမ်းပညာရှင်များအားလုံးစုပေါင်းပြီး စဉ်းစားရန် လိုအပ်နေပါကြောင်း ဆွေးနွေးပြောကြားသည်။

**ဦးကျော်နိုင်(ယာဉ်လိုင်းဥက္ကဋ္ဌ)**

မိမိဆွေးနွေးချင်သည်မှာ မိသားစုများ၏ ငြိမ်းချမ်းရေးဖြစ်ပါကြောင်း၊ မိသားစုငြိမ်းချမ်းပါက ရပ်ကွက်ငြိမ်းချမ်းမည်၊ ရပ်ကွက်ငြိမ်းချမ်းပါက မြို့နယ်ငြိမ်းချမ်းမည်၊ မိမိတို့ကိုယ်တိုင် ငြိမ်းချမ်းပြီဆိုပါက တိုင်းပြည်လည်းငြိမ်းချမ်းမည်ဖြစ်ပါကြောင်း။

အခြေခံအနေဖြင့် မိသားစုများငြိမ်းချမ်းရန်လိုအပ်ပါကြောင်း၊ မိသားစုငြိမ်းချမ်းရန်အတွက် အခြေခံအလုပ်အကိုင် အခွင့်အလမ်းနှင့်ဝင်ငွေရှိမည်ဆိုပါက မိသားစုများငြိမ်းချမ်းမည်ဟု ယုံကြည်ပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် အထက်တန်းကျောင်းသားဘဝဖြင့် ကျောင်းထွက်ခဲ့ရသည့် ၇၀ ရာခိုင်နှုန်းသော လူငယ်ထုအတွက် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးနေသည်ကို တွေ့ရပါကြောင်း၊ အသက်မွေးဝမ်းကျောင်းပညာကျောင်းများ ပေါများစွာ ဖွင့်လှစ်ပေးမည်ဆိုပါက ထိုလူငယ်ထုအတွက် လမ်းပျောက်တော့မည် မဟုတ်ပါကြောင်း။

အိမ်တစ်အိမ်တွင် မိသားစုဝင်တစ်ယောက် မူးယစ်ဆေးဝါးစွဲကပ်ပြီဆိုလျှင် အဆိုပါမိသားစုသည်မငြိမ်းချမ်းတော့ပါကြောင်း၊ ထို့ကြောင့် မူးယစ်ဆေးဝါးကိုလည်း တွန်းလှန်ရမည်ဖြစ်ပါကြောင်း၊ မူးယစ်ဆေးဝါးများသည် မငြိမ်းချမ်းသည့်နယ်စပ်ဒေသများမှလာပါကြောင်း၊ မူးယစ်ဆေးဝါးများသည်လက်နက်များ၊ ကျည်ဆန်များအဖြစ်ပြောင်းလဲသွားမည်ဆိုပါက မိမိတို့တိုင်းပြည်၏ငြိမ်းချမ်းရေးသည် မည်သည့်အခါမှ ရနိုင်တော့မည်မဟုတ်ပါကြောင်း၊ ထို့ကြောင့် မူးယစ်ဆေးဝါးကို တိုက်ထုတ်ကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏



မဖြိုးသီရိလွင်



ဦးကျော်နိုင်



မယမုံဖြိုး



ဦးသက်ခိုင်

လုပ်ဆောင်မှုများသည် အတော်အောင်မြင်ပါကြောင်း။

မိသားစုတစ်စုတွင် ကျန်းမာရေးထိခိုက်လာပြီဆိုလျှင် ဘယ်မိသားစုဝင်မှ ငြိမ်းချမ်းသာယာမှု၊ ပျော်ရွှင်မှု မရှိနိုင်တော့ပါကြောင်း၊ ပခုက္ကူပြည်သူ့ဆေးရုံကြီးသည် လမ်းပန်းဆက်သွယ်ရေးကောင်းသော်လည်း ဆေးရုံနေရာကျဉ်းပါကြောင်း၊ လူနာအမျိုးသမီးနှင့် ကလေးများအတွက် ဆေးရုံဆောက်မည်ဟု ကြားသိရပါကြောင်း၊ ဆေးရုံသည် အမှန်တကယ်ကျပ်တည်းနေသည့်အတွက် အကောင်အထည်ဖော်ပေးစေလိုပါကြောင်း ဆွေးနွေးပြောကြားသည်။

**မယမုံဖြိုး(မဟာပထမနှစ်၊ ပခုက္ကူတက္ကသိုလ်)**

မိမိတို့နိုင်ငံသည် တိုင်းရင်းသား ပြည်သူလူထုပေါင်းစုံနေထိုင်သည့် ပြည်ထောင်စုနိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် တိုင်းရင်းသားအချင်းချင်းအကြားတွင် သင့်မြတ်ရန်လိုအပ်သည်ဟုထင်ပါကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်ရှိပြီး တိုင်းရင်းသားအားလုံးသည် ကိုယ့်ပြည်သူကို ကာကွယ်မည်ဆိုသည့်စိတ်ဓာတ်အားလုံးတွင်ရှိလျှင် ငြိမ်းချမ်းရေးဖော်ဆောင်ရာတွင် အခက်အခဲမရှိဟု ထင်မိပါကြောင်း။

## စေ့စပ်ညှိနှိုင်းနိုင်ရန်လိုအပ်

တိုင်းရင်းသားများ စုပေါင်းနေထိုင်သည့်အတွက် အင်အားမတူညီမှုများရှိပါကြောင်း၊ အင်အားများမတူညီသည့်အတွက် တစ်ဦးနှင့်တစ်ဦးအကြားတွင် ပဋိပက္ခများဖြစ်စေသည့် သဘောထားကွဲလွဲမှုများ ဖြစ်လာပါကြောင်း၊ ယင်းကွဲလွဲမှုများကြောင့် ငြိမ်းချမ်းရေးရရှိရန် ကြာရှည်နေပါကြောင်း၊ ပြည်သူအချင်းချင်း၏ကြားထဲတွင် ပဋိပက္ခဖြစ်စေသည့် ကွာခြားမှုပေါင်းများစွာကို စေ့စပ်ညှိနှိုင်းနိုင်ရန် လိုအပ်ပါကြောင်း၊ တိုင်းပြည်တစ်ပြည်၏ ငြိမ်းချမ်းရေးသည်လည်း တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် အဓိကပင်တိုင်ဖြစ်သည်ဟု ထင်မိပါကြောင်း၊ ငြိမ်းချမ်းရေးသည် ဒေသဖွံ့ဖြိုးရေးတွင်အရေးပါပါကြောင်း၊ မငြိမ်းချမ်းသည့် ဒေသများကို ခြုံငုံကြည့်ပါက အားလုံးသည် နယ်စပ်ဒေသများဖြစ်နေပါကြောင်း၊ နယ်စပ်ဒေသများသည် အခြားပြည်ပနိုင်ငံများနှင့်ချိတ်ဆက်ပြီး စီးပွားရေးကို အဓိကလုပ်သည့်ဒေသများ ဖြစ်ပါကြောင်း။

ဒေသများမငြိမ်းချမ်းသည့်အတွက် ပြည်ပမှလာရောက်ရင်းနှီးမြှုပ်နှံမည့်သူများသည် ရင်းနှီးမြှုပ်နှံရန် မဝင်ရဲကြပါကြောင်း၊ မိမိတို့နိုင်ငံ၏ စီးပွားရေးသည်လည်း သိသိသာသာကျဆင်းလာပါကြောင်း၊ ဒေသတစ်ခုချင်းစီတွင် ငြိမ်းချမ်းရေးရရန်အတွက် ကြိုးစားသင့်ပါကြောင်း။

ငြိမ်းချမ်းရေးဆိုသည်မှာ လူကြီးပိုင်းနှင့်သာသက်ဆိုင်သည် မဟုတ်ပါကြောင်း၊ လူငယ်များအားလုံးနှင့်လည်း သက်ဆိုင်နေသည့် အရာတစ်ခုဖြစ်ပါကြောင်း။

ပြည်သူပြည်သားအားလုံးက နိုင်ငံငြိမ်းချမ်းရန်အတွက် တစ်ထောင့်တစ်နေရာမှ ပါဝင်ကူညီမည်ဆိုသည့် စိတ်ဓာတ်ရှိရန်လိုအပ်ပါကြောင်း၊ နိုင်ငံ၏ စီးပွားရေးအချက်အချာကြသည့် ဒေသများတစ်ခုချင်းစီဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကအခြေခံ လိုအပ်ချက်တစ်ခုဖြစ်သည့် ငြိမ်းချမ်းရေးရအောင် မိမိတို့ ကြိုးစားရန်လိုအပ်ပါကြောင်း၊ ဒေသတစ်ခုချင်းစီငြိမ်းချမ်းပြီး ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဒေသတွင်းမှီတင်းနေထိုင်သည့် ပြည်သူများ၊ ဒေသခံများအားလုံး၏ မိသားစုများ စားဝတ်နေရေးအဆင်ပြေလာမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင်မှီတင်းနေထိုင်သည့် ပြည်သူပြည်သားများအားလုံး၏ စီးပွားရေးအဆင်ပြေလာမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

**ဦးသက်ခိုင်(တောင်သူ၊ ကိုင်းကျေးရွာ)**

ငြိမ်းချမ်းရေးနှင့် စိုက်ပျိုးရေး ဆက်စပ်သည့်အကြောင်းဆွေးနွေးလိုပါကြောင်း၊ ပခုက္ကူဒေသသည် အဘိုးအဘွားများလက်ထက်က မငြိမ်းချမ်းခဲ့ပါကြောင်း၊ ယင်းအချိန်က မငြိမ်းချမ်းသေးသည့်ဒဏ်ကို တိုက်ရိုက်ခံစားခဲ့ရပါကြောင်း၊ ယခုအချိန်တွင် ငြိမ်းချမ်းသွားသော်လည်း မငြိမ်းချမ်းသေးသည့်ဒဏ်ကို သွယ်ဝိုက်ခံစားနေရသည်လည်း ရှိပါကြောင်း၊ နယ်စပ်ဝင်၊ ထွက်ဂိတ်များတွင် လက်နက်ကိုင်ပဋိပက္ခများဖြစ်နေသည့်အတွက် မိမိတို့ဒေသမှထွက်ကုန်များ၊ အခြားဒေသများမှထွက်သည့် ကုန်များသည်လည်း ကုန်စည်စီးဆင်းမှုများ ရပ်တန့်သွား၍ သီးနှံဈေးကွက်များ ကျဆင်းလာသောကြောင့် လူသုံးကုန်ပစ္စည်းများ ဈေးတက်သွားပါကြောင်း၊ ထို့ကြောင့် ငြိမ်းချမ်းရေးသည် မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး မည်သည့်နေရာတွင် နေထိုင်သည်ဖြစ်စေ မငြိမ်းချမ်းပါက မငြိမ်းချမ်းခြင်း၏အကျိုးကို အားလုံးခံစားနေရသည်ဟု မြင်မိပါကြောင်း။

မိမိတို့နိုင်ငံက ပြည်တွင်းစစ် အရှည်ကြာဆုံးဟုပင် ပြော၍ရပါကြောင်း၊ လွတ်လပ်ရေးရပြီးကတည်းက အတိုက်အခိုက်နှင့် စစ်ပွဲများက နှစ်ပေါင်း ၇၀ နီးပါးကြာခဲ့ပြီဖြစ်ပါကြောင်း၊ မိမိတို့အားလုံးသည် သစ်တောများကို မဆင်မခြင်ခုတ်ခဲ့ကြပါကြောင်း၊ မိမိတို့ တောင်သူလယ်သမားများ ၎င်းဒဏ်ကို ခံစားနေရပါကြောင်း၊ မြစ်ချောင်းတစ်လျှောက်တွင် ရေကြီး၊ ကမ်းပြိုမှုများကို ခံစားနေရပါကြောင်း၊ သစ်တောများပျက်စီးသွားသည့်အတွက် သဘာဝပတ်ဝန်းကျင်ပျက်စီး၍ မိမိတို့စိုက်ပျိုးသည့်သီးနှံများတွင် ပိုးမွှားများ အလွန်ကျရောက်ပါကြောင်း၊ တောင်သူများက ပိုးသတ်ဆေးများကို အလွန်အကျွံ သုံးစွဲရပါကြောင်း၊ ဈေးကွက်မရှိသည့်အခါတွင် ပိုးသတ်ဆေးဖိုးများ ကုန်ကျစရိတ်များပြားပြီး အရှုံးပေါ်ပါကြောင်း။

## ငြိမ်းချမ်းရေးရမှဖြစ်မည်

နိုင်ငံတိုးတက်ရန်အတွက် ငြိမ်းချမ်းရေးသည် မရှိမဖြစ်နှင့် ငြိမ်းချမ်းရေးရမှဖြစ်မည်ဟုယုံကြည်မိပါကြောင်း၊ စိုက်ပျိုးရေးနှင့်ပတ်သက်၍ မိမိတို့ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များရရှိရန် သုတေသနလုပ်ငန်းများကို လုပ်စေချင်ပါကြောင်း၊ စပါးစိုက်တောင်သူများကို တစ်ဧက ကျပ်တစ်သိန်းခွဲချေးပြီး ဆီထွက်သီးနှံစိုက်ပျိုးသည့် တောင်သူများကို ကျပ်ငါးသောင်းချေးပါကြောင်း၊ ဆီထွက်သီးနှံစိုက်ပျိုးသည့် တောင်သူများက စပါးစိုက်တောင်သူများကဲ့သို့ ကုန်ကျမှုမများသော်လည်း ဆီထွက်သီးနှံစိုက်ပျိုးသည့် တောင်သူများကိုလည်း စိုက်ပျိုးစရိတ်ချေးငွေ တိုးပြီးချေးပေးမည်ဆိုပါက သီးနှံမပေါ်ခင် အတိုးကြီးကြီးရှာရသည့်ဒဏ်မှ အတတ်နိုင်ဆုံးသက်သာလိမ့်မည်ဟု မြင်မိပါကြောင်း။

မိမိတို့ဒေသသည် ပဲစင်းငုံအများကြီးထွက်ပါကြောင်း၊ ပဲစင်းငုံဈေးကွက်ကျဆင်းသွားသည့်အတွက် တောင်သူများ စီးပွားပျက်ပါကြောင်း၊ မြန်မာနိုင်ငံအစိုးရက လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ပြောင်းလဲရန်အတွက် ထွန်စက်များ၊ လယ်ယာသုံးစက်ကိရိယာများကို အရစ်ကျရောင်းချနေသော်လည်း တောင်သူများ မဝယ်နိုင်ပါကြောင်း၊ ယင်းအချိန်တွင် မိမိတို့ ခိုင်းနေသည့်နွားများ ပြည်ပသို့တင်ပို့ရောင်းချနေပါကြောင်း၊ စည်းကမ်းအတိုင်းလုပ်မည်ဆိုပါက အန္တရာယ်မရှိနိုင်သော်လည်း လက်ရှိအနေအထားအရ ခိုင်းနွားများရှား၍ ဈေးကြီးနေပါကြောင်း၊ ပြည်ပသို့တင်ပို့နေသည့် ခိုင်းနွားများနှင့်ပတ်သက်၍ အစိုးရအနေဖြင့် မူဝါဒများ ပြန်လည်သုံးသပ်ပေးပါရန် ပြောကြားလိုပါကြောင်း၊ မြို့ဆင်ခြေဖုံးများတွင် သိမ်းဆည်းခံလယ်ယာမြေများရှိပါကြောင်း၊ ရတဲ့သူရပြီး မရတဲ့သူမရပါကြောင်း၊ မရသေးသူများကို သိမ်းဆည်းခံလယ်ယာမြေများ ပြန်လည်ရရှိရေး ကူညီပါရန် မေတ္တာရပ်ခံလိုပါကြောင်း ပြောကြားသည်။

**မအိစံပယ်ဖြိုး(ဒုတိယနှစ်၊ ပညာရေးကောလိပ်)**

ပညာရေးနှင့် ငြိမ်းချမ်းရေးအကြောင်း ပြောလိုပါကြောင်း၊ ပထမဦးဆုံး နိုင်ငံတစ်နိုင်ငံမှာရှိသည့် တိုင်းသူပြည်သားများအားလုံး ငြိမ်းငြိမ်းချမ်းချမ်းနှင့် နေထိုင်စားသောက်နိုင်ရန် အရေးကြီးပါကြောင်း၊ ငြိမ်းချမ်းရေးကို ညီညီညွတ်ညွတ်နှင့် ပူးပေါင်းဆောင်ရွက်ပြီး အကောင်အထည်ဖော်ရန် လိုအပ်ပါကြောင်း၊ ငြိမ်းချမ်းရေးဟု ပြောလိုက်သည်နှင့် အပြောကလွယ်ပါကြောင်း၊ သို့သော် လက်တွေ့အကောင်အထည်ဖော်သည့်နေရာတွင် ခက်ခဲမှုများရှိမည်ဟု မိမိအနေဖြင့် မြင်မိပါကြောင်း။

နယ်စပ်ဒေသများပါမကျန် ကလေးသူငယ်များအားလုံး ငြိမ်းငြိမ်းချမ်းချမ်း၊ အေးအေးချမ်းချမ်း ပညာသင်ကြားနိုင်ရန် လိုအပ်မည်ဟုထင်ပါကြောင်း၊ နယ်စပ်ဒေသများတွင် လက်နက်ကိုင်အဖွဲ့များနှင့် ပဋိပက္ခများဖြစ်ပြီး အဆိုပါဒေသရှိကလေးများ ပညာကိုကောင်းစွာမသင်ကြားနိုင်ပါကြောင်း၊ ရလာသည့် အကျိုးဆက်မှာ ပညာသင်ကြားပါက ရနိုင်မည့် ဆင်ခြင်တုံတရား၊ ကိုယ်ချင်းစာတရား၊ စဉ်းစားတွေးခေါ်နိုင်စွမ်းများရလာမည် မဟုတ်ပါကြောင်း၊ ယင်းအတွက် စဉ်းစားဆင်ခြင်နိုင်စွမ်းများ၊ တစ်ဦးအပေါ် တစ်ဦး ထားသင့်သည့် ကိုယ်ချင်းစာတရားများ၊ ညီညီညွတ်ညွတ်ပူးပေါင်းဆောင်ရွက်တတ်မှုများမရပါက မိမိတို့ လိုချင်နေသည့် ငြိမ်းချမ်းရေးဆိုသည်မှာ အလှမ်းဝေးနေဦးမည် ဖြစ်ပါကြောင်း။

ငြိမ်းချမ်းရေးကို လိုချင်ပါက ပါးစပ်အပြောနှင့် ငြိမ်းချမ်းရေး လုပ်မနေဘဲ တိုင်းရင်းသားအချင်းချင်း ညှိနှိုင်းခြင်း၊ ကိုယ့်ဘက်သူ့ဘက် မျှမျှတတ ဆွေးနွေးခြင်းဖြင့် ငြိမ်းချမ်းရေးပန်းတိုင်ကို ဘယ်လိုနည်းလမ်းများနှင့် သွားမည်ဆိုသည်ကို ပူးပေါင်းဆောင်ရွက်ပြီး ဆွေးနွေးတိုင်ပင်သင့်သည်ဟုထင်မိပါကြောင်း ဆွေးနွေးပြောကြားသည်။

**ဦးမြင့်ဝင်း(အရောင်းအဝယ်)**

ငြိမ်းချမ်းရေးနှင့် စီးပွားရေးအကြောင်းကို ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးဆိုသည်မှာ လူတိုင်း ကိုယ်စိတ်နှစ်ပါးလုံး အေးချမ်းသာယာပြီး မိမိ၏ပတ်ဝန်းကျင်၊ မိမိ၏ဒေသတွင် ငြိမ်းငြိမ်းချမ်းချမ်းနှင့် လုပ်ကိုင်နေရမည့် အခြေအနေဟု ထင်မြင်မိပါကြောင်း၊ မိမိတို့ဒေသသည် ငြိမ်းချမ်းသည့် ဒေသဖြစ်ပါကြောင်း၊ မိမိတို့ဒေသ၏ အဓိကစီးပွားရေးလုပ်ငန်းသည် တောင်သူလုပ်ငန်းနှင့် မိမိတို့ရွာ၏မြောက်ဘက်တွင် အမှတ်(၁၁) အထည်ချုပ်စက်ရုံရှိပါကြောင်း၊ ထိုစက်ရုံတွင်လုပ်သည့် အလုပ်သမားများ ရှိပါကြောင်း၊ နောက်မိမိတို့ရွာတွင် ကိုယ်ထူကိုယ်ထ တစ်နိုင်တစ်ပိုင်မွေးသည့် မွေးမြူရေးလုပ်ငန်းများ ရှိပါကြောင်း။

စာမျက်နှာ ၄ သို့ ❍

○ စာမျက်နှာ ၃ မှ

မိမိတို့ တောင်သူလုပ်ငန်းတွင် တောင်သူများ မည်မျှပင်ကြိုးစားကြိုးစား၊ မည်ကဲ့သို့ သွင်းအားစုများထည့်ထည့် နှစ်ချုပ်လိုက်၍ အရှုံးအမြတ်ကို တွက်မည်ဆိုပါက ရှုံးသည့်နှစ်ကများပါကြောင်း၊ ရှုံးသည်ဆိုသည်မှာ အချက်သုံးချက်ရှိပါကြောင်း၊ နံပါတ်တစ်မှာ သဘာဝမိုးရေကို မျှော်ကိုးရပါကြောင်း၊ သစ်ပင်များစိုက်ထားပါကြောင်း၊ ကြီးထွားလာပါကြောင်း၊ အသီးအပွင့်များပွင့်နေပါကြောင်း၊ ဥများလည်း ဥနေပါကြောင်း၊ သို့သော် မိုးမရွာပါက အလကားဖြစ်၍ ဆုံးရှုံးပါကြောင်း၊ စီးပွားရေးများ ထိခိုက်ပါကြောင်း။

နံပါတ်နှစ်မှာ မိမိတို့တောင်သူများသည် မိရိုးဖလာ စိုက်ပျိုးရေးနည်းစနစ်များပင် လုပ်နေပါကြောင်း၊ တကယ်တမ်းဆိုပါက မျိုးကောင်းမျိုးသန့်များ၊ စိုက်နည်းစနစ်များကို ကျင့်သုံးမည်ဆိုပါက ပိုကောင်းသော်လည်း မိရိုးဖလာစနစ်များကိုပင် လုပ်နေသည့်အတွက်ကြောင့် သီးနှံများမှာ အထွက်နှုန်းများကျပါကြောင်း၊ ထို့ကြောင့်လည်း စီးပွားရေးထိခိုက်ပါကြောင်း၊ နောက်တစ်ချက်မှာ မိမိတို့ရွာသည် ပခုက္ကူမြို့နှင့် နီးစပ်၊ ထိစပ်နေပါကြောင်း၊ မြို့နယ်နိမိတ်မှာ ချဲ့ချဲ့လာပါကြောင်း၊ ချဲ့လာသည့်အခါ မိမိတို့စိုက်သည့် တောင်သူများ၏ စိုက်ဧကများသည် တဖြည်းဖြည်း ကျဉ်းမြောင်းလာပါကြောင်း၊ လုပ်ကွက်များကျဉ်းမြောင်းလာပါကြောင်း၊ ဧရိယာများကျဉ်းမြောင်းလာပါကြောင်း၊ အထွက်နှုန်းများလျော့၍ စီးပွားရေးများ ထိခိုက်လာပါကြောင်း၊ မိုးကိုမျှော်နေရပါကြောင်း၊ ယခုကဲ့သို့ သဘာဝမိုးရေကို မျှော်နေမည့်အစား ဆည်မြောင်း၊ တာတမံများ၊ မြစ်ရေတင်လုပ်ငန်းများ မိမိတို့ဒေသတွင် တည်ဆောက်ပေးမည်ဆိုပါက မိမိတို့စီးပွားရေးများ ပို၍ဖွံ့ဖြိုးလာမည်ဟု ယုံကြည်ပါကြောင်း။

**စီမံပေးရန်တောင်းဆို**

မိမိတို့ရွာ၏မြောက်ဘက် အထည်ချုပ်စက်ရုံတွင် မိမိတို့ဒေသခံများသာမက ရွာနီးချုပ်စပ်မှသူများရော ပခုက္ကူမြို့ပေါ်မှ အလုပ်သမားများပါ အထည်ချုပ်စက်ရုံတွင် လုပ်ကြပါကြောင်း၊ အထည်ချုပ်စက်ရုံတွင်လုပ်သည့် အလုပ်သမားတစ်ယောက်၏ တစ်လပျမ်းမျှဝင်ငွေမှာ တစ်သိန်းခွဲ၊ နှစ်သိန်းလောက် ဝင်ပါကြောင်း၊ အကယ်၍ စက်ရုံသည် ရေရှည်တည်တံ့ခိုင်မြဲမှုမရှိပါက ယင်းစက်ရုံတွင်လုပ်နေသည့် အလုပ်သမားများ အလုပ်လက်မဲ့ဖြစ်သွားမည်ဖြစ်ပါကြောင်း၊ စားဝတ်နေရေးများ ခက်ခဲမည်ဖြစ်ပါကြောင်း၊ စီးပွားရေးများထိခိုက်လာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် စက်ရုံ၊ အလုပ်ရုံများ ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် စီမံပေးရန်တောင်းဆိုပါကြောင်း ဆွေးနွေးပြောကြားသည်။

**မခိုင်သဇင်အောင် (ဂုဏ်ထူးတန်းပထမနှစ်၊ ပခုက္ကူတက္ကသိုလ်)**

ငြိမ်းချမ်းရေးဆိုသည်မှာ ကိုယ့်ထမင်းကိုလည်း သူလာစားမည်၊ သူ့ရေကိုလည်း ကိုယ်သွားသောက်မည်၊ သူ၏ဒေသကိုလည်း ကိုယ်သွားလည်မည်၊ မိမိ၏ဒေသတွင်လည်း မည်မျှလည်စရာပေါများကြောင်း၊ မည်မျှစည်ပင်သာယာကြောင်း ပြောပြပြီး အလည်ခေါ်မည်၊ မတူညီသည့်ဒေသများ၏ ယဉ်ကျေးမှုများကိုဖလှယ်ကြမည်၊ ထိုသို့ ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီဖြစ်နေသည့်သဘောကို ငြိမ်းချမ်းခြင်းဟု ထင်ပါကြောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတွင် တစ်ဦးချင်းစီရပ်၍မရဘဲ တိုင်းရင်းသားမျိုးစုံပေါင်းစည်းမှသာလျှင် မြန်မာနိုင်ငံဟု ဖြစ်ပေါ်လာသည့်အတွက် စုစုစည်းစည်း ရှိနေရန်လိုအပ်ပါကြောင်း၊ မငြိမ်းချမ်းပါက ပြည်သူများ တိုက်ရိုက်ခံစားရပါကြောင်း၊ မငြိမ်းချမ်းသည့်အတွက် ယင်းဒေသမှာရှိသည့် ကလေးများ ကျောင်းသွားနေရမည့်အစား တောထဲတောင်ထဲတွင် ပြေးလွှားပြီး စစ်ဘေးကိုရှောင်နေရပါကြောင်း၊ အခန့်မသင့်ပါက မိမဲ့ဖမဲ့အဖြစ်နှင့် ရင်နင့်ဖွယ်ရာ တွေ့မြင်ရပါကြောင်း။

**စွမ်းစွမ်းတမံလုပ်ဆောင်နိုင်မှ**

ကိုယ်တွေ့အနေဖြင့်ပြောရပါက ပခုက္ကူတက္ကသိုလ်တွင် ဟောပြောပွဲများများစွာ ပြုလုပ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများလည်း နားထောင်လိုပါကြောင်း၊ သို့သော် ဟောပြောပွဲခန်းမသည် လိုအပ်ချက်များရှိပြီး ကျောင်းသားများလာနိုင်အောင် မဆွဲဆောင်နိုင်သည့်အတွက် မတက်မဖြစ်တက်ရမည့်သူများသာလျှင် စာပေဟောပြောပွဲကို ရောက်ပါကြောင်း၊ ဆွဲဆောင်မှုမရှိသည့်အတွက်ကြောင့် မသွားကြပါကြောင်း၊ မသွားသည့်အတွက် ဗဟုသုတမရဘဲ ဆုံးရှုံးမှုတစ်ခုဖြစ်ပါကြောင်း၊ ထို့ကြောင့် ငြိမ်းချမ်းခြင်းသည် လူ၏ ရုပ်ရော၊ နာမ်ရော ငြိမ်းချမ်းခြင်းဖြစ်ပါကြောင်း၊ လူတစ်ယောက်သည် ရုပ်ရော၊ နာမ်ရောငြိမ်းချမ်းမှ၊ စိတ်ရောငြိမ်းချမ်းနေမှသာလျှင် လုပ်ငန်းဆောင်တာများကို များစွာလုပ်ဆောင်နိုင်ပြီး ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေးစသည့် ကဏ္ဍမှနေပြီး စွမ်းစွမ်းတမံလုပ်ဆောင်နိုင်မှသာလျှင် မျှော်မှန်းထားသည့် ပြည်ထောင်စုကြီးဖြစ်လာမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

**မောင်ဇေယျာမင်း(ဒုတိယနှစ်၊ နည်းပညာတက္ကသိုလ်)**

ငြိမ်းချမ်းရေး၏အနှစ်သာရကို မိမိအမြင်အားဖြင့် ဆွေးနွေးလိုပါကြောင်း၊ ငြိမ်းချမ်းရေးကို ပြောသည့်နေရာတွင် လွတ်လပ်ပြီး တရားမျှတသည့် ဥမကွဲသိုက်မပျက် မိသားစုစိတ်ဓာတ်အရင်းခံပြီး တည်ဆောက်ရမည်ဟု ထင်မြင်ပါကြောင်း၊ ထပ်မံဆွေးနွေးလိုသည်မှာ မငြိမ်းချမ်းသည့်ဒေသများတွင် စစ်မက်ဖြစ်ပွားနေသည့်အတွက် အဆိုပါဒေသများတွင်ရှိသည့် ကလေးငယ်များ၊ အမျိုးသမီးများသည် အခက်အခဲများစွာ ရှိနေပါကြောင်း၊ ပညာရှာရန်အတွက် စာသင်ကျောင်းများ ပိတ်ထားရကြောင်း၊ ကျန်းမာရေးအတွက်ဆိုလျှင်လည်း ဆေးရုံ၊ ဆေးခန်းများ ပိတ်ထားရသည့်အတွက် ရသင့်ရထိုက်သည့် လူ့အခွင့်အရေးဆိုင်ရာများ ဆုံးရှုံးနေရသည်ကို တွေ့မြင်ရပါကြောင်း။

ပညာရေးဆိုသည်မှာ လူ့သိက္ခာတရား၏ အခြေခံအုတ်မြစ်ဟုပြောခဲ့ပါကြောင်း၊ ထိုအရာကို လူတိုင်းသိရန်လိုအပ်ပါကြောင်း၊ မိမိတို့ ယခုအချိန်တွင် ဘွဲ့ရလျှင် ပညာတတ်ဖြစ်သည်ဟု ယူဆကြကြောင်း၊ ဘွဲ့ရသော်လည်း ပညာတတ်ဟုခေါ်ဆို၍ မရပါကြောင်း၊ ဘွဲ့ရသော်လည်း မိမိတို့နိုင်ငံကို ထောက်ပံ့ပေးနိုင်သော ပညာရှင်နည်းပါးပါကြောင်း၊ ထို့ကြောင့် အတန်းပညာတက်ရောက်သည့်အခါ ဘွဲ့ရရန် ဦးမတည်ဘဲ နိုင်ငံကိုအကျိုးပြုနိုင်သော ပုဂ္ဂိုလ်များ၊ လူငယ်များ ဖြစ်လာစေရန်အတွက် ကြိုးစားရန် လိုအပ်ပါကြောင်း၊ သို့မှသာ တိုင်းပြည်ကို အထောက်အပံ့ပြုမည့် လူငယ်ပညာရှင်များစွာ ပေါ်ထွန်းလာမည်ဟု မြင်မိပါကြောင်း ဆွေးနွေးပြောကြားသည်။



မဒိစံပယ်ဖြိုး



ဦးမြင့်ဝင်း



မခိုင်သဇင်အောင်



မောင်ဇေယျာမင်း

**ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်**က "ငြိမ်းချမ်းရေးဆိုတာ အားလုံးနဲ့ဆိုင်တယ်ဆိုတာ အားလုံးသိပြီးသားဖြစ်ပါတယ်။ ဒီမှာသတိပြုမိတာကတော့ ရှေ့ကဦးဆောင်တဲ့အတိုင်း နောက်ကမလိုက်တာဟာ ပြဿနာလို့ပြောတာ တစ်ခုရှိပါတယ်။ ဒါပေမယ့် ရှေ့ကဦးဆောင်တဲ့သူကလည်း မှန်ဖို့လိုပါတယ်။ နောက်ပြီးတော့ ဦးဆောင်တဲ့သူအရွေးမှန်ဖို့လည်း လိုပါတယ်။ ဒီမိုကရေစီစနစ်ဆိုတာ ဦးဆောင်မယ့်သူတွေကို ကိုယ့်ဘာသာကိုယ် ရွေးချယ်ပိုင်ခွင့်ရှိတဲ့စနစ်ပဲ ဖြစ်ပါတယ်။

**ပစ္စုပ္ပန်ကို တည့်တည့်ကြည့်**

"ပြည်သူလူထု အရည်အချင်းပြည့်ဝရင် အရည်အချင်းမဲ့တဲ့ အစိုးရတစ်ခုတက်ဖို့ အင်မတန်မှခက်ပါတယ်။ ဒါပေမယ့်လည်း ပြည်သူလူထုကနေ ဆင်ခြင်တုံတရားရှိနေရင် အစိုးရကလည်း ကောင်းလေပဲ။ ဆင်ခြင်တုံတရားရှိရုံနဲ့လည်း မလုံလောက်ဘူး။ ပြည်သူလူထုကနေ သိက္ခာရှိရှိ၊ သတ္တိရှိရှိနဲ့ ကိုယ်ယုံကြည်ရာဘက်ကနေ ရပ်တည်ဖို့ဟာ အင်မတန်အရေးကြီးပါတယ်။

"ကျွန်မတို့နိုင်ငံရေးလုပ်တယ်ဆိုတာ အနာဂတ်ကိုကြည့်ပြီး လုပ်ရပါတယ်။ အနာဂတ်ကိုဦးတည်ပြီး ကြည့်တာကတော့ ပစ္စုပ္ပန်ကို တည့်တည့်ကြည့်ရမှာပါ။ ပြောချင်တာက ပစ္စုပ္ပန်ကိုတည့်တည့်ကြည့်ပါ။ အခုဖြစ်ပေါ်နေတဲ့ ကျွန်မတို့နိုင်ငံရဲ့ ပြဿနာတွေ၊ ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေကို တည့်တည့်ကြည့်ပါ။

"အတိတ်ကိုပြန်ပြန်သွားပြီး အတိတ်ရဲ့အကျဉ်းသမားတွေလည်း မဖြစ်သင့်ဘူး။ အနာဂတ်ကိုပဲ မျှော်ကိုးပြီးတော့ အခုလုပ်ကြမယ့်ဟာကို မလုပ်ကြဘဲ အနာဂတ်၊ အနာဂတ်ဆိုပြီး မဖြစ်သေးတဲ့ကိစ္စကို အာရုံစိုက်နေလို့မဖြစ်ပါဘူး။ အခုလက်ရှိလုပ်ရမယ့်ကိစ္စတွေကို အားလုံးဝိုင်းလုပ်မယ်ဆိုရင် ငြိမ်းချမ်းရေးရနိုင်မှာပါ။ ငြိမ်းချမ်းရေးဘာလို့မရသလဲဆိုရင် နားလည်မှုနည်းပါးလို့ဆိုပြီး ပြောသွားပါတယ်။ မှန်ပါတယ်။ နားလည်မှုဆိုတာ ဘာပေါ်မှာအခြေခံသလဲဆိုတော့ တစ်ဦးနဲ့တစ်ဦး လေးစားမှုအပေါ်မှာလည်း အခြေခံပါတယ်။ နားထောင်တယ်ဆိုတာကလည်း လေးစားလို့ပါ။ ကိုယ်လေးစားရတဲ့ပုဂ္ဂိုလ်ပြောရင် နားထောင်တယ်။ ကိုယ်မလေးစားရတဲ့ ပုဂ္ဂိုလ်ပြောရင် နားမထောင်ဘူး။ ဒါက လူ့သဘာဝပါပဲ။

"ကျွန်မတို့ ပြည်သူ ပြည်သားတွေ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိစေချင်ပါတယ်။ အဲဒီအတွက် နိုင်ငံ့အနာဂတ်ကို ဦးတည်ပြီးတော့ ပစ္စုပ္ပန်မှာ ပညာရေး၊ ကျန်းမာရေးကို အင်မတန်မှ ဂရုစိုက်တယ်ဆိုတာ ဘာဖြစ်လို့လဲဆိုတော့ ရုပ်ပိုင်းဆိုင်ရာဘက်က ကျန်းမာရေး၊ ဦးနှောက်ပိုင်းဆိုင်ရာဘက်က ပညာရေး၊ ဦးနှောက်တင် မဟုတ်ဘူး အကျင့်စာရိတ္တကိစ္စလည်း ပါပါတယ်။ ဒီနှစ်ခုပေါ်မှာ အခြေခံပြီးတော့ တိုးတက်အောင်လုပ်ရပါမယ်။ ခုနကပြောသွားတဲ့အထဲမှာ စာမေးပွဲရမှတ်ကို မူတည်ပြီးတော့ ဘယ်ဘာသာရပ်ပေါ်မှာ ယူနိုင်တယ်ဆိုတာ သတ်မှတ်ထားတဲ့အခါကျတော့ မိဘတွေရော၊ ကလေးတွေကိုယ်တိုင်ရော ဂုဏ်ကိုမက်ပြီးတော့ ဟိုဟာယူမယ်၊ ဒီဟာယူမယ်။ တကယ်စိတ်ဝင်စားလို့မဟုတ်ဘူး။ တကယ်လုပ်ချင်လို့ မဟုတ်ဘူး။

**ပညာရေးစနစ်ပြောင်းလဲလာ**

"ငြိမ်းချမ်းရေးကို ထိခိုက်နေတဲ့အရာတွေကို ကျွန်မတို့အားလုံးဝိုင်းပြီးတော့ ပယ်ရမယ်။ ငြိမ်းချမ်းရေးဖြစ်စေမယ့်အရာတွေကို အားလုံးဝိုင်းပြီးတော့ ပြုစုပျိုးထောင်ရမယ်။ အဲဒီဟာလည်း ပြည်သူ ပြည်သားတွေပါမှဖြစ်မှာပါ။ ပညာရေးစနစ်လည်း ပြောင်းလဲလာပါပြီ။ စာမေးပွဲရမှတ်နဲ့မသတ်မှတ်ဘဲ အဆင့်နဲ့သတ်မှတ်တဲ့အခါကျတော့ ငါးမှတ်ပိုတဲ့သူက ငါးမှတ်နည်းတဲ့သူအပေါ်မှာ ကျောတဲ့ကိစ္စတို့၊ မိဘချင်းပြိုင်တဲ့ကိစ္စတို့ ဒါတွေ အင်မတန်မှ ကျဆင်းသွားပါတယ်။ တက္ကသိုလ်ပညာရေးထက် အသက်မွေးဝမ်းကျောင်းပညာရေးကို အားပေးနေပါတယ်။ ပညာသင်တယ်ဆိုတာ အဓိကက ကိုယ့်ဘဝကို လုံလုံခြုံခြုံ ပြည့်ပြည့်စုံစုံ ရပ်တည်နိုင်ဖို့ပါပဲ။ အဲဒါက တက္ကသိုလ်သွားမှဖြစ်တဲ့ ကိစ္စမဟုတ်ပါဘူး။ တက္ကသိုလ်မရောက်ဖူးဘဲ ကိုယ့်ဘဝမှာ လုံလုံခြုံခြုံ ကျေကျေနပ်နပ် ရပ်တည်နိုင်တဲ့ ပုဂ္ဂိုလ်တွေရှိပါတယ်။ အသက်မွေးဝမ်းကျောင်းပညာ ကျောင်းသားကျောင်းသူများဆိုတာ ကျွန်မတို့နိုင်ငံအနေနဲ့ အင်မတန်မှလိုအပ်ပါတယ်။ တခြားနိုင်ငံတွေနောက်ကနေ ကျန်ရစ်ခဲ့တဲ့နိုင်ငံတစ်ခုအနေနဲ့ အမြန်နှုန်းနဲ့လိုက်နိုင်အောင်လုပ်ရမယ်ဆိုရင် သင်ထားတဲ့ပညာတွေဟာ နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုလိုအပ်ချက်တွေနဲ့ ကိုက်ညီနေရမှာဖြစ်ပါတယ်။

"ကျွန်မတို့နိုင်ငံမှာ အားလုံးအတွက် အခွင့်အရေးတွေ အများကြီးရအောင်၊ ပြည့်ပြည့်စုံစုံ မှန်ကန်တဲ့အခွင့်အရေးတွေရအောင် ကြိုးစားပြီးတော့ ဆောင်ရွက်နေပါတယ်။ ဒီလိုလုပ်ခြင်းအားဖြင့် ငြိမ်းချမ်းရေးရဲ့ အခြေခံအုတ်မြစ်ဖြစ်တဲ့ တည်ငြိမ်မှုကို ဆောက်တည်နိုင်မယ်လို့ထင်ပါတယ်။ ပြည်သူလူထုဟာ စိတ်ပိုင်းဆိုင်ရာအရ၊ ရုပ်ပိုင်းဆိုင်ရာအရ လုံခြုံပြီဆိုရင် နိုင်ငံဟာလည်း လုံခြုံမှာဖြစ်ပါတယ်။ အရေးကြီးတာကတော့ ညီညွတ်မှုပါ။

"အထူးသဖြင့် ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပါဝင်နေတဲ့ပုဂ္ဂိုလ်တွေ၊ အဖွဲ့အစည်းတွေအားလုံးဟာ တကယ်ပဲနိုင်ငံ့အပေါ်မှာ စေတနာထားမယ်ဆိုရင် ငြိမ်းချမ်းရေးရမှာပါ။ ပခုက္ကူလို ငြိမ်းချမ်းရေးရဲ့ အကျိုးအမြတ်ကို ရှည်ကြာစွာခံစားရတဲ့ ဒေသတစ်ခုမှာတောင် ဖွံ့ဖြိုးသင့်သလောက်မဖွံ့ဖြိုးဘူး။ ဘာဖြစ်လို့လဲဆိုရင် ကျွန်မတို့နိုင်ငံတစ်ခုလုံးကမှ မဖွံ့ဖြိုးသေးလို့ပါ။ နိုင်ငံတစ်ခုလုံး မဖွံ့ဖြိုးရင် အရပ်ဒေသအလိုက် ဖွံ့ဖြိုးဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။

"ကျွန်မတို့ အသက်ကြီးတဲ့သူတွေတောင်မှ မျှော်လင့်ချက်နဲ့ ရပ်တည်နိုင်ရင် ဘာဖြစ်လို့မျှော်လင့်ချက်နဲ့ မရပ်တည်နိုင်ရမှာလဲ။ ဒါပေမယ့် မျှော်လင့်နေလို့လည်းမပြီး၊ မျှော်လင့်ချက် အကောင်အထည်ဖော်နိုင်ဖို့ အလုပ်လုပ်နိုင်တဲ့ အင်အား၊ လုပ်တတ်ကိုင်တတ်တဲ့ အရည်အချင်းတွေနဲ့တော့ ပြည့်ဝဖို့လိုပါတယ်။ ကျွန်မကတော့ လူငယ်တွေရဲ့အမြင်ကို တင်ပြသွားတာကို တန်ဖိုးထားပါတယ်။ လူငယ်တိုင်း လူငယ်တိုင်းဟာ မတူတဲ့အမြင်တွေ ရှိပေမယ့် နောက်ဆုံးမှာတော့ တူညီတဲ့စိတ်ဓာတ်နဲ့ ငြိမ်းချမ်းရေးရဖို့ လုပ်ကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။"

"ကျွန်မတို့အနေနဲ့ အသက်မွေးဝမ်းကျောင်းပညာကို အင်မတန်မှ အားပေးတယ်။ မိဘတွေဟာ သားသမီးတွေကို အသက်မွေးဝမ်းကျောင်းပညာကျောင်းတွေကို လွှတ်ဖို့ဝန်မလေးပါနဲ့။ တချို့ထင်နေတာက အသက်မွေးပညာကျောင်းဆိုတာ ဒုတိယတန်းစား ပညာရေးလို့ထင်နေတယ်။

"ကမ္ဘာ့အချမ်းသာဆုံး နိုင်ငံတွေဖြစ်တဲ့ ဆွစ်ဇာလန်တို့၊ ဂျာမနီတို့၊ ဆွီဒင်တို့ဆိုရင် အသက်မွေးဝမ်းကျောင်းပညာသင်တဲ့ ကျောင်းသားတွေနဲ့ တက္ကသိုလ်တက်တဲ့ ကျောင်းသားတွေကို ဘယ်လိုမှခွဲခြားပြီးမမြင်ပါဘူး။ အသက်မွေးဝမ်းကျောင်း ပညာကျောင်းကထွက်တဲ့ ကျောင်းသားတွေဟာ ဝင်ငွေရကိန်းက ပိုပြီးမြင့်မားတာကြောင့် အင်မတန်မှသိက္ခာရှိပါတယ်။ ကျွန်မ ဆွစ်ဇာလန်သွားတုန်းက အသက်မွေးဝမ်းကျောင်း ပညာကျောင်းမှာ သွားနေတဲ့ ကျောင်းသားလေးလေးယောက်နဲ့တွေ့ပြီး သူတို့ကို မေးကြည့်တယ်။ ခွဲခြားဆက်ဆံမှုရှိသလား။ ဒုတိယတန်းစား ပညာရေးစာရင်းထဲမှာဝင်နေတဲ့ လူငယ်တွေဆိုပြီး ခွဲခြားဆက်ဆံတာရှိသလားဆိုပြီးမေးတော့ သူတို့က ဒီမေးခွန်းကို အံ့အားသင့်တယ်။

**အရည်အချင်းနှစ်ခုရှိဖို့လို**

"သူတို့ရဲ့ ပညာရေးဝန်ကြီးဌာနက တာဝန်ရှိသူကို ဒီလိုခွဲခြားဆက်ဆံမှုမရှိတာ ဘာကြောင့်လဲဆိုပြီး မေးကြည့်တော့ အသက်မွေးဝမ်းကျောင်းပညာကျောင်းက ထွက်တဲ့ ကလေးတွေရဲ့ ဝင်ငွေရနိုင်တဲ့အနေအထားဟာ တက္ကသိုလ်ကထွက်တဲ့ ကလေးတွေထက်တောင် ပိုကောင်းသေးတယ်ဆိုတာကိုကြည့်ပြီး ရပ်ရွာကလည်း လေးစားကြတယ်။ အထင်ကြီးကြတယ်။ ခွဲခြားပြီးမမြင်ဘူး။ ဒါကြောင့် သဘောတူပါတယ်။ ဒီကိစ္စကိုလည်း တတ်နိုင်သလောက်လုပ်ပေးပါ့မယ်။

"မူးယစ်ဆေးဝါးကတော့ တကယ့်ပြဿနာပါ။ အရင်တုန်းကဆို ဘိန်းနဲ့ဘိန်းထွက်ပစ္စည်းတွေက အန္တရာယ်ပါ။ အခု တကယ့်အန္တရာယ်က စိတ်ကြွဆေးပြားတွေပါ။ ကလေးတွေငယ်ငယ်ကတည်းက စသုံးတယ်။ သုံးလာတဲ့နှုန်းက တက်လာတဲ့အတွက် ပြဿနာဖြစ်လာပါတယ်။ ဘာကြောင့်လဲဆိုတော့ မိဘ၊ ဆရာများဟာ အရည်အချင်းနှစ်ခုရှိဖို့ လိုပါတယ်။ တစ်ချက်က ကလေးတွေဟာ မူးယစ်ဆေးဝါး သုံးစွဲနေသလားဆိုတဲ့ လက္ခဏာတွေကို ကြည့်တတ်ဖို့လိုပါတယ်။ ဒုတိယတစ်ချက်က ဒီလိုသိလာပြီဆိုရင် သားသမီးတွေက ယုံယုံကြည်ကြည်နဲ့ ဝန်ခံလာဖို့ ပြောဖို့လိုတယ်။ မပြောရဲရင် ပြဿနာကို ဖြေရှင်းဖို့ခက်မယ်။ လူကြီးတွေနဲ့ ကလေးတွေကြားထဲမှာ နားလည်မှု၊ ယုံကြည်မှုနဲ့ ပူးပေါင်းဆောင်ရွက်ပြီး ဒီပြဿနာကို ဖြေရှင်းနိုင်မှာပါ။

"ကျွန်မတို့က ပြည်ထောင်စုဆိုတော့ တိုင်းရင်းသားလူမျိုးပေါင်းစုံရှိတယ်။ တော်တော်များများ စစ်ဖြစ်နေတဲ့ဒေသတွေဟာ နယ်စပ်ဒေသတွေဖြစ်နေတယ်။ နယ်စပ်ဒေသတွေမှာဖြစ်နေတယ်ဆိုတော့ စီးပွားရေးကိုထိခိုက်တယ်။ နိုင်ငံစီးပွားရေးကို ထိခိုက်တယ်။ တခြားနိုင်ငံတွေရဲ့ ဆက်ဆံရေးကိုလည်း ထိခိုက်တယ်။

"ကျွန်မတို့ရဲ့ ပြည်သူပြည်သားများဟာ ရတနာဆိုတာကို အားလုံးသဘောပေါက်ရမယ်။ တစ်ယောက်ချင်းကလည်း ကိုယ်ကိုယ်တိုင်က ရတနာဖြစ်သလို ကိုယ့်ဘေးပတ်ဝန်းကျင်မှာရှိတဲ့ တခြားကိုယ့်ရဲ့ နိုင်ငံသူ နိုင်ငံသားများဟာလည်း ရတနာတွေပဲ။ အဲဒီဟာကို ပြုစုပျိုးထောင်ဖို့အရေးကြီးပါတယ်။ နိုင်ငံချမ်းသာမှ ပညာရေးတိုးတက်မယ်မဟုတ်ဘူး၊ ဒီနှစ်ခုက အမြဲတမ်းဒွန်တွဲရမယ်၊ ပညာရေးတိုးတက်ခြင်းအားဖြင့်လည်း နိုင်ငံကိုချမ်းသာအောင်လုပ်နိုင်မယ်၊ တစ်ခုပြီးမှ တစ်ခုမဟုတ်ဘူး။ တစ်ခါတည်းလုပ်သွားမှဖြစ်မယ်။ ချမ်းသာတဲ့အထိ စောင့်ပြီးတော့မှ ပညာရေးစနစ်ကို ပြုပြင်လို့မဖြစ်ဘူး။ တတ်နိုင်သလောက် တတ်နိုင်သလောက် လုပ်သွားရမယ်။

"ကျွန်မတို့နိုင်ငံက စိုက်ပျိုးရေးကိုအခြေခံတဲ့ နိုင်ငံဖြစ်ပါတယ်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာကလည်း စိုက်ပျိုးရေးက အင်မတန်မှ အရေးကြီးပါတယ်။ တချို့က လက်မှုလယ်ယာကနေ စက်မှုလယ်ယာပြောင်းသွားတယ်။ စက်မှုလယ်ယာပြောင်းသွားတယ်ဆိုတာကလည်း စိုက်ပျိုးရေးကဏ္ဍကို ပံ့ပိုးဖို့ပါပဲ။ စိုက်ပျိုးရေးကဏ္ဍ ပျောက်ကွယ်သွားအောင် လုပ်ဖို့မဟုတ်ပါဘူး။

စာမျက်နှာ ၅ သို့ »»



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ပခုက္ကူမြို့နယ် ချောက်ကန်ကျေးရွာ၌ ကျင်းပသည့် ဒေသခံပြည်သူများစကားဝိုင်းဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

»» စာမျက်နှာ ၄ မှ

"ခိုင်းနွားတွေကို ရောင်းလိုက်မယ်ဆိုရင် တောင်သူလယ်သမားတွေအတွက် ပြဿနာရှိတယ်။ သို့သော် တရားဝင်လုပ်ရတဲ့အကြောင်းရင်းက ခိုးပြီးရောင်းတဲ့အတွက် ဘယ်ဘက်ကမှ အကျိုးမရှိဘူး။ တရားဝင် ဘောင်ဝင်အောင်လို့ လုပ်လိုက်တဲ့ သဘောပါ။ နွားတွေအားကိုးမှုတွေကို ကျဆင်းလာအောင်လည်း လုပ်ရမယ်။ တောင်သူတွေအနေနဲ့ လယ်ယာသုံးစက်တွေကို တတ်နိုင်တဲ့အခြေအနေဖြစ်အောင် လုပ်ဖို့လည်းလိုတယ်။

"မှန်ကန်တဲ့ပိုင်ရှင်တွေဆီကို လယ်ယာမြေတွေ ပြန်လည်ရအောင်လုပ်ဖို့ဆိုရင် ပြဿနာတွေကအမျိုးမျိုးပါ။ သိမ်းထားတဲ့သူတွေက ပြန်မပေးချင်တဲ့ပြဿနာ၊ ပြန်ပေးဖို့သဘောတူညီပြီး သက်ဆိုင်ရာဌာနတွေက မြန်မြန်ဆန်ဆန် မှန်မှန်ကန်ကန် မလုပ်နိုင်တဲ့ပြဿနာ၊ လယ်ယာမြေတွေကို ပြန်လည်ရပိုင်ခွင့်ရှိပါတယ်ဆိုပြီး လျှောက်တဲ့ပြည်သူတွေအားလုံးကလည်း ရိုးသားတာတော့ မဟုတ်ပါဘူး။ ရပိုင်ခွင့်မရှိဘဲ တောင်းတဲ့သူတွေလည်း ရှိတယ်။ တကယ်ရပိုင်ခွင့်ရှိတဲ့သူတွေအတွက် ရှုပ်ထွေးကုန်ပါတယ်။ ရှုပ်ထွေးမှုတွေကို ရှောင်ဖို့ဆိုရင် အားလုံးက မှန်ကန်ဖြောင့်မတ်ဖို့လိုတယ်။

## တပည့်တွေအရည်အချင်းသိဖို့ အရေးအကြီးဆုံး

ကျောင်းဆရာမလုပ်ဖို့ ပညာသင်နေတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဆိုတော့ မေးခွန်းတစ်ခုမေးချင်တယ်။ ဒါကတော့ တစ်ခါတုန်းက ဆရာမကြီးတစ်ယောက်က မေးဖူးတဲ့ မေးခွန်းပါ။ "မောင်ဖြူကို သင်္ချာသင်ပေးချင်တယ်ဆိုရင် သမီး ပထမဦးဆုံး ဘာသိဖို့လိုသလဲ" ဆိုတာပါ။

တကယ်တော့ ကျောင်းသားကိုသိဖို့ အဓိကပဲ။ ကိုယ့်ကိုယ်ကိုယ် သိဖို့မဟုတ်ဘူး။ ကိုယ်သင်တဲ့ဘာသာကို သိဖို့လည်း မဟုတ်ဘူး။ ကိုယ့်ရဲ့အရည်အချင်းကိုလည်း သိဖို့မဟုတ်ဘူး။ ကျောင်းသားကို သိဖို့ပဲဆိုပြီး ဆရာမကြီးက ပြောပါတယ်။ ကျောင်းသားအကြောင်းသိမှ ဒီကျောင်းသားကို ကိုယ်သင်ပေးချင်တဲ့ ပညာရအောင်လုပ်ပေးနိုင်မှာ ဖြစ်ပါတယ်။

အခုဒီပညာရေးစနစ်ကိုလည်း ပြောင်းဖို့ကြိုးစားနေပါတယ်။ အလွတ်ကျက်တဲ့စနစ်ကို အားမပေးချင်ဘူး။ ဒါပေမယ့် အခုအထိ အတိုင်းအတာတစ်ခုအထိတော့ စာမေးပွဲမှာ အမှတ်ရရေးဟာ အလွတ်ကျက်တာနဲ့ ဆိုင်နေတဲ့အတွက် မှတ်ဉာဏ်ကောင်းတဲ့ကလေးတွေက အလေးသာတယ်။ ဒီကလေးတစ်ယောက်ဟာ မှတ်ဉာဏ်မကောင်းဘဲ တခြားသူတွေ နာရီဝက်နဲ့ ကျက်ရတဲ့ဟာကို သူ့မှာ ၄၅ မိနစ်၊ မိနစ် ၅၀ ကျက်ရတယ်ဆိုပေမယ့် သူစိတ်ထား ပိုကောင်းရင်ကောင်းမယ်။ လူမှုရေးမှာ ပိုကောင်းရင်ကောင်းမယ်။ သူ့ရဲ့သူငယ်ချင်းတွေကြားထဲမှာ ပြဿနာဖြစ်ရင် သူဖြေရှင်းပေးနိုင်တဲ့ အရည်အချင်းတွေရှိရင်ရှိမယ်။ အဲဒီလိုပဲ ဆရာ ဆရာမ တစ်ယောက်အတွက် ကိုယ့်ရဲ့တပည့်တွေရဲ့ အရည်အချင်းကိုသိဖို့ဆိုတာ အရေးအကြီးဆုံးပဲ။ ဒါမှ ဒီတပည့်တွေအတွက် အကောင်းဆုံးဖြစ်လာမှာပါ။

## ဖွံ့ဖြိုးတိုးတက်မှု အကျိုးတစ်ရပ်

"အခု မြို့တွေကျယ်လာလို့ဆိုတာတော့ အဲဒါကြောင့်လို့တော့ ပြောလို့မရပါဘူး။ သို့သော်ငြားလည်း လယ်ယာမြေကို ကြိုက်သလို တခြားဟာအတွက် သုံးလို့မရပါဘူး။ ဒါလည်းစည်းမျဉ်း၊ စည်းကမ်း ဥပဒေရှိတယ်ဆိုတာလည်း သိပြီးသားဖြစ်မှာပါ။ ဥပဒေနဲ့ မကိုက်ညီဘဲနဲ့ လယ်ယာမြေကို တိုက်ဆောက်လိုက်လို့လည်း မရပါဘူး။ ဒါကြောင့် အဲဒီလိုမရအောင် လုပ်ထားတဲ့ ဥပဒေကိုလည်း တချို့က ဒါနဲ့ပြောင်းပြန်မြင်တဲ့လူတွေ ရှိတယ်။ တချို့က ဘယ်လိုမြင်သလဲဆိုတော့ ဘာဖြစ်လို့ တောင်သူလယ်သမားတွေ သူဌေးဖြစ်တာကို မမြင်စေချင်လို့၊ သူတို့လယ်တွေကို သူတို့ဟာသူတို့ ရောင်းခွင့်ကို လွတ်လွတ်လပ်လပ် မပေးထားတာလဲဆိုပြီးတော့ မေးတဲ့လူတွေရှိတယ်။ အဲဒီလို လွတ်လွတ်လပ်လပ် မပေးရခြင်းအကြောင်းက ခုနကပြောသွားတဲ့ကိစ္စပဲ။ ကျွန်မတို့ဟာ စိုက်ပျိုးရေးကို အခြေခံတဲ့ နိုင်ငံ၊ အထူးသဖြင့် စပါးနဲ့ပတ်သက်ရင် ကျွန်မတို့နိုင်ငံသူ နိုင်ငံသားတွေဟာ ဆန်စားတဲ့ပြည်သူတွေဖြစ်တယ်။ အဲဒီတော့ ဆန်လုံလုံလောက်လောက် ထုတ်နိုင်အောင်လို့ဆိုတာကို ဦးတည်ပြီးတော့ ဒီလို ဥပဒေတွေကို ထုတ်ခဲ့ရတာဖြစ်ပါတယ်။ ခေတ်နဲ့အညီတော့ ပြောင်းဖို့တော့လိုမှာပါ။ မြို့ကြီးတွေက မကျယ်လာပါနဲ့လို့တော့ ပြောလို့မရပါဘူး။ ကျယ်လာမှာပဲ။ ဒါကတော့ ဖွံ့ဖြိုးတိုးတက်မှုရဲ့ အကျိုးတစ်ရပ်ပါ။ အကောင်းလည်းရှိတယ်။ အဆိုးလည်း ရှိတယ်။

"ငြိမ်းချမ်းရေး မရှိတဲ့အခါကျရင် အမျိုးသမီးနဲ့ ကလေးတွေ ဒုက္ခရောက်တယ်ဆိုတာကို ပြောသွားတယ်။ အဲဒါကို သဘောကျတယ်။ အားလုံးပဲပြောကြပါတယ်။ နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခုမှာ ငြိမ်းချမ်းရေးမရှိရင်၊ စစ်မက်တွေဖြစ်နေရင် ဒုက္ခအခံရဆုံးက ကလေးတွေနဲ့ အမျိုးသမီးတွေပဲ။ ဒါကြောင့် အမျိုးသမီးတွေက ငြိမ်းချမ်းရေးအတွက်ကို ထဲထဲဝင်ဝင်လုပ်ဖို့လိုတယ်။ ဘာဖြစ်လို့ ဒုက္ခခံရမယ့်ကိစ္စတွေကို အမျိုးသားတွေက လုပ်နေရသလဲဆိုတဲ့ အဲဒီမေးခွန်းကို မေးရဲရမယ်။ အဲဒီမေးခွန်းရဲ့အဖြေကို မဖြစ်မနေပေးရမယ်ဆိုပြီး အမျိုးသားတွေကို ပညာပေးရလိမ့်မယ်။ တကယ်ပဲ ငြိမ်းချမ်းရေးလိုချင်တယ်ဆိုရင် နေ့ချင်းညချင်းရအောင်လုပ်လို့ရတယ်။

## အရည်အချင်းဖြည့်ပေး

"ပြောရမယ်ဆိုရင် ဆရာ ဆရာမတွေ တော်တော်များများက ကောင်းမွန်တဲ့ပညာရေးစနစ်ကို မမီခဲ့ဘူး။ အခုကောင်းမွန်တဲ့ပညာရေးစနစ် ထူထောင်ဖို့ဆိုတော့ ဆရာ ဆရာမတွေရဲ့ အရည်အချင်းကိုပါ တစ်ခါတည်းဖြည့်ပေးနေရတယ်။ ကျောင်းသားတွေကိုပဲ အာရုံစိုက်ပြီး ကြည့်လို့မရဘူး။ ဆရာ ဆရာမတွေကိုလည်း ကြည့်ရတယ်။ ဆရာ ဆရာမတွေကို အရည်အချင်းဖြည့်ပေးဖို့ဆိုတာ ဒါလည်း လွယ်တဲ့ကိစ္စမဟုတ်ဘူး။

"မကြာခင်က ကျွန်မ ပေတောကျေးရွာလေးကို သွားခဲ့တယ်။ အဲဒီမှာ မူလတန်းကျောင်းလေးကို သွားကြည့်တဲ့အခါ အဲဒီကျောင်းလေးကထူးခြားတယ်။ ထူးခြားတယ်ဆိုတာက ကျောင်းဆရာက သုံးယောက်ရှိတယ်။ ဆရာမက နှစ်ယောက်ရှိတယ်။ ဒါဆိုရင် ဒီနိုင်ငံမှာ ထူးခြားတာပဲ။ တော်တော်များများ ကျောင်းတွေမှာဆိုရင် ဆရာဆိုရင် မှုးလို့မှရှာစရာ ဘယ်မှာမှရှာမတွေ့ဘူး။ ဆရာမတွေချည်းပဲ။ အဲဒီကျောင်းမှာ ကျောင်းဆရာက သုံးယောက်ရှိတယ်။ ဆရာမက နှစ်ယောက်ရှိတယ်။ ဒါထက်ပိုပြီး သဘောကျတာက ဘာလဲဆိုတော့ ကလေးတွေက လုံးဝရှက်တာ၊ ကြောက်တာမရှိဘူး။ မေးလို့ရှိရင် ဖြေတာပဲ၊ ဘာတတ်သလဲမေးလို့ရှိရင် ခပ်အေးအေးရွတ်ပြတာပဲ။ သူတို့ကိုသူတို့ ယုံကြည်မှုရှိတဲ့ပုံပေါ်တယ်။ အဲဒါက အရေးကြီးဆုံးပဲ။

## တကယ့်ပညာတတ်

"ပညာသင်တယ်ဆိုတာ ကလေးတွေဟာ သိချင်စိတ်၊ စူးစမ်းဆင်ခြင်တတ်ရုံတင်မဟုတ်ဘူး။ သိချင်တတ်ချင်စိတ်ရှိဖို့က အရေးကြီးတယ်။ ကလေးလေးတစ်ယောက်ဟာ သိချင်တတ်ချင်စိတ် ရှိပြီဆိုရင် သူ့ဘာသာသင်ယူမှာပဲ။ ငယ်ငယ်တုန်းက ကျောင်းစာထဲမှာ ပုံပြင်တစ်ခုသင်ရတယ်။ ဒါကတော့ ဆရာကို မရိုသေတာနဲ့ ပတ်သက်လို့ပါ။ ဆရာကိုအာခံရင် အာခေါင်ကို လျှံစူးတယ်ဆိုတယ်။ အဲဒီမှာ လူတစ်ယောက်က ငှက်ကိုကြည့်ပြီးတော့ ပညာရှာတာပဲ။ ငှက်ရဲ့ လုပ်ပုံလုပ်နည်းကို ကြည့်ပြီးတော့ သူပညာရပ်တစ်ခုကို ရအောင်လုပ်တာပဲ။ သင်ယူချင်ရင် အချိန်မရွေးသင်ယူနိုင်တယ်။ လောကကြီးမှာ ကိုယ့်ဘေးမှာဖြစ်နေပျက်နေတဲ့ ကိစ္စတွေကို နိစ္စဓူဝ လေ့လာပြီးတော့ ပညာတွေအများကြီးရနိုင်တယ်။ အဲဒီစိတ်ဓာတ်ကို လူငယ်တွေ၊ ကျောင်းသား ကျောင်းသူတွေရဲ့ စိတ်အတွင်းမှာ၊ နှလုံးသားထဲမှာ စွဲသွားအောင်လို့ လုပ်ပေးဖို့လိုတယ်။ အဲဒီလိုဆိုရင် ပညာတတ်သွားပြီ၊ ပညာရှာတတ်သွားမှ တကယ့်ပညာတတ်လို့ခေါ်တယ်။ ကိုယ့်ဘာသာ ကျောင်းခန်းအပြင်ဘက်မှာ ပညာရှာတတ်သွားတဲ့သူဟာ ပညာတတ်ပဲ။ ကျောင်းခန်းအပြင်ဘက်ရောက်လို့မှ ကျောင်းခန်းထဲက ပညာကလွဲလို့ ဘာမှမတတ်ဘူးဆိုရင် ပညာတတ်လို့သတ်မှတ်ရမှာ အင်မတန်မှခက်ပါတယ်။ အဲဒီတော့ ဝိုင်းဝန်းပြီးဆွေးနွေးပေးလို့ ကျေးဇူးတင်ပါတယ်" ဟု ပြောကြားသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက မိမိတို့အနေဖြင့် ဆေးရုံကြီးဆောက်ရန်ရှိပါကြောင်း၊ ဆရာဝန်များဖြည့်ဆည်းရန်လည်း အဓိကဖြစ်ပါကြောင်း၊ ခုတင် ၅၀ တွင် ၈၆ ယောက်မှ ၁၀၁ ယောက်အထိ တိုးရမည်ဖြစ်ပါကြောင်း၊ ကြားဖြတ်အစီအစဉ်အနေဖြင့် ဆရာဝန်များ ပို့ပေးမည်ဖြစ်ပါကြောင်း၊ ဆရာဝန်များခန့်ရန် အစိုးရအဖွဲ့ကလည်း သဘောတူပြီးဖြစ်ပါကြောင်း၊ အတွေ့အကြုံရှိသည့် ရန်ကုန်ဆေးရုံကြီးနှင့် မန္တလေးဆေးရုံကြီးများမှ နှစ်နှစ်၊ သုံးနှစ်ကျော်သည့်သူများကို ပို့ပေးမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးများကို မိမိတိုင်းဒေသကြီးနှင့် ပြည်နယ်တိုင်းတွင်ရှိသော ဆေးရုံတိုင်းကို ခုတင်တိုးရန် လိုအပ်မှု ရှိ၊ မရှိ ဆန်းစစ်ရန် လမ်းညွှန်ထားပြီးဖြစ်ပါကြောင်း။

## ဘဏ္ဍာငွေတိုးပြီးလုပ်ရန်ရှိ

လာမည့်နှစ်တွင် ဘဏ္ဍာငွေတိုးပြီးလုပ်ရန်ရှိပါကြောင်း၊ အဓိကအနေဖြင့် ဆရာဝန်များရောက်အောင် လွှတ်ပေးမည်ဖြစ်ကြောင်း၊ ဝန်ထမ်းအိမ်ရာများနှင့် ပတ်သက်ပြီး ၂၀၁၈-၂၀၁၉ ဘတ်ဂျက်တွင် ငွေကျပ် ၂၆၉ ဘီလီယံသုံးစွဲပြီး ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်သွားမည်ဖြစ်ပါကြောင်း ဖြည့်စွက်ဆွေးနွေးသည်။

မကွေးတိုင်းဒေသကြီး စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေးက မိမိကိုယ်တိုင် တောင်သူတစ်ဦးဖြစ်ပါကြောင်း၊ မကွေးတွင် ဆီထွက်ဖြစ်သည့် မြေပဲ၊ နှမ်းတို့ကို နှစ်တိုင်းစိုက်ပါကြောင်း၊ ရှုံးနေသည်မှာ နှစ်နှစ်၊ သုံးနှစ်ရှိပြီဖြစ်ပါကြောင်း၊ မကွေးတွင်လည်း စိုက်ပျိုးရေးသုတေသနခြံရှိပါကြောင်း၊ တောင်သူများ မျိုးကောင်းမျိုးသန့်ရရှိရေး၊ ရာသီဥတုဒဏ်ခံနိုင်သည့် မျိုးစိတ်များရရှိရေး သုတေသနလုပ်ရန် သုတေသနခြံကို အမြဲညွှန်ကြားပါကြောင်း၊ ယခင်စိုက်ပျိုးသည့်အချိန်က မျိုးများကို ပွဲရုံမှာတင် ဝယ်ကြပါကြောင်း၊ စိုက်ပျိုးရေးသုတေသနခြံက ဝယ်ရသည်ကို သိရှိသူအနည်းငယ်သာ ရှိပါကြောင်း၊ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးနိုင်သည့် အနေအထားမရှိသေးပါကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးမှူးနှင့် ညှိနှိုင်းပြီး ယခုကြိုးစားထားပါကြောင်း။

## ကြိုးစားဆောင်ရွက်နေ

စိုက်ပျိုးရေးချေးငွေကိစ္စတွင် ယခင်ကကျပ် နှစ်သောင်းသာရပါကြောင်း၊ ယခု ငါးသောင်းဆိုသည်မှာ တစ်ဧကကို ၂၀ ရာခိုင်နှုန်းခန့်သာရှိပါကြောင်း၊ တစ်ဧက အမှန်တကယ် သုံးသိန်းခန့်ကုန်ကျပါကြောင်း၊ ခိုင်းကျွဲနွားများကို ရောင်းချရာတွင် ယနေ့အထိ မကွေးတိုင်းဒေသကြီးတွင် မိမိသိသလောက် အကောင်ရေ ၁၇၀၀၀ ကျော်ခန့် ကုမ္ပဏီပေါင်း ၁၇၀ ကနေ တင်ပို့ပြီးဖြစ်ပါကြောင်း၊ တရားဝင်သွားခြင်းဖြစ်ပါကြောင်း၊ တရားမဝင်သွားသည်များရှိသည်ဟု ကြားသိနေရပါကြောင်း၊ ယင်းအတွက် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းပြီး တတ်နိုင်သလောက်ထိန်းချုပ်ရန် ကြိုးစားနေပါကြောင်း၊ သိမ်းဆည်းခံလယ်မြေများကို မူလတောင်သူများထံ ပြန်လည်ပေးနိုင်ရေး မိမိတို့ မြေသိမ်းကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းပြီး ကြိုးစားဆောင်ရွက်နေပါကြောင်း ဖြည့်စွက်ဆွေးနွေးသည်။

ရေစကြိုမြို့နယ် ဆန်းသစ်ကျေးရွာ ဘုန်းတော်ကြီးကျောင်း ကျောင်းထိုင်ဆရာတော် ဦးခေမာစာရက လယ်ယာမြေကိစ္စနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ပခုက္ကူစက်မှုဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ထင်က ပခုက္ကူစက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြေခံပညာအဆောက်အအုံ လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ပခုက္ကူမြို့နယ် ပုဂ္ဂလိကမော်တော်ယာဉ်လိုင်းများ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်ထွေးက အဝေးပြေးယာဉ်ရပ်နားစခန်း ဆောင်ရွက်ပေးနိုင်ရေးနှင့် စပ်လျဉ်း၍ လည်းကောင်း မေးမြန်းရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုတို့က ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် အွန်လိုင်းမှတစ်ဆင့် မေးမြန်းသည့် မေးခွန်းသုံးခုကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြန်လည်ဖြေကြားသည်။

**မင်းရသ၏ မေးခွန်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က** "ကျွန်မပြောချင်တာက ပြည်သူတွေက ငြိမ်းချမ်းရေးလိုချင်တယ်ဆိုတာကို သေသေချာချာ သက်ဆိုင်တဲ့ပုဂ္ဂိုလ်တွေသိအောင် အသံထွက်ပြီး အသိပေးကြရပါလိမ့်မယ်။ ပြည်သူတွေက ငြိမ်းချမ်းရေးလိုချင်တယ်။ ငြိမ်းချမ်းရေးမလိုချင်တာက


**စာမျက်နှာ ၆ သို့** ✽

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ဝန်ကြီးအဆင့် ဒေသခွဲအစည်းအဝေးတက်ရောက်ရန် အင်ဒိုသို့ သွားရောက်ခဲ့

**နေပြည်တော် ဩဂုတ် ၉**

အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ဝန်ကြီးအဆင့် ဒေသခွဲအစည်းအဝေးသို့ တက်ရောက်ရန် ဩဂုတ် ၅ ရက်မှ ၉ ရက်အထိ အင်ဒိုနီးရှားနိုင်ငံသို့ သွားရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် လွန်ဘော့ခ်မြို့၌ ရောက်ရှိစဉ်အတွင်း ဩစတြေးလျနိုင်ငံ ပြည်ထဲရေးဝန်ကြီး မစ္စတာ ပီတာဒက်တွန်နှင့်လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံ နိုင်ငံရေး၊ ဥပဒေရေးရာနှင့် လုံခြုံရေးဆိုင်ရာ ညှိနှိုင်းရေးဝန်ကြီး မစ္စတာဝီရန်တိုနှင့်လည်းကောင်း သီးခြားစီတွေ့ဆုံခဲ့ပြီး ဒေသတွင်း ကြီးထွားလာနိုင်ဖွယ်ရှိသော အကြမ်းဖက်မှုအန္တရာယ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည့်အပြင် ရခိုင်ပြည်နယ်ဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို အသိပေးပြောကြားခဲ့သည်။



**ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း အင်ဒိုနီးရှားနိုင်ငံ နိုင်ငံရေး၊ ဥပဒေရေးရာနှင့် လုံခြုံရေးဆိုင်ရာ ညှိနှိုင်းရေးဝန်ကြီး မစ္စတာဝီရန်တိုနှင့် တွေ့ဆုံစဉ်။**

ဩဂုတ် ၅ ရက် ညပိုင်းတွင် လွန်ဘော့ခ်မြို့၌ လှုပ်ခတ်ခဲ့သည့် အင်အားပြင်းမြေငလျင်ကြောင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ဝန်ကြီးအဆင့် ဒေသခွဲအစည်းအဝေးကို ရွှေ့ဆိုင်းခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဂျကာတာမြို့တွင် အင်ဒိုနီးရှား ရဲတပ်ဖွဲ့အကြီးအကဲ ရဲဗိုလ်ချုပ်ကြီး တီတို ကာမာဗီယန်နှင့် တွေ့ဆုံခဲ့ပြီး အင်ဒိုနီးရှား Mobile Brigade Corps (MBC)နှင့် Police Science College တို့သို့ သွားရောက်လေ့လာခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးအား အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး မစ္စစ် ရတ်နိုမာဆူဒီက အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးဌာန၌ တည်ခင်းသည့် အလုပ်သဘောနံနက်စာစားပွဲတွင် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ ပြည်ထောင်စုဝန်ကြီးက နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့်ပတ်သက်၍ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံသဘောတူ စာချုပ်များနှင့် မြန်မာအစိုးရနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများအကြား လက်မှတ်ရေးထိုးထားသည့် နားလည်မှုစာချွန်လွှာ အကောင်အထည်ဖော်ဆောင်ရွက်မှုများအပါအဝင် ရခိုင်ပြည်နယ် အရေးကိစ္စရပ်များကို အသိပေးခဲ့သည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးက ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌအနေဖြင့် အင်ဒိုနီးရှားစီးပွားရေးလုပ်ငန်းရှင်များနှင့် အင်ဒိုနီးရှား ကုန်သည်ကြီးများအသင်း၌ တွေ့ဆုံ၍ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၊ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို အသိပေးရှင်းလင်းခဲ့ရာ အင်ဒိုနီးရှား စီးပွားရေးလုပ်ငန်းရှင်များကလည်း မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပြုလုပ်သွားရန်နှင့် လက်ရှိစီးပွားရေးလုပ်ငန်းများကို တိုးချဲ့သွားရန် အထူးစိတ်ဝင်စားကြောင်း ဖော်ပြခဲ့ကြသည်။

**သတင်းစဉ်**

---

❁ စာမျက်နှာ ၅ မှ

ဘယ်သူတွေလဲဆိုတာ ပြည်သူတွေသိဖို့လိုပါတယ်။ ဒါကြောင့် ငြိမ်းချမ်းရေးလိုချင်တဲ့ ပြည်သူတွေအားလုံး စည်းစည်းလုံးလုံးနဲ့ တစ်သံတည်းထွက်ပြီး ကိုယ်လက်လှမ်းမီရာ လက်လှမ်းမီရာ ငြိမ်းချမ်းရေးအတွက် သဲတစ်ပွင့် အုတ်တစ်ချပ် ငြိမ်းချမ်းရေးဗိမာန်ကြီးကို တည်ဆောက်ရေးအတွက် ပံ့ပိုးကြပါ။ တစ်ဦးနဲ့ တစ်ဦး တွန်းအားပေးနိုင်ရင် အများကြီး ခရီးရောက်မှာ ဖြစ်ပါတယ်။

"ဒီလိုငြိမ်းချမ်းရေးစကားဝိုင်းတွေ လုပ်ရတာ ပင်ပန်းတယ်လို့ မထင်ပါဘူး။ ဒီလိုစကားဝိုင်းတွေနဲ့မှ ပြည်သူတွေနဲ့ ထိတွေ့မှုရှိတာပါ။ ဒီလိုလာရတာ ကျွန်မအတွက် စိတ်ချမ်းသာပါတယ်။ ပြည်သူတွေအနေနဲ့လည်း ကျွန်မတို့ရဲ့လုပ်ငန်းတွေကို ပံ့ပိုးမယ်ဆိုတာ ယုံကြည်ပါတယ်"ဟု ဖြေကြားသည်။

**ကျော်ဇောအောင်၏ မေးခွန်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က** "ကျွန်မသက်သာအောင်လို့ ဝန်ကြီးတွေနဲ့ ပြည်နယ်၊ တိုင်းတွေမှာ ထိတွေ့မှုတွေ လုပ်ပေးပါဆိုတာ ကောင်းပါတယ်။ ဒါပေမယ့် ဝန်ကြီးတွေပြောတာ မဟုတ်ရင် ကျွန်မ ပိုပင်ပန်းတာမျိုးတော့ မဖြစ်စေချင်ပါဘူး။ ဒီလိုစကားဝိုင်းတွေ လိုလားတယ်ဆိုရင် ကျွန်မအနေနဲ့ ဝန်ကြီးတွေကို ကန့်သတ်ထားမှာ မဟုတ်ပါဘူး။ ကိုယ့်ရဲ့သက်ဆိုင်ရာ ကဏ္ဍအရ ပြည်သူတွေနဲ့ထိတွေ့ပြီး ဆွေးနွေးပွဲတွေ လုပ်နိုင်ဖို့အတွက် ကျွန်မစဉ်းစားပါ့မယ်"ဟု ဖြေကြားသည်။

**ကျော်ငြိမ်းသန့်၏ မေးခွန်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က** "ကျွန်မတို့အနေနဲ့ အလုပ်တစ်ခုကို လုပ်မယ်ဆိုရင် အစီအစဉ်နဲ့တင် မကဘူး လုပ်ကိုလုပ်ပါတယ်။ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းအနေနဲ့ ရွှေ့လျားစာကြည့်တိုက်တွေ လုပ်နေတာ တစ်နိုင်ငံလုံးမှာ ပြန့်သွားပါပြီ။ ပထမဆုံးစတာကတော့ ကျွန်မရဲ့မြို့နယ် ကော့မှူးမြို့နယ်က စတာပါ။ ရွှေ့လျားစာကြည့်တိုက် စလုပ်တဲ့နေ့မှာပဲ ရှိတဲ့စာအုပ်တွေအားလုံး ငှားဖြစ်သွားတယ်။ ဒါကြောင့် အားတက်သွားတယ်။ ပြည်သူတွေဟာ စာဖတ်ချင်တယ်။ စာအုပ်မရှိလို့သာ မဖတ်ရတာကို သဘောပေါက်သွားတဲ့အတွက် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းကနေ ရွှေ့လျားစာကြည့်တိုက်တွေကို အောင်အောင်မြင်မြင်နဲ့ တိုင်းနဲ့ပြည်နယ် အနှံ့အပြားမှာ ရှိလာပါပြီ။ နောက်ဆို ပြန်ကြားရေးဝန်ကြီးဌာနနဲ့ ပညာရေးဝန်ကြီးတို့ ပူးပေါင်းပြီး ကျောင်းတွေ၊ မြို့တွေမှာ ရှိနိုင်ဖို့ ကြိုးစားသွားပါမယ်။ အခုစပြီး လုပ်နေပါပြီ။

ကျွန်မတို့ ပြည်သူ ပြည်သားများဟာ စာဖတ်ဝါသနာပါနိုင်တဲ့ အခြေခံဗီဇရှိတယ်ဆိုတာကို မြင်ရပါတယ်။ ကလေးတွေကို ငယ်ငယ်ကတည်းက စာဖတ်နိုင်ဖို့ လူကြီးတွေက အားပေးရမယ်။ အခုတစ်ကမ္ဘာလုံးမှာ ဖြစ်နေတာက ကလေးတွေက ငယ်ငယ်ကတည်းက ဖုန်းတွေကိုင်တဲ့အခါ ကျတော့ စာဖတ်တဲ့ အလေ့အကျင့် မရှိတော့ဘူး။ စာအုပ်တစ်အုပ်ဖတ်တယ်ဆိုတာ စာအုပ်ထဲမှာ အာရုံစူးစိုက်ရတယ်။ အတွေးအခေါ်တွေလည်း အများကြီးပေါ်လာတယ်။ အထူးသဖြင့် လူငယ်တွေကို စာဖတ်တဲ့ အလေ့အကျင့် ရှိစေချင်တယ်။ မိဘတွေကလည်း အားပေးရုံတင်မကဘူး လက်တွေ့ကျကျ ကူညီပေးဖို့လိုတယ်"ဟု ဖြေကြားသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နိဂုံးချုပ် အမှာစကားပြောကြားရာတွင် ကိုယ်တကယ်လုပ်ချင်တဲ့ အလုပ်တစ်ခုကို လုပ်ရင်တော့ အပင်ပန်းခံနိုင်ရမယ်။ ကျွန်မတို့နိုင်ငံမှာ ငြိမ်းချမ်းရေး တည်ဆောက်ချင်ရင် အားလုံး အပင်ပန်းခံနိုင်ရမယ်။ အမြဲတမ်း ကိုယ်လိုချင်တာကိုပဲ ကြည့်နေမယ်၊ ကိုယ်သက်သာသလိုပဲ နေမယ်ဆိုရင်တော့ ကျွန်မတို့နိုင်ငံ တိုးတက်မှာ မဟုတ်ဘူး။ ငြိမ်းချမ်းရေးကိုလည်း အမြန်ရမှာ မဟုတ်ဘူး။ ငြိမ်းချမ်းရေးရခြင်းအားဖြင့် ဆယ်စုနှစ်ပေါင်းများစွာ ဒုက္ခခံခဲ့ရတဲ့ ကျွန်မတို့ရဲ့ ပြည်ထောင်စုသား ညီအစ်ကိုမောင်နှမများကို ကူညီနိုင်မှာဖြစ်တယ်။ သူတို့ရဲ့ဘဝတွေ လှပအောင် တည်ဆောက်ပေးနိုင်မှာဖြစ်ပါတယ်။ လူတစ်ဦးတစ်ယောက်ရဲ့ ကိုယ်ကလွဲလို့ တခြားလူတစ်ဦးတစ်ယောက်ရဲ့ဘဝကို လှပအောင် တည်ဆောက်ပေးနိုင်တယ်ဆိုတာ အင်မတန်မှကြီးမားတဲ့ ကုသိုလ်ပါ။ ကျွန်မတို့ နိုင်ငံသူ နိုင်ငံသားအားလုံးရဲ့ ဘဝတွေကို လှပအောင် တည်ဆောက်ပေးနိုင်တယ်ဆိုရင် တစ်သက်တာ မကုန်နိုင်တဲ့ စိတ်ချမ်းသာမှုတွေ ရမှာပါ။ တကယ်စိတ်သောကဖြစ်နေတဲ့အချိန်၊ ကိုယ်က ဒုက္ခရောက်နေတဲ့အချိန်မှာ ကိုယ်တစ်ချိန်တစ်ခါက ဘယ်သူတွေအတွက် စိတ်ချမ်းသာမှုရှိအောင်၊ ဘယ်သူတွေရဲ့ဘဝ လှပအောင် လုပ်ခဲ့တယ်ဆိုတာကို အဲဒီအတွေးတွေ ပြန်တွေးလိုက်ရင် ရင်ဆိုင်ရတဲ့ ဒုက္ခတွေ၊ ကိုယ်ပတ်သက်နေတဲ့ပြဿနာတွေဟာ ခံသာလာတယ်၊ ကျော်လွှားနိုင်တဲ့ အရည်အချင်းတွေလည်း တက်လာပါတယ်။ ငြိမ်းချမ်းရေးရရှိဖို့အတွက် တစ်ဦးချင်းတစ်ဦးချင်းမှာ ကိုယ်လုပ်နိုင်တာ ဘာလေးရှိတယ်ဆိုတာ စဉ်းစားပါ။ ငါမလုပ်နိုင်ပါဘူးဆိုတာ ဘယ်တော့မှ မရှိဘူး။ အနည်းဆုံးအားဖြင့် ကိုယ့်မိတ်ဆွေ တစ်ယောက်နဲ့ ငြိမ်းချမ်းရေးရဲ့ အရေးပါမှုကို ဆွေးနွေးနိုင်မယ်ဆိုရင် ဒါလည်း ငြိမ်းချမ်းရေးကို အားပေးတာပဲ။ ကျွန်မတို့ ပြည်သူပြည်သားများဟာ ငြိမ်းချမ်းရေးကိုပံ့ပိုးမှု၊ ငြိမ်းချမ်းရေးကို တိုးတက်အောင် ကျွန်မတို့နဲ့ ဝိုင်းဝန်းမှ ကျွန်မတို့နိုင်ငံဟာ မြန်မြန်ဆန်ဆန် တိုးတက်ဖွံ့ဖြိုးနိုင်မယ်။ လူငယ်တွေရဲ့ဘဝလည်း လှနိုင်မယ်။ လူကြီးတွေကလည်း လိပ်ပြာသန့်သန့်နဲ့ ဒီဘဝထဲကနေပြီး ကိုယ့်အချိန်အခါရောက်တဲ့အခါမှာ ထွက်သွားနိုင်မှာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်" ဟု ပြောကြားသည်။



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး**



**မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို**



**ဦးကျော်ထင်**



**ဦးဝင်းမော်ဌေး**



**ဦးမောင်မောင်ထွေး**

အဆိုပါ ငြိမ်းချမ်းရေးစကားဝိုင်းသို့ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ငြိမ်းချမ်းရေးစကားဝိုင်းများကို ၂၀၁၇ ခုနှစ်အတွင်း ငါးကြိမ် ကျင်းပခဲ့ပြီး ၂၀၁၈ ခုနှစ် ဧပြီ ၁၀ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် အမှတ် ၁ အခြေခံပညာ အထက်တန်းကျောင်း၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဒေသခံပြည်သူများ စကားဝိုင်း၊ ၂၀၁၈ ခုနှစ် ဇွန် ၁၄ ရက်တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ မော်လမြိုင်တက္ကသိုလ် ဘက်စုံခန်းမ၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဒေသခံပြည်သူများ၏ ငြိမ်းချမ်းရေးစကားဝိုင်းတို့ကို ကျင်းပခဲ့ပြီး ယခုအကြိမ်သည် ၂၀၁၈ ခုနှစ်အတွင်း သုံးကြိမ်မြောက် ကျင်းပသည့် စကားဝိုင်းဖြစ်သည်။

**သတင်းအဖွဲ့**

---

## မော်တော်ယာဉ်စစ်ရက်ချိန်းရယူခြင်းအား ကြိုတင်စာရင်းသွင်းသည့်စနစ်ကို ဩဂုတ် ၂၀ ရက်မှ စတင်ဆောင်ရွက်ပေးမည်

**နေပြည်တော် ဩဂုတ် ၉**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်ရုံးအသီးသီးတွင် နေ့စဉ်ယာဉ် မှန်၊ မမှန် စစ်ဆေးဆောင်ရွက်ပေးသည့် ယာဉ်စီးရေများပြားလျက်ရှိသဖြင့် လုပ်ငန်းစဉ်များ နှောင့်နှေးကြန့်ကြာမှု မရှိစေရေးအတွက် ယာဉ်စစ်ရက်ချိန်းရယူခြင်းအား ကြိုတင်စာရင်းသွင်းသည့်စနစ်ကို www.rtad.gov.mm Website တွင် ဩဂုတ် ၂၀ ရက်မှ စတင်ဆောင်ရွက်ပေးသွားမည် ဖြစ်သည်။

မော်တော်ယာဉ်မှတ်ပုံတင် မှန်ကန်ခြင်းရှိ၊ မရှိ ယာဉ်စစ်ဆေးခြင်းကို နေ့စဉ် ရုံးဖွင့်ရက်များအတွင်း နှစ်လဲသက်တမ်းတိုး ယာဉ်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးချိန် မွန်းလွဲ ၂ နာရီ နောက်ပိုင်း၊ လစဉ် လဆန်း ၁ ရက်မှ ၂၅ ရက်အတွင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး Online Booking ကို အနည်းဆုံး နှစ်ရက်မှ အများဆုံး ၃၀ ရက်အထိ ကြိုတင်ရယူနိုင်မည်ဖြစ်သည်။ ရုံးဖွင့်ရက် တစ်ရက်လျှင် တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၌ ၂၅ စီး၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၌ ၃၅ စီး၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)၌ အစီး ၅၀၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၌ ၂၅ စီး၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၌ ၃၀ တို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အွန်လိုင်းအသုံးပြုရန် အသေးစိတ်အချက်အလက်များအား www.motc.gov.mm၊ www.myanmarrtad.com၊ www.rtad.gov.mm Website များနှင့် Road Transport Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ မရှင်းလင်းသည်များရှိပါက ရုံးချုပ်(နေပြည်တော်) ၀၆၇-၃၄၀၅၀၉၉၊ တိုင်းဒေသကြီးရုံး(ရန်ကုန်) ၀၁-၅၇၀၉၆၇၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး) ၀၁-၂၅၈၅၀၈၂၊ ခရိုင်ရုံး(ရန်ကုန် အရှေ့ပိုင်း) ၀၁-၅၉၀၁၀၇၊ ခရိုင်ရုံး(ရန်ကုန် အနောက်ပိုင်း) ၀၁-၅၇၃၁၀၉၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) ၀၅၆-၂၁၀၈၀၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း) ၀၁-၃၆၄၄၄၁၀၊ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပခုက္ကူမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုအားပေး

**ပခုက္ကူ ဩဂုတ် ၉**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်နှင့် ဒေါက်တာမြင့်ထွေး၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ ဒုတိယဝန်ကြီး ဦးမင်းသူတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပခုက္ကူမြို့နယ် ချောက်ကန်ကျေးရွာရှိ အရှေ့ချောက်ကန်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဆရာတော် ဦးဝိလာသအား ဖူးမြော်ကြည်ညို၍ သာသနာရေးနှင့် ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များ ဆွေးနွေးလျှောက်ထားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ချောက်ကန်ကျေးရွာ ကျေးရွာဘောလုံးကွင်း၌ကျင်းပသည့် ဒေသခံပြည်သူများနှင့် စကားဝိုင်းသို့ တက်ရောက်၍ ငြိမ်းချမ်းရေး၊ လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ်၊ အလုပ်အကိုင်အခွင့်အလမ်း၊ ကျန်းမာရေး၊ ပညာရေးနှင့် လူမှုစီးပွားဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် ပခုက္ကူမြို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းသို့ရောက်ရှိပြီး ကျေးလက်ဒေသနေ အလုပ်လက်မဲ့ ဆင်းရဲနွမ်းပါးသူများအား အခြေခံအိမ်တွင်းမှုသင်တန်း၊ အဆင့်မြင့်စက်ချုပ်သင်တန်း၊ မော်တာစက်ချုပ်သင်တန်း၊ ဧည့်ကြိုဝန်ဆောင်မှုသင်တန်း၊ အိပ်ခန်းဆောင်ဝန်ဆောင်မှုသင်တန်း၊ အစားအစာနှင့် အဖျော်ယမကာ ဝန်ဆောင်မှုသင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေမှုကို လှည့်လည်ကြည့်ရှုသည်။

ထိုသို့ကြည့်ရှုစဉ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က သင်တန်းများသို့ တက်ရောက်သင်ကြားနေကြသည့် သင်တန်းသား သင်တန်းသူများအနေဖြင့် မိမိတို့ သင်ယူတတ်မြောက်ထားသည့် ပညာရပ်များဖြင့် မိမိဒေသတွင် ပြန်လည်အသုံးချသွားရန် လိုအပ်ပါကြောင်း၊ သို့မှသာ မိသားစုဝင်ငွေကို တိုးတက်စေမည့်အပြင် ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခုသင်ကြားနေသည့် ဘာသာရပ်အလိုက် ကျွမ်းကျင်ပိုင်နိုင်စွာ သင်ကြားတတ်မြောက်သွားရန် လိုအပ်ပါကြောင်း၊ မရှင်းလင်းသည့် အချက်များရှိပါကလည်း ဆရာ ဆရာမများထံတွင် မိမိ နားလည်သဘောပေါက်သည်အထိ သင်ကြားသင်ယူသွားရမည်ဖြစ်ကြောင်း အားပေးစကားပြောကြားသည်။

အဆိုပါ သင်တန်းကျောင်းကို ၂၀၀၅ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ယနေ့အထိ စက်မှုလက်မှု၊ အိမ်တွင်းမှုကျောင်းဝန်ထမ်း၊ အထည်ချုပ်စက်ရုံ ဝန်ထမ်း၊ ဟိုတယ်ဝန်ထမ်းအပါအဝင် သင်တန်းသား သင်တန်းသူ စုစုပေါင်း ၆၂၃ ဦး မွေးထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကျောင်းဆောင်အတွင်း ခင်းကျင်းပြသထားသည့် ပခုက္ကူစက်မှုဇုန်မှ စိန်စိုးစံကုမ္ပဏီလီမိတက်၏ သုံးရာသီပရိဘောဂစက်ရုံထုတ် ပရိဘောဂပစ္စည်းများကို ကြည့်ရှုအားပေးသည်။

အဆိုပါ ပရိဘောဂစက်ရုံကို ပြည်တွင်းလုပ်သားများအား ကျွမ်းကျင်သော အသက်မွေးဝမ်းကျောင်းနှင့် အလုပ်အကိုင်ပေးနိုင်ရန်၊ စွန့်ပစ်ပစ္စည်းမှ တန်ဖိုးမြင့်ထုတ်ကုန် ဆန်းသစ်တီထွင်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် ဖွင့်လှစ်ခဲ့ပြီး လုပ်သားအင်အား ၁၂၂ ဦးဖြင့် ပရိဘောဂအချောထည်များကို ထုတ်လုပ်လျက်ရှိသည်။

ညနေပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ခြေရှိ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း စိုက်ပျိုးရေးခြံတွင် ဖွင့်လှစ်ထားသည့် အခမဲ့ကွန်ပျူတာသင်တန်းကျောင်း၌ ဒေသခံလူငယ်များအား ကွန်ပျူတာပညာရပ်များ သင်ကြားပေးနေမှုကို ကြည့်ရှုအားပေးသည်။

ထိုသို့ ကြည့်ရှုအားပေးစဉ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က သင်တန်းသားများ၏ သင်ကြားသင်ယူနိုင်မှုအခြေအနေကို စစ်ဆေးမေးမြန်း၍ သင်တန်းသားများအနေဖြင့် သင်ကြားပေးသည့် ဘာသာရပ်များကို ကျွမ်းကျင်စွာတတ်မြောက်ရန် လေ့ကျင့်သင်ကြားသွားရမည်ဖြစ်ကြောင်း၊ မိမိတို့ သင်ယူတတ်မြောက်သည့် ဘာသာရပ်ကိုလည်း ကျွမ်းကျင်စွာ ပြန်လည်အသုံးချခြင်းဖြင့် ဒေသအကျိုးနှင့် နိုင်ငံအကျိုးကို ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း အားပေးစကားပြောကြားသည်။

အဆိုပါ ကွန်ပျူတာသင်တန်းကျောင်းကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် စတင်ဖွင့်လှစ်ခဲ့၍ သင်တန်းနှစ်ကြိမ် ဖွင့်လှစ်ခဲ့ကာ သင်တန်းသား ၁၇၄ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီး ယခုတတိယအကြိမ်တွင် သင်တန်းသား ၉၆ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပခုက္ကူမြို့နယ် အရှေ့ချောက်ကန်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဆရာတော် ဦးဝိလာသအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်စဉ်။




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားကျေးရွာ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း စိုက်ပျိုးရေးခြံတွင် ဖွင့်လှစ်ထားသည့် အခမဲ့ကွန်ပျူတာသင်တန်းကျောင်း၌ ဒေသခံလူငယ်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပခုက္ကူမြို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းတွင် လှည့်လည်ကြည့်ရှုစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပခုက္ကူမြို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းတွင် လှည့်လည်ကြည့်ရှုစဉ်။

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် အမေရိကန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော်  ဩဂုတ်  ၉**
ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး H.E. Mr. Scot Marciel အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် အမေရိကန်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတည်ဆောက်ရေး၊ ဒီမိုကရေစီစနစ် ပိုမိုခိုင်မာအားကောင်းရေး၊ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ စီးပွားရေးရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုတိုးမြှင့်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံလွှတ်တော်များ၏ ဘတ်ဂျက်စိစစ်ရေး၊ အပြန်အလှန်ထိန်းကျောင်းရေး၊ ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး သတ္တမနေ့ ကျင်းပ

**နေပြည်တော်  ဩဂုတ်  ၉**
ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယနေ့တွင် ဥပဒေကြမ်း တစ်ခု၊ အစီရင်ခံစာ တစ်ခုတို့နှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ဖတ်ကြားတင်ပြခြင်း၊ ချေးငွေရယူရန်ကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇ ခုနှစ်)နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ဥပဒေကြမ်း ပူးပေါင်းကော်မတီဝင် ဦးဇော်ဝင်းက လွှတ်တော်သို့ ဖတ်ကြားတင်ပြသည်။

အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ်က ကြေညာသည်။

## ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ ဖတ်ကြားတင်ပြ

ထို့နောက် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ အမှတ်စဉ် (၆/၂၀၁၈)ကို ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းက ဖတ်ကြားတင်ပြပြီး လွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းသည်။

ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာတွင် တင်ဒါခေါ်ယူခြင်းမှ စာချုပ်ချုပ်ဆိုသည်အထိ လုပ်ငန်းစဉ်တွင်လည်းကောင်း၊ လုပ်ငန်းတန်ဖိုးပေးချေမှုစနစ်တွင်လည်းကောင်း၊ မလိုလားအပ်သော ကြန့်ကြာမှုမဖြစ်စေရေးနှင့် တာဝန်ယူ၊ တာဝန်ခံမှုစနစ်ကို ကျင့်သုံးနိုင်စေရေးတို့အတွက် ဆောင်ရွက်သင့်ကြောင်း သဘောထားမှတ်ချက် (၅)ခု၊ တင်ဒါစိစစ်ရာတွင် ကျွမ်းကျင်မှုဆိုင်ရာ တွက်ချက်မှုများအတွက် အမှတ်ပေးခြင်းနှင့် စပ်လျဉ်း၍ ဆောင်ရွက်သင့်ကြောင်း သဘောထားမှတ်ချက်



လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို



တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးတင်လင်း



မော်လိုက်မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်း

(၂)ခု၊ တင်ဒါအောင်မြင်သူနှင့် ချုပ်ဆိုမည့် လုပ်ငန်းအပ်နှံသဘောတူစာချုပ်ပါ လုပ်ငန်းတာဝန်နှင့် စည်းကမ်းချက်များသည် တိကျခိုင်မာပြီး မြို့နယ်ကြီးကြပ်ရေးအဖွဲ့များ၊ အရည်အသွေး စိစစ်ရေးအဖွဲ့များအနေဖြင့် ထိထိရောက်ရောက် ကြပ်မတ်စစ်ဆေးနိုင်စေရေးနှင့် မလိုလားအပ်ဘဲ အငြင်းပွားမှုဖြစ်ပြီး တရားစွဲဆိုရသည့် အခြေအနေအထိ မဖြစ်ပေါ်စေနိုင်ရေးအတွက် ဆောင်ရွက်သင့်ကြောင်း သဘောထားမှတ်ချက်(၃)ခု၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦဦးစီးဌာနသို့ အပ်နှံဆောင်ရွက်သော လုပ်ငန်းများအတွက် လုပ်ငန်းတန်ဖိုးပေးချေခြင်းနှင့် စပ်လျဉ်း၍ တည်ဆဲဘဏ္ဍာရေး စည်းမျဉ်းများနှင့်ညီညွတ်စေရေးအတွက် ဆောင်ရွက်သင့်သည့် သဘောထားမှတ်ချက်(၂)ခုတို့ ပါရှိသည်။

## အီတလီနိုင်ငံမှ အတိုးမဲ့ချေးငွေ ယူရို သန်း ၃၀ ရယူရန်ကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေး

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အီတလီနိုင်ငံမှ အတိုးမဲ့ချေးငွေ ယူရို သန်း ၃၀ ရယူရန်ကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုက အီတလီနိုင်ငံချေးငွေဖြင့် ဆောင်ရွက်မည့်စီမံကိန်းသည် စစ်ကိုင်းတိုင်းဒေသကြီးမှ ဖွံ့ဖြိုးမှုနိမ့်ကျပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် နာဂဒေသ၏ ဖွံ့ဖြိုးမှုအတွက် ရည်ရွယ်ဆောင်ရွက်မည့် စီမံကိန်းဖြစ်သည့်အတွက် ကြိုဆိုပါကြောင်း၊ စီမံကိန်းဆောင်ရွက်မည့်ဒေသမှာ တောင်တန်းဒေသဖြစ်ပြီး အအေးပိုင်းဒေသဖြစ်သည့်အတွက် နေရောင်ခြည်ရရှိနိုင်မှု အားနည်းသည့်အနေအထားအရ ဆိုလာစနစ်ကျင့်သုံးပါက အမှန်တကယ် အဆင်ပြေနိုင်ခြင်း ရှိ၊ မရှိ ဓာတ်အား တစ်နှစ်ပတ်လုံး အပြည့်အဝရရှိနိုင်ရန် စုဆောင်းနိုင်စွမ်း ရှိ၊ မရှိတို့ကို သေချာလေ့လာဆန်းစစ်ပြီးမှ ဆိုလာစနစ် ဆောင်ရွက်မည့်ဒေသနှင့် ကျေးရွာများကို ရွေးချယ်သတ်မှတ်သင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်းက ယခုချေးငွေ ယူရိုသန်း ၃၀ မှာ အိမ်သုံး ဆိုလာစနစ်နှင့် အသေးစား ဓာတ်အားပေးစနစ်အတွက် ကျေးရွာပေါင်း ၁၀၁၉ ရွာ၊ အိမ်ခြေ ၉၆၅၀၀ မီးလင်းရေး ဆောင်ရွက်မည်ဖြစ်သည်ဟု သိရှိရပါကြောင်း၊ မီးလင်းရေးကော်မတီဖွဲ့စည်းရာတွင် ဖွဲ့စည်းမည့်ပုံစံအတိုင်း ဒေသခံလူထုကိုယ်စားပြုခေါင်းဆောင်များဖြင့် စနစ်တကျမှန်ကန်စွာ ဖွဲ့စည်းဆောင်ရွက်ရန် အကြံပြုလိုပါကြောင်း။

အသေးစားဓာတ်အားပေးစနစ်ကို ဖြစ်နိုင်ခြေရှိသော နေရာများတွင် ဦးစားပေး ဆောင်ရွက်စေလိုပါကြောင်း၊ ထိုမှတစ်ဆင့် စာသင်ကျောင်း၊ ကျန်းမာရေးဆေးပေးခန်းနှင့် တစ်ရွာလျှင် ကုန်ထုတ်လုပ်မှု(၁)ခု ထုတ်လုပ်နိုင်သည်အထိ မျှော်မှန်းဆောင်ရွက်စေလိုပါကြောင်း၊ ဘာသာရေး အဆောက်အအုံများကို မီး၊ ရေ ရရှိရေး ဆောင်ရွက်သင့်ပါကြောင်း၊ ပြင်ဆင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ ၎င်းစီမံကိန်းဧရိယာတွင် အသိပညာပေးဟောပြောမှုများ၊ လက်ကမ်းစာစောင်များ ပြုလုပ်ဆောင်ရွက်ပေးစေလိုပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးတင်လင်းက ကမ္ဘာ့ဘဏ်နှင့် အပြည်ပြည်ဆိုင်ရာ ငွေရေးကြေးရေးရန်ပုံငွေအဖွဲ့တို့က သတ်မှတ်ထားသည့် နိုင်ငံ၏မူဝါဒနှင့် အဖွဲ့အစည်းဆိုင်ရာမူဘောင်ကို တိုင်းတာသည့် Score အရ ကိုက်ညီခြင်းကြောင့် ချေးငွေရယူရန် သင့်လျော်မှုရှိသည်ကို တွေ့ရှိရပါကြောင်း၊ စီမံကိန်းဆောင်ရွက်မည့်ဒေသများသည် ဖွံ့ဖြိုးမှုနည်းပါးသည့် ဒေသများဖြစ်သည့်အတွက် အမှန်တကယ်ဆောင်ရွက်ပေးသင့်သည့် ဒေသများ ဖြစ်သည်ကိုလည်း တွေ့ရှိရပါကြောင်း၊ အီတလီအစိုးရအနေဖြင့် ချေးငွေထုတ်ပေးခြင်းမှာ မြန်မာနိုင်ငံ၏ တစ်နိုင်ငံလုံး လျှပ်စစ်မီးရရှိရေး ဆောက်ရွက်ချက်များအတွက် ကူညီပံ့ပိုးရန် မဟာဓာတ်အားလိုင်းနှင့် ဝေးကွာသည့် ကျေးရွာများတွင် အကြိုလျှပ်စစ်မီးရရှိရေးစနစ် (Pre-Electrification System) နှင့် ဆောင်ရွက်စေရန်၊ အစိုးရ၊ ပြည်သူလူထုနှင့် ပုဂ္ဂလိကအခန်းကဏ္ဍတို့ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်စေရန်၊ ပြည်သူအချိုးကျထည့်ဝင်မှုစနစ်ဖြင့် ပိုမိုကောင်းမွန်သည့် လျှပ်စစ်မီးလင်းရေး ဆောင်ရွက်ရန်နှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်လာစေရန် ရည်ရွယ်ပြီး ချေးငွေပေးအပ်ခြင်းဖြစ်သည့်အတွက် ရရှိလာသည့်ချေးငွေကို အလေအလွင့်မရှိစေဘဲ စီမံကိန်းဒေသမှ ပြည်သူများအတွက် အကျိုးရှိရှိ ထိထိရောက်ရောက် စေတနာထည့်ပေါင်းပြီး ဆောင်ရွက်သင့်ပါကြောင်း။

အသေးစားဓာတ်အားပေးစနစ် လည်ပတ်ရန်နှင့် ပြင်ဆင်ထိန်းသိမ်းရန်အတွက် ရင်းနှီးမြှုပ်နှံသူက ကျေးရွာတစ်ရွာလျှင် ဝန်ထမ်းတစ်ဦးခန့်အပ်ပြီး Prepaid စနစ်ဖြင့် ကြိုတင်ငွေကောက်ခံခြင်းဖြင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်မည်ဖြစ်ပြီး နည်းပညာအကူအညီပေးရန်အတွက် အီတလီအစိုးရက ကမ္ဘာ့ဘဏ်သို့ သီးခြားရန်ပုံငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၅ သန်း ထောက်ပံ့ပေးသွားမည်ဖြစ်သည့်အတွက် စနစ်တကျဆောင်ရွက်ထားသည်ကို တွေ့ရှိရပါကြောင်း ဆွေးနွေးသည်။

အလားတူ ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဥက္ကာမင်း၊ မော်လိုက်မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်း၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဝေ့တင်း၊ ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန်၊ လဟယ်မဲဆန္ဒနယ်မှ ဦးသက်နောင်၊ အင်းတော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ပြုံး၊ ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခေါ်)ဒေါ်ရှားမီး၊ ဖာပွန်မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင်၊ ကျုံပျော်မဲဆန္ဒနယ်မှ ဦးစိုးအောင်နိုင်၊ မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော်နှင့် ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည်တို့က ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ဩဂုတ် ၁၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမြင့်၊ ဟန်လင်းနိုင် (သတင်းစဉ်)**

## မြစ်ရေကြီးမှု အခြေအနေ

**နေပြည်တော်  ဩဂုတ်  ၉**

**ဧရာဝတီမြစ်**

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်စီတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေများသည် နောက်လေးရက်အတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးသို့ ရောက်ရှိနိုင်သည်။

**စစ်တောင်းမြစ်**

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း တစ်ပေခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**သံလွင်မြစ်**

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် သုံးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ပေဝက်ခန့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**မိုး/ဇလ**

Government of the Republic of the Union of Myanmar
Ministry of the Office of the State Counsellor

PRESS RELEASE

( Dated: 9 August 2018 )

**Background**

The International Criminal Court ("the Court" or ICC") was established through the Rome Statute of the International Criminal Court ("the Rome Statute"). The ICC has the jurisdiction to prosecute individuals for the international crimes of genocide, crimes against humanity and war crimes. Myanmar is **not party** to the Rome Statute and the Court has no jurisdiction on Myanmar whatsoever.

Regardless, the ICC's Prosecutor has made a *Prosecution's Request for a Ruling on Jurisdiction under Article 19(3) of the Statute* ("the Request") to the ICC and has requested Myanmar to submit its opinion.

Myanmar has declined to engage with the ICC by way of a formal reply due to the reasons stated below.

A. Bad Faith (*Mala Fides*)

1. The Request by the Prosecutor may be interpreted as an indirect attempt to acquire jurisdiction over Myanmar which is not a State Party to the Rome Statute.

2. Myanmar, as a non-State Party, is under no obligation to enter into litigation with the Prosecutor at the ICC or even to accept *notes verbales* emanating from their Registry by reference to article 34 of the Vienna Convention on the Law of Treaties ("Vienna Convention").

3. The actions of the Prosecutor, constitute an attempt to circumvent the spirit of article 34 of the Vienna Convention. By allowing such a contrived procedure, the ICC may set a dangerous precedent whereby future populistic causes and complaints against non - State Parties to the Rome Statute may be litigated at the urging of biased stakeholders and non-governmental organizations and even then, selectively based on the political current of the times.

4. The Prosecutor appears to have chosen to ignore the fact that the United Nations Security Council has issued a Presidential Statement stressing the need for transparent investigations of alleged human rights abuses while, at the same time, recognizing Myanmar's sovereignty and territorial integrity. Respect for Myanmar's sovereignty would permit it to continue to investigate all violations of international humanitarian law whether committed by its own forces or by elements hostile to the Government authorities such as the forces of the Arakan Rohingya Salvation Army ("ARSA").

B. Procedural Framework Irregularities

5. It is submitted that the Prosecution has incorrectly applied Article 19(3) request for a ruling from the Court on jurisdiction when the Court is not properly seized of the matter. Article 19(3) was intended to allow the Prosecutor to seek preliminary rulings on matters pertaining to jurisdiction and admissibility which arise in the normal conduct of proceedings ie. within a "situation". In this matter, the Prosecutor has bypassed important procedural safeguards and instead used Art. 19(3) to request preliminary rulings on issues of jurisdiction prior to even initiating proposed cases within a "situation".

6. In order to obtain the impartial facts necessary to substantiate a jurisdictional request, the Prosecutor should have conducted a preliminary examination, of the sort envisaged in the *chapeau* of article 53(1) of the Rome Statute. Failure to do so, even if it was in part due to financial reasons, was, in fact, an abandonment of her mandatory duty to exercise her unique discretion under article 53(1)(a), namely to evaluate the information to see if it provides a reasonable basis for believing that a crime within the jurisdiction of the Court has been or is being committed.

7. With the benefit of a proper preliminary examination, the Prosecutor would possibly have dealt with the sources of information forming the basis for the Request with more circumspection. As it is, the sources on which the Prosecutor has relied for the purpose of the Request present a completely one-sided and biased narrative of the events in Rakhine State.

8. The amendment of Regulation 46(3) of the Regulations of the Court ("RoC") on 29 June 2018, in the course of the present proceedings, must be viewed negatively, as it provides support for the Prosecutor. The effect of the amendment was to provide the Prosecutor with a short-circuit process to enable a speedy deliberation of this matter.

9. The Prosecutor had not sought the opening of an investigation by virtue of her *proprio motu* powers under article 15(3) of the Rome Statute. By her actions she has "put the cart before the horse" by approaching the Pre-Trial Chamber for a ruling on jurisdiction *before* conducting a preliminary examination. It is submitted that the Prosecutor has reversed accepted procedure without legal justification.

C. Lack of Transparency

10. Myanmar is concerned with the lack of fairness and transparency of the ICC proceedings.

11. The regulations governing the conduct of ICC proceedings stipulates that reasons should be given for derogating from the default rule, namely that its hearings be conducted in public. Regulation 20 states among others, that when a Chamber orders that certain hearings be held in close or private session, the Chamber shall make public the reasons for such an order. In this matter, the Pre-Trial Chamber held an *ex parte Prosecutor only* status conference on 20 June 2018. It also debated issues placed, at the time, on a confidential agenda in a closed hearing without written justification and in blatant violation of its own regulations.

12. All issues discussed at the closed hearing would be of crucial importance and the fact that the Prosecutor's responses to some of these issues still remain confidential is both inexplicable and prejudicial.

13. The lack of transparency was further manifested when Bangladesh chose to file its observations with the Court confidentially. The Court has the ability to require a participant in the legal proceedings to present its submissions in a public manner or, at the very least, in a partially redacted fashion in order to safeguard vital interests. This was not done and, as a consequence, Myanmar could not reasonably have been expected to make an appropriately informed and formal response when it was denied the submissions of the very country on the territory of which jurisdiction is sought.

D. Amici Curiae – prejudicial vs probative value

14. The Court has permitted organizations to file *amicus curiae* submissions without consideration of their identity or the beneficial scope of their proposed contributions. Several of the briefs submitted did not address legal issues, but instead presented allegations consisting of mostly charged narratives of harrowing personal tragedies calculated to place emotional pressure on the Court.

E. Victims (irregular application)

15. Furthermore, the Court has allowed unsolicited victims' applications (something which, to date, has only ever happened in the context of a pre-existing "situation") which is a totally new development. This is worrying, because the Court appears to have predetermined or, at least, acquiesced to a procedural mechanism which would normally be subject to due process. Article 68(3) states that the Court shall permit views and concerns [*of victims*] to be presented and considered at stages of the proceedings .....in a manner which is not prejudicial to or inconsistent with the rights of the accused and a fair and impartial trial..."

16. It has been made known that several groups have *de facto* joined the legal process and have filed detailed observations, without the Court even ruling whether their participation is appropriate under regulation 86 of RoC. The unauthorized and unsolicited submission of observations by these groups has had the effect of placing the Court in a difficult emotional bind. Rejection of their submissions on the grounds of a flagrant procedural irregularity would have left the ICC judges exposed to a charge of callousness.

F. Preconditions to the exercise of jurisdiction - Article 12(2)(a) of the Rome Statute

17. Myanmar categorically rejects the proposition that the Court has jurisdiction as proposed by the Prosecutor in the Request. Myanmar also disagrees with the Prosecution's assertion that population displacement across a national boundary is an essential objective element of the crime of deportation set out in Article 7 (1) (d).

18. Furthermore, there is no organizational policy of the kind required for proving crimes against humanity under the Rome Statute. Such a policy would be hard to reconcile with the repatriation agreement signed between Myanmar and Bangladesh in November 2017,whereby both countries agreed on a short time frame for the voluntary return of all those who had left Rakhine State as a result of hostilities in the region. Myanmar and

စာမျက်နှာ ၁၀ သို့ ❋

# ပြန်ကြားရေးနှင့် သတင်းမီဒီယာဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် ဩဂုတ် ၉**
ပြန်ကြားရေးနှင့် သတင်းမီဒီယာဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် D ဆောင် ပထမထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**

အစည်းအဝေးသို့ ၂၀၁၈ ခုနှစ် လွှတ်တော်အစည်းအဝေးများကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယကနှင့် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်၊ ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြန်ကြားရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ ဦးအုန်းကြိုင်နှင့် သတင်းမီဒီယာကောင်စီဝင်များ၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ၂၀၁၈ ခုနှစ် လွှတ်တော်အစည်းအဝေးများကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယကနှင့် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်က သတင်းမီဒီယာများ လွှတ်တော်အတွင်း သတင်းရယူရာတွင် အဆင်ပြေချောမွေ့မှုရှိစေရေးနှင့် စည်းကမ်းတကျရှိစေရေးတို့ကို မှာကြားသည်။

ဆက်လက်၍ လွှတ်တော်အစည်းအဝေးများ ကျင်းပရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် ပြန်ကြားရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အစည်းအဝေးသို့တက်ရောက်လာကြသူများက လွှတ်တော်ဝင်းအတွင်း ပြန်ကြားရေး၊ သတင်းရယူရေး ဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စနစ်တကျနှင့် ပိုမိုအဆင်ပြေစေရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် လွှတ်တော်အစည်းအဝေးများကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက က ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဗြိတိန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၉**
ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီး H.E. Mr. Daniel Patrick Chugg အား ယနေ့နံနက် ၁၀ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ဝဲပုံ)**

တွေ့ဆုံစဉ် ရခိုင်ပြည်နယ် မောင်တောဒေသသို့ ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများ စေလွှတ်ပေးနေမှုများ၊ အဆိုပါဒေသ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုရှိစေရေး ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ သတင်းထုတ်ပြန်မှု၊ မြန်မာနိုင်ငံ၏ လက်ရှိမီဒီယာအခင်းအကျင်းနှင့် လုပ်ဆောင်နေမှုအခြေအနေများ၊ မြန်မာနိုင်ငံ၏ သတင်းမီဒီယာလွတ်လပ်ခွင့်အခြေအနေ စသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

❋ စာမျက်နှာ ၉ မှ

Bangladesh also signed the Terms of Reference for the Joint Working Group (JWG) and Physical Arrangement for Repatriation of Displaced Myanmar Residents from Bangladesh ("the Physical Arrangement"). All these bilateral agreements are aimed to facilitate repatriation of verified residents of Rakhine State who crossed over to Bangladesh following the terrorist attacks in October 2016 and August 2017. There is no cap on the number to be repatriated and the process was to have commenced on 23 January 2018.

19. The Myanmar Government has recently signed a Memorandum of Understanding ("MOU") with UNDP and UNHCR on 6th June 2018. The MOU seeks UN participation in coordinating and harmonizing humanitarian and development action in Rakhine State, and in assisting the GoM in the voluntary, safe and dignified return of the displaced persons from Rakhine State who have been duly verified as residents of Myanmar according to the Arrangement.

G. Complementarity

20. The Myanmar government has on 30th July 2018 established an Independent Commission of Enquiry. The Commission consists of four members: two international members (one is the Chairperson of the Commission) and two national members. The Commission will investigate the allegations of human rights violations and related issues following the terror attacks by the Arakan Rohingya Salvation Army (ARSA).

Conclusion

21. For all the reasons cited above, Myanmar submits that the *Prosecution's Request for a Ruling on Jurisdiction under Article 19(3) of the Statute* is meritless and should be dismissed.



# ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ

**နေပြည်တော် ဩဂုတ် ၉**
ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အဘူလ်ဟတ်ဆန် မာမွတ်အလီ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိကြသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူ၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်အောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံအမတ်ကြီး မစ္စတာ မန်ဂျူရူလ်ကရင်ခမ်ချောင်ဒရီနှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်၌ UNDP နှင့် UNHCR ဝန်ထမ်းများက ကွင်းဆင်းအကဲဖြတ်မှုများ စတင်ဆောင်ရွက်မည်

**နေပြည်တော် ဩဂုတ် ၉**
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)နှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR) တို့အကြား ဇွန် ၆ ရက်က လက်မှတ်ရေးထိုးခဲ့သည့်နားလည်မှုစာချွန်လွှာအား လက်တွေ့အကောင်အထည်ဖော်ရေး ပထမအဆင့်အနေဖြင့် ရခိုင်ပြည်နယ် မြောက်ပိုင်း ဘူးသီးတောင်မြို့နယ်ရှိ ကျေးရွာအုပ်စု ငါးအုပ်စု (ကျေးရွာ ၁၂ ရွာ)နှင့် မောင်တောမြို့နယ်ရှိ ကျေးရွာအုပ်စု ရှစ်အုပ်စု (ကျေးရွာ ၁၁ ရွာ) စုစုပေါင်းကျေးရွာအုပ်စု ၁၃ အုပ်စု (ကျေးရွာ ၂၃ ရွာ)တို့၌ ကွင်းဆင်းအကဲဖြတ်မှုများ စတင်ဆောင်ရွက်သွားမည်ဖြစ်သည်။

**စီစဉ်ဆောင်ရွက်ပေး**

ယင်းသို့ ကွင်းဆင်းအကဲဖြတ်မှုများ ဆောင်ရွက်နိုင်ရန်အတွက် UNDP နှင့် UNHCR တို့ဘက်မှ တာဝန်ချထားသည့် ဝန်ထမ်းများအား ခရီးသွားလာခွင့်ပြုကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဩဂုတ် ၇ ရက်တွင် အသိပေးထားပြီး ယခုအခါ အဆိုပါနေရာများသို့ ကွင်းဆင်းအကဲဖြတ်မှုများ ပြုလုပ်ရန်အတွက် လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးရန် သက်ဆိုင်ရာဌာနများသို့လည်း အကြောင်းကြားထားပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

☆ ကျောဖုံးမှ

အဆင့်ဆင့် တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် ကြပ်မတ်ကွပ်ကဲဆောင်ရွက်ရန် တာဝန်များ အသီးသီးပေးအပ်ထားပြီးဖြစ်၍ ဆင့်ကဲဆင့်ကဲ တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် ကြပ်မတ်ကွပ်ကဲဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ ထို့ကြောင့် တရားသူကြီးများသည် ဘက်လိုက်မှုကင်းရှင်းစွာဖြင့် အဂတိမလိုက်စားဘဲ မှန်ကန်မျှတစွာ တရားစီရင်ကြခြင်းဖြင့် ပြည်သူတို့ လက်ခံယုံကြည်အားကိုးနိုင်သည့် ပြည်သူ့အကျိုးပြုတရားစီရင်ရေးစနစ်ကို ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

တရားစီရင်ရေး မဟာဗျူဟာစီမံကိန်း(၂၀၁၈-၂၀၂၂)၏ မဟာဗျူဟာ လုပ်ငန်းနယ်ပယ်- ၅ တွင် နိုင်ငံတစ်ဝန်း တရားရုံးများ၌ မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်တစ်ရပ် အကောင်အထည်ဖော်ဆောင်ရွက်ရန် အစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၈ ခုနှစ် ဩဂုတ် ၁ ရက်တွင် နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှု အစီအစဉ်ကို တိုင်းဒေသကြီး/ပြည်နယ်အားလုံးရှိ သတ်မှတ်တရားရုံးများတွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ မှုခင်းစီမံခန့်ခွဲမှုစနစ်သည် မြန်မာနိုင်ငံ တရားစီရင်ရေးအတွက် ပိုမိုကောင်းမွန်သော ဆောင်ရွက်ချက်များနှင့် အရည်အသွေးမြင့် တရားမျှတမှုဖြစ်ပေါ်စေရေး အတွက် လိုအပ်သည့်စနစ်တစ်ခု ဖြစ်သည့်အပြင် မြန်မာနိုင်ငံ၏ စီးပွားရေး လုပ်ငန်းလုပ်ကိုင်ခြင်းအဆင့်ကို တိုင်းတာရာတွင် မှုခင်းစီမံခန့်ခွဲမှုစနစ် ကျင့်သုံးခြင်းရှိ၊ မရှိ ညွှန်းကိန်းသည် အရေးကြီးသည့် အချက်တစ်ချက်ဖြစ်၍ အကောင်အထည်ဖော်ရေး ဆက်လက်၍ ပိုမိုကြိုးပမ်းအားထုတ်ကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မှုခင်းများ စစ်ဆေးစီရင်ခဲ့မှုနှင့်စပ်လျဉ်း၍ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဇွန် ၃၀ ရက်အထိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ရာဇဝတ်အမှုပေါင်း ၈၈၂ မှု လက်ခံရရှိပြီး ၈၅၂ မှု စစ်ဆေးပြီးပြတ်ခဲ့ကြောင်း၊ တရားမအမှုပေါင်း ၁၄၂၇ မှု လက်ခံရရှိပြီး ၁၃၂၃ မှု စစ်ဆေးပြီးပြတ်ခဲ့ကြောင်း၊ ထို့ပြင် စာချွန်တော် လျှောက်ထားမှု ၁၄၇ မှု လက်ခံရရှိပြီး ယခင်နှစ်အမှုလက်ကျန် ၂၆ မှုအပါအဝင် ၁၇၃ မှု စစ်ဆေးပြီးပြတ်ခဲ့ကြောင်း။

တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များတွင် ရာဇဝတ်အမှုပေါင်း ၃၅၀၁ မှု လက်ခံရရှိပြီး ယခင်နှစ်အမှုလက်ကျန် ၂၀ အပါအဝင် ၃၅၂၀ မှု စစ်ဆေးပြီးပြတ်ခဲ့ကြောင်း၊ တရားမအမှုပေါင်း ၂၈၈၂ မှု လက်ခံရရှိပြီး ၂၅၂၀ မှု စစ်ဆေးပြီးပြတ်ခဲ့ကြောင်း၊ ခရိုင်တရားရုံးများတွင် ရာဇဝတ်အမှုပေါင်း ၁၀၈၇၀ လက်ခံရရှိပြီး ၉၄၂၈ မှု စစ်ဆေးပြီးပြတ်ခဲ့ကြောင်း၊ တရားမ အမှုပေါင်း ၆၈၀၅ မှု လက်ခံရရှိပြီး ၅၄၀၆ မှု စစ်ဆေးပြီးပြတ်ခဲ့ကြောင်း။

မြို့နယ်တရားရုံးများတွင် ရာဇဝတ်အမှုပေါင်း ၁၅၅၈၂၈ မှု လက်ခံရရှိပြီး ၁၄၉၂၇၅ မှု စစ်ဆေးပြီးပြတ်ခဲ့ကြောင်း၊ တရားမအမှုပေါင်း ၁၅၄၆၁မှု လက်ခံရရှိပြီး ၁၂၂၅၇ မှု စစ်ဆေးပြီးပြတ်ခဲ့ကြောင်း၊ ဥပဒေအရတည်ထောင်သော အခြားတရားရုံးများဖြစ်သည့် ကလေးသူငယ်တရားရုံး (ရန်ကုန်နှင့် မန္တလေး) တွင် ကလေးသူငယ် ဥပဒေအရ စွဲဆိုတင်ပို့သည့်အမှုပေါင်း ၁၆၄ မှု လက်ခံရရှိပြီး ယခင်နှစ်အမှုလက်ကျန် ၁၀မှု အပါအဝင် ၁၇၄ မှု စစ်ဆေးပြီးပြတ်ခဲ့ကြောင်း၊ စည်ပင်သာယာတရားရုံး (နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေး) တို့တွင် စည်ပင်သာယာဥပဒေအရ စွဲဆိုတင်ပို့သည့် အမှုပေါင်း ၉၉၅၆ မှု လက်ခံရရှိပြီး ၉၉၄၅ မှု စစ်ဆေးပြီးပြတ်ခဲ့ကြောင်း။

မော်တော်ယာဉ်တရားရုံး (နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေး) တို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်၍ မော်တော်ယာဉ်ဥပဒေအရ စွဲဆိုတင်ပို့သည့် အမှုပေါင်း ၅၈၅၉၄ မှုကို စစ်ဆေးစီရင်ခဲ့ကြောင်း၊ ထို့ကြောင့် တရားရုံးများသည် အမှုအခင်းများကို ကြန့်ကြာမှုမရှိစေဘဲ ဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန် စစ်ဆေးစီရင် အဆုံးအဖြတ်ပြုကြရန်နှင့် အမှန်တရားကို အဆုံးအဖြတ်ပေးသည့်၊ အငြင်းပွားမှုများကို ဖြေရှင်းပေးသည့် တရားရုံးများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း ပြောကြားသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်များ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး/ပြည်နယ်တရားရေးဦးစီးမှူးများ တက်ရောက်ကြသည်။

အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၁ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး)ဆောင်ရွက်ပြီးစီးမှုများအား ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ကြည့်ရှုစစ်ဆေး

**မန္တလေး ဩဂုတ် ၉**

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မန္တလေး) ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့တော် စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဒေါက်တာရဲလွင်တို့သည် ယနေ့ ညနေပိုင်းတွင် မန္တလေးတက္ကသိုလ်ပရဝုဏ်အတွင်း အခမ်းအနားများ ကျင်းပရန်ပြင်ဆင်ထားသည့် အဆောက်အအုံများ၊ အားကစားကွင်းများ၊ ဂုဏ်ပြုဖျော်ဖြေရေး တင်ဆက်မည့် စင်မြင့်နှင့် ပြခန်းများ၊ ဈေးဆိုင်ခန်းများကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး)တွင် ဌာနဆိုင်ရာပြခန်းများ၊ အသင်းအဖွဲ့ပြခန်းများ၊ တိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်အသီးသီးမှ ပြခန်းများနှင့် ရန်ကုန်နှင့် မန္တလေးမြို့တို့မှ လာရောက်ရောင်းချသည့် စာအုပ်အရောင်းဆိုင်များ အပါအဝင် စုစုပေါင်း အခန်း၂၈၀ ကျော် ပါဝင်ပြသရောင်းချမည် ဖြစ်ကြောင်း သိရသည်။

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ကာလအတွင်း အားကစားဆိုင်ရာ လှုပ်ရှားမှုများအနေဖြင့် ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ လွန်ဆွဲ၊ ထုပ်ဆီးတိုး၊ ခေါင်းအုံးရိုက်၊ ကြံ့ခိုင်စွမ်းရည်၊ ဂုန်နီအိတ်စွပ်ပြေးပွဲ၊ သုံးချောင်းထောက်ပြေးပွဲ၊ ဘတ်စကက်ဘော ဂိုးသွင်း စသည့် အပန်းဖြေအားကစားပြိုင်ပွဲများ၊ ဝူရှူး၊ ကျွမ်းဘား၊ ကရာတေး၊ တိုက်ကွမ်ဒို၊ ခြင်းလုံးသရုပ်ပြ အားကစားနည်းများ စသည်တို့ကို ထည့်သွင်းကျင်းပသွားမည်ဖြစ်သည့်အပြင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ခေတ်ပေါ်တေးဂီတ တီးဝိုင်းနှင့်အတူ အိုင်းရင်းဇင်မာမြင့်၊ ရင်ဂို၊ ယုန်လေး၊ ဂျေမောင်မောင်၊ မီမီဝင်းဖေတို့က ငြိမ်းချမ်းရေးဂီတပွဲတော် ဆုရအဆိုရှင်များနှင့်အတူ နေ့စဉ် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ တစ်ကြိမ်၊ ညနေ ၃ နာရီမှ ၅ နာရီအထိ တစ်ကြိမ် ဖျော်ဖြေပေးသွားမည် ဖြစ်သည်။

ထို့အပြင် ဩဂုတ် ၁၁ ရက်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ် ဒီဂရီကောလိပ်ကိုယ်စားပြု ကျောင်းသား ကျောင်းသူ ၂၀ တို့၏ စာပေစကားဝိုင်းကို ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပမည်ဖြစ်ပြီး ဩဂုတ် ၁၂ ရက် နံနက် ၅ နာရီတွင် လူထုလှုပ်ရှားမှု အားကစားအနေဖြင့် လူအင်အား ၂၅၀၀ ကျော်တို့ဖြင့် စုပေါင်းလမ်းလျှောက်ပွဲကိုလည်း ကျင်းပသွားမည်ဖြစ်သည်။

ထို့အတူ ပွဲတော်ရက်အတွင်း အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲများ၊ မြန်မာကျပန်း စကားပြောနှင့် ကဗျာရွတ်ပြိုင်ပွဲများ၊



လူငယ်ဆိုင်ရာဆွေးနွေးပွဲများ၊ အပန်းဖြေအားကစားပြိုင်ပွဲများ၊ သရုပ်ပြအားကစားနည်းများ၊ Science Fair ပြခန်းများ၊ အလုပ်အကိုင် အခွင့်အလမ်းပြသခြင်း၊ အသိပညာပေးပြခန်းများ၊ ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေး လှုပ်ရှားမှုအစီအစဉ်များ၊ အသိပညာပေးဆွေးနွေးပွဲ အစီအစဉ်များ၊ အသိပညာပေးပြဇာတ်အစီအစဉ်များဖြင့် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မန်း(ကိုယ်ပွား)**

# ပြည်တွင်းသတင်းမီဒီယာအဖွဲ့ မောင်တောဒေသသို့ မြေပြင်ကွင်းဆင်း သတင်းရယူ

**မောင်တော ဩဂုတ် ၉**

စစ်တွေမြို့၌ ရောက်ရှိနေသည့် ပြည်တွင်းသတင်းမီဒီယာအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် စစ်တွေရေချမ်းပြင်ဆိပ်ကမ်းမှ အငူမော်သို့ စက်လှေဖြင့် သွားရောက်ပြီး အငူမော်မှ မောင်တောမြို့သို့ သွားရောက်ကာ မြေပြင်ကွင်းဆင်း သတင်းရယူကြသည်။

သတင်းမီဒီယာ အဖွဲ့သည် မောင်တောမြို့ အထွေထွေအုပ်ချုပ်ရေးရုံး၌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နှင့် တွေ့ဆုံကာ နယ်မြေလုံခြုံရေးဆောင်ရွက်ထားရှိမှု၊ လက်ရှိနယ်မြေတည်ငြိမ်အေးချမ်းမှု အခြေအနေ၊ လွတ်လပ်စွာသွားလာခွင့်ပြုထားသည့်အခြေအနေ၊ ကျေးရွာသစ်များ တည်ဆောက်နေမှု၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးကိစ္စရပ်များနှင့် ပြန်လည်ထူထောင်ရေး ဆောင်ရွက်နေမှုအခြေအနေများကို မေးမြန်း သတင်းရယူကြသည်။

ထို့နောက် သတင်းမီဒီယာအဖွဲ့သည် မောင်တောမြို့နယ်ရှိ အမှတ်(၂) လက်ခံရေးစခန်းငါးခူရသို့ သွားရောက်ပြီး စခန်းတာဝန်ရှိသူများနှင့် တွေ့ဆုံကာ နေရပ်စွန့်ခွာသူများ



ပြန်လည်ဝင်ရောက်လာပါက စခန်းအတွင်း အဆင်ပြေချောမွေ့စွာ နေထိုင်နိုင်ရန် ဆောင်ရွက်ထားရှိမှု၊ UEHRD အစီအစဉ်ဖြင့် ဝင်ရောက်လာသူများအား ပြန်လည်နေရာချထားပေးမှု၊ NVC ထုတ်ပေးထားသည့် အခြေအနေများကို မေးမြန်းသတင်းရယူကြပြီး UEHRD အစီအစဉ်ဖြင့် ဝင်ရောက်လာသူများနှင့် တွေ့ဆုံကာ နေထိုင်စားသောက်မှုအခြေအနေများကို မေးမြန်းသတင်းရယူကြသည်။

ယင်းနောက် သတင်းမီဒီယာအဖွဲ့သည် မောင်တောမြို့တွင် ယာယီဖွင့်လှစ်ထားသည့် ဟိန္ဒူကယ်ဆယ်ရေးစခန်းသို့သွားရောက်ကာ စခန်းတာဝန်ရှိသူများနှင့် တွေ့ဆုံပြီး နိုင်ငံတော်မှ စားနပ်ရိက္ခာထောက်ပံ့မှုအခြေအနေ၊ ပညာရေး၊ ကျန်းမာရေးအခြေအနေနှင့် အမြဲတမ်းနေထိုင်နိုင်ရန် အိန္ဒိယအစိုးရ ထောက်ပံ့မှုဖြင့် မောင်တောမြို့တွင် လူနေအိမ်များ ဆောက်လုပ်ပေးနေမှု အခြေအနေများကို မေးမြန်းသတင်းရယူကြသည်။

ယနေ့ မောင်တောဒေသသို့ သတင်းရယူကြသည့် အဖွဲ့တွင် MRTV၊ MITV၊ MI Radio၊ MRTV-4၊ 7 Day Daily နှင့် ရွှေဇာမဏီသတင်းဌာနတို့မှ မီဒီယာသမားများ ပါဝင်ကြသည်။

**မင်းသစ်(MNA)**

# ဇူလိုင်လအတွင်း ပြည်ပသို့ တရားဝင် အလုပ်သွားရောက်လုပ်ကိုင်သူ ၁၈၀၀၀ ကျော်နှင့် ပြည်တွင်း အလုပ်နေရာ ၂၃၀၀၀ ကျော်အား ခန့်ထားနိုင်ခဲ့

**နေပြည်တော် ဩဂုတ် ၉**

အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် ပြည်ပသို့တရားဝင်စေလွှတ်ခြင်းနှင့် ပြည်တွင်းအလုပ်အကိုင်များ ရှာဖွေပေးခြင်းတို့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်တွင်းအလုပ်အကိုင်ရရှိရေးကို ဦးစားပေးဆောင်ရွက်ပေးခဲ့ပြီး သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်များရရှိစေရေးနှင့် အလုပ်ရှင်များအတွက်လည်း အလုပ်သမားလုံလောက်စွာ ခန့်အပ်ထားရှိရန် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် Labour Exchange Management System ဖြင့် အွန်လိုင်းမှ ဆောင်ရွက်ပေးခြင်းတို့ကို လုပ်ဆောင်လျက်ရှိရာ ၂၀၁၈ ခုနှစ် ဇူလိုင်လအတွင်း ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် အလုပ်ရရှိမှုအခြေအနေမှာ အစိုးရအလုပ် ၃၅၉ ဦးနှင့် ပုဂ္ဂလိက ၂၂၂၁၁ ဦးဖြစ်ပြီး နိုင်ငံအလိုက်အလုပ်ရရှိမှုမှာ မလေးရှားနိုင်ငံသို့ ၁၈၇၁ ဦး၊ စင်ကာပူနိုင်ငံသို့ ၄၅ ဦး၊ ကိုရီးယားနိုင်ငံသို့ ၂၅၇ ဦး၊ ထိုင်းနိုင်ငံသို့ ၁၆၃၀၇ ဦး၊ ဂျပန်နိုင်ငံသို့ ၄၃၆ ဦး၊ ယူအေအီးသို့ ၁၃ ဦး၊ ဂျော်ဒန်နိုင်ငံသို့ ၂၂ ဦး၊ ကာတာနိုင်ငံသို့ သုံးဦး စုစုပေါင်း ၁၈၉၅၄ ဦး တို့ကို အလုပ်အကိုင်ရှာဖွေပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကိုနစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

# ချီလီသမ္မတဟောင်း မီရှဲလ် ဘက်ချ်လက်အား ကုလသမဂ္ဂ လူ့အခွင့်အရေး အကြီးအကဲအဖြစ် ခန့်အပ်




**ကုလသမဂ္ဂ ဩဂုတ် ၉**
ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်သည် ချီလီသမ္မတဟောင်း မီရှဲလ် ဘက်ချ်လက်အား ကုလသမဂ္ဂ လူ့အခွင့်အရေး အဖွဲ့ အကြီးအကဲအဖြစ် ခန့်အပ်လိုက်ကြောင်း ဩဂုတ် ၈ ရက်တွင် ကြေညာချက် ထုတ်ပြန်ခဲ့သည်။

ချီလီနိုင်ငံအား အုပ်စိုးခဲ့သည့် ဗိုလ်ချုပ်ကြီး ပီနိုရှေးအစိုးရလက်အောက်တွင် ညှဉ်းပန်းနှိပ်စက်မှုများကို ကြုံကြုံခံခဲ့သူလည်းဖြစ်၊ ယင်းနိုင်ငံ၏ သမ္မတရာထူး သက်တမ်းတွင် နှစ်ကြိမ်တိုင်တိုင် တာဝန်ထမ်းဆောင်ခဲ့သူလည်းဖြစ်သူ မီရှဲလ်ဘက်ချ်လက်သည် ကမ္ဘာ့အဖွဲ့အစည်းကြီးတစ်ခုဖြစ်သည့် လူ့အခွင့်အရေးကော်မရှင်၏ အကြီးအကဲသစ် ဖြစ်လာမည်ဖြစ်သည်။

ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီးရုံး၏ အကြီးအကဲအဖြစ် လက်ရှိတာဝန်ထမ်းဆောင်နေသူ ဂျော်ဒန်နိုင်ငံသား ဇီယတ်ရဒ်အယ်လ်ဟူစိန်၏ ရာထူးနေရာ၌ အသက် (၆၆)နှစ်ရှိ မစ္စဘက်ချ်လက်အား တာဝန်ထမ်းဆောင်စေမည်ဖြစ်သည်။

ဩဂုတ် ၃၁ ရက်တွင် ရာထူးမှ ဆင်းပေးမည့် မဟာမင်းကြီး ဟူစိန်သည် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် ၎င်း၏ မူဝါဒများအပေါ် ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့သူဖြစ်သည်။ ၎င်းသည် ၂၀၁၄ ခုနှစ် စက်တင်ဘာလမှစ၍ မဟာမင်းကြီးတာဝန်ကို ထမ်းဆောင်ခဲ့သူဖြစ်သည်။

မီရှဲလ်ဘက်ချ်လက်သည် ချီလီသမ္မတအဖြစ် သက်တမ်းနှစ်ကြိမ် တာဝန်ထမ်းဆောင်ခဲ့ပြီး ကမ္ဘာပေါ်တွင် နိုင်ငံရေးအရ ဩဇာတိက္ကမ ကြီးမားသည့် အမျိုးသမီးများထဲတွင် တစ်ဦးအပါအဝင်ဖြစ်သည်။

၎င်းသည် ၂၀၁၀ ပြည့်နှစ်မှစ၍ ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ ကျား၊ မ အခွင့်အရေး တန်းတူညီမျှရေး အေဂျင်စီ၏ ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်သည်။

ကုလသမဂ္ဂ ဒေသဆိုင်ရာ အစုအဖွဲ့များမှ ခေါင်းဆောင်များနှင့် ညှိနှိုင်းတိုင်ပင်မှု ပြုလုပ်ခဲ့ပြီးနောက် အထွေထွေညီလာခံသို့ အတွင်းရေးမှူးချုပ် ဂူတဲရက်ရှ်က ၎င်း၏ ဆုံးဖြတ်ချက်ကို ဩဂုတ် ၈ ရက်တွင် စာဖြင့်ရေးသား အသိပေးခဲ့ကြောင်း ကုလသမဂ္ဂမှ ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အမည်စာရင်း တင်သွင်းခံရသူကို ဩဂုတ် ၁၀ ရက်တွင်ကျင်းပမည့် နိုင်ငံပေါင်း ၁၉၃ နိုင်ငံ ပါဝင်သော အထွေထွေညီလာခံ အစည်းအဝေးတွင် ဆန္ဒမဲပေး အတည်ပြုမည်ဖြစ်ကြောင်း၊ အထွေထွေညီလာခံ၏ အတည်ပြုချက် ရရှိမည်ဟု မျှော်လင့်ရကြောင်း သံတမန်များက ပြောကြားကြသည်။

**အေအက်ဖ်ပီ**

# မွမ်ဘိုင်းမြို့၌ ရေနံချက်စက်ရုံ မီးလောင် လူ ၄၃ ဦးထက်မနည်း ထိခိုက်ဒဏ်ရာရ



**နယူးဒေလီ ဩဂုတ် ၉**
အိန္ဒိယနိုင်ငံ၏ စီးပွားရေးမြို့တော် မွမ်ဘိုင်းရှိ နိုင်ငံပိုင်ရေနံချက်စက်ရုံတစ်ရုံတွင် ဩဂုတ် ၈ ရက်က မီးလောင်ကျွမ်းမှုဖြစ်ပွားရာ လူ ၄၃ ဦးထက်မနည်း ထိခိုက်ဒဏ်ရာရခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

မွမ်ဘိုင်းမြို့ ချမ်ဘာအရပ်ရှိ ဘားရက်ရေနံလုပ်ငန်း၏ ရေနံချက်စက်ရုံတွင် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။

**ကုသပေး**

ရေနံလုပ်ငန်း၏ရှေ့ဦးသူနာပြုဌာနတွင် ထိခိုက်ဒဏ်ရာရသူများအား ကုသပေးပြီးနောက် ၂၂ ဦးကို ၎င်းတို့ နေအိမ်များသို့ ပြန်ခွင့်ပြုခဲ့ပြီး အခြား ၂၀ ယောက်ကို အင်လပ်ဆေးရုံသို့တင်ပို့ပေးခဲ့သည်။ ၎င်းတို့မှာ အရိုးများ ကျိုးအက်ခြင်းနှင့် အသားအရေများ စုတ်ပြတ်ပေါက်ပြဲသည့်ဒဏ်ရာများ ရရှိသူများဖြစ်ကြောင်း ဒုတိယရဲမင်းကြီး ရှာဂျီအူမက်က သတင်းဌာနများသို့ ပြောကြားသည်။

ဒဏ်ရာရသူများထဲမှ တစ်ဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**ပေါက်ကွဲ**

ဩဂုတ် ၈ ရက် ဒေသစံတော်ချိန် ညနေ ၃ နာရီခွဲခန့်တွင် ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း၊ မီးသတ်ယာဉ် ၁၀ စီးဖြင့် မီးငြိမ်းသတ်ခဲ့ကြကြောင်း မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အပူချိန် အဆမတန် မြင့်တက်ခြင်းနှင့် ဖိအားမြင့်တက်ခြင်းတို့ကြောင့် မီးသတ်သမားများမှာ ဘေးအန္တရာယ်ကင်းသည့် အကွာအဝေးမှ မီးငြိမ်းသတ်မှု လုပ်ဆောင်ခဲ့ရကြောင်း မီးသတ်တပ်ဖွဲ့အကြီးအကဲ ပီအက်စ်ရာဟန်ဒါလီက သတင်းဌာနများသို့ ပြောကြားသည်။

မီးမှာဆက်လက် လောင်ကျွမ်းနေသော်လည်း ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း ရေနံလုပ်ငန်းကုမ္ပဏီက ဩဂုတ် ၈ ရက် နှောင်းပိုင်းတွင် ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြသည်။

ယင်းဖြစ်ရပ်နှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးရန် အမိန့်ထုတ်ပြန်ထားသည်ဟု ရဲတပ်ဖွဲ့တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**ဆင်ဟွာ**

# နာဂါဆာကီ အဏုမြူဗုံးသင့်မှု အထိမ်းအမှတ် ဆုတောင်းပွဲ ကျင်းပ

**နာဂါဆာကီ ဩဂုတ် ၉**
ဒုတိယကမ္ဘာစစ်အတွင်း အမေရိကန်တပ်ဖွဲ့က ဒုတိယမြောက် အဏုမြူဗုံးကို ဂျပန်နိုင်ငံ နာဂါဆာကီမြို့ပေါ်ကြဲချခဲ့မှု ၇၃ နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဆုတောင်းပွဲကို ဩဂုတ် ၉ ရက်က ကျင်းပခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းဌာနက သတင်းထုတ်ပြန်သည်။

**ကျင်းပ**

ပထမဆုံးအဏုမြူဗုံးကို ဟီရိုရှီးမားမြို့ပေါ်သို့ ကြဲချခဲ့ပြီး သုံးရက်အကြာတွင် နောက်ထပ် အဏုမြူဗုံးကြဲချခံခဲ့ရသော နာဂါဆာကီမြို့၌ ဆုတောင်းပွဲအခမ်းအနား ကျင်းပခဲ့သည်။ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က ပထမဦးဆုံးအကြိမ်အဖြစ် အဆိုပါ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

၁၉၄၅ ခုနှစ်က ဗုံးကြဲချခံရသည့် အချိန်အတိအကျဖြစ်သော နံနက် ၁၁ နာရီ ၂ မိနစ်တွင် နာဂါဆာကီမြို့ ငြိမ်းချမ်းရေးပန်းခြံတွင် ငြိမ်သက်စွာ ဆုတောင်းခဲ့ကြသည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ နိုင်ငံပေါင်း ၇၀ ကျော်မှ ကိုယ်စားလှယ်များ ထောင်နှင့်ချီ တက်ရောက်ခဲ့ကြသည်။ နာဂါဆာကီ မြို့အုပ်ချုပ်ရေးမှူး တိုမိဟီစတာ့အုအဲက နျူကလီးယား လက်နက်များအပေါ် မှီခိုမှုမရှိအောင် ပြောင်းလဲကြရန် တောင်းဆိုခဲ့သည်။

စစ်အတွင်း နျူကလီးယား လက်နက် အသုံးပြုတိုက်ခိုက်ခံခဲ့ရသည့် တစ်ခုတည်းသော နိုင်ငံဖြစ်သော ဂျပန်နိုင်ငံသည် နျူကလီးယားလက်နက်တားမြစ်ရေး သဘောတူစာချုပ်ကို ထောက်ခံရန် အစိုးရအဖွဲ့အား တောင်းဆိုခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ဒုံးကျည်များဖြင့် တရစပ်ပစ်ခတ်ခြင်းကို တုံ့ပြန် ဂါဇာကမ်းမြောင်ဒေသကို အစ္စရေးလေကြောင်းမှ တိုက်ခိုက်

**ဂါဇာ ဩဂုတ် ၉**
အစ္စရေးနိုင်ငံ ပိုင်နက်နယ်မြေအတွင်းသို့ ဂါဇာကမ်းမြောင်ဒေသဘက်မှ ဒုံးကျည်အစင်းရေ ၁၅၀ ခန့်ဖြင့် ပစ်ခတ်မှုကို လက်တုံ့ပြန်သည့် အနေဖြင့် ဩဂုတ် ၈ ရက်တွင် ယင်းဒေသတစ်ဝန်း၌ အစ္စရေးက ညလုံးပေါက် လေကြောင်းမှ စီးနင်းတိုက်ခိုက်ခဲ့ရာ လမ်းလျှောက်တတ်ခါစ ကလေးငယ် တစ်ဦးအပါအဝင် ပါလက်စတိုင်းသုံးဦး သေဆုံးခဲ့ကြောင်း ပါလက်စတိုင်းတာဝန်ရှိများက ဩဂုတ် ၉ ရက်တွင် ပြောကြားကြသည်။

**ကျရောက်**

ဂါဇာကမ်းမြောင်ဒေသဘက်မှ ပါလက်စတိုင်းစစ်သွေးကြွများက ပစ်လွှတ်သည့် ဒုံးကျည်အများစုမှာ ကွင်းပြင်ဒေသများသို့ ကျရောက်ခဲ့သော်လည်း ဒုံးကျည်နှစ်စင်းထက်မနည်းမှာ ဂါဇာကမ်းမြောင်ဒေသ အနီးရှိ အစ္စရေးပိုင် ဆီဒေါ့မြို့သို့ ကျရောက်ခဲ့သည်။ ဂါဇာကမ်းမြောင်ဒေသတွင် တစ်ညလုံး ဥဩသံများပေါ်ထွက်ခဲ့ပြီး ဒေသခံများမှာ ဗုံးခိုကျင်းများအတွင်း ပုန်းအောင်းနေခဲ့ကြသည်။

ဒုံးကျည်ထိမှန်မှုကြောင့် လူလေးဦးထက်မနည်း ဆေးရုံသို့ တင်ပို့ပေးခဲ့ရကြောင်း၊ ယင်းတို့ထဲတွင် အသက် ၃၀ အရွယ် ထိုင်းလူမျိုး အမျိုးသမီးတစ်ဦး ပါဝင်ပြီး ၎င်းမှာ ဒဏ်ရာရထားကြောင်း ဆေးဘက်ဆိုင်ရာ သတင်းများ၌ ဖော်ပြသည်။

အစ္စရေး၏ လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ဂါဇာကမ်းမြောင်တွင် အသက် ၂၃ နှစ်အရွယ် ပါလက်စတိုင်း အမျိုးသမီးတစ်ဦးနှင့် ၎င်း၏သမီး အသက် ၁၈ လအရွယ် ကလေးငယ်တစ်ဦးသေဆုံးခဲ့ကြောင်း ဟားမားစ် ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။



ဂါဇာကမ်းမြောင်အလယ်ပိုင်းရှိ ဂျာဖာရာဝီဒေသကို အစ္စရေးက လေကြောင်းမှ တိုက်ခိုက်ခဲ့ရာတွင် ၎င်းတို့သေဆုံးရခြင်း ဖြစ်ကြောင်း၊ သေဆုံးသွားသည့် ပါလက်စတိုင်း အမျိုးသမီးသည် ကိုယ်ဝန်ဆောင်တစ်ဦးဖြစ်ပြီး ၎င်း၏ခင်ပွန်းမှာလည်း ထိခိုက်ဒဏ်ရာရခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ယင်းလေကြောင်းတိုက်ခိုက်မှုအတွင်း ဟားမားစ်စစ်သွေးကြွတစ်ဦး သေဆုံးပြီး ၁၂ ဦး ဒဏ်ရာရခဲ့သည်။

**ပစ်မှတ် ၁၄၀**

ဟားမားစ်အဖွဲ့၏စစ်ဘက်ဆိုင်ရာ နေရာများအဖြစ် ပစ်မှတ်နေရာ ၁၄၀ ကျော်ကို လေကြောင်းမှ စီးနင်းတိုက်ခိုက်ခဲ့ကြောင်း၊ ပစ်မှတ်များတွင် စစ်ဘက်ဆိုင်ရာ အဆောက်အအုံများနှင့် လက်နက်ထုတ်လုပ်သည့်နေရာများပါဝင်ကြောင်း အစ္စရေးစစ်ဘက်က ပြောကြားသည်။

ပါလက်စတိုင်းစစ်သွေးကြွများက ဩဂုတ် ၈ ရက် ညပိုင်းမှ ၉ ရက်အထိ အစ္စရေးနိုင်ငံတွင်းသို့ ဒုံးကျည်အစင်း ၁၅၀ ဖြင့် ပစ်ခတ်ခဲ့ရာ ဒုံးကျည် ၂၅ စင်းကို အစ္စရေးလေကြောင်းရန်ကာကွယ်ရေးစနစ်က ကြားဖြတ်ဟန့်တားနိုင်ကြောင်း အစ္စရေးစစ်ဘက်က ပြောကြားသည်။

**အေအက်ဖ်ပီ**

# ဒိုင်နမိုဇာဂရက်နောက်ခံလူ ဘန်ကိုဗစ်အား လက်စတာစီးတီးအသင်း ခေါ်ယူ

လက်စတာစီးတီးအသင်းသည် ဒိုင်နမိုဇာဂရက်အသင်းမှ ခရိုအေးရှားအသင်း အသက် ၂၁ နှစ်အရွယ် နောက်တန်းကစားသမား ဘန်ကိုဗစ်အား ခေါ်ယူလိုက်ပြီဖြစ်ကြောင်းသိရသည်။ နောက်တန်းကစားသမား ဘန်ကိုဗစ်သည် လက်စတာစီးတီးအသင်းနှင့် ငါးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့ပြီး လက်စတာစီးတီးအသင်းအတွက် ယခုအပြောင်းအရွှေ့ကာလတွင် ခြောက်ဦးမြောက်ခေါ်ယူခဲ့သည့် ကစားသမားလည်းဖြစ်လာခဲ့သည်။

နောက်တန်းကစားသမားဘန်ကိုဗစ်သည် ပြီးခဲ့သည့်ဘောလုံးရာသီက ဒိုင်နမိုဇာဂရက်အသင်းနှင့်အတူ ပွဲပေါင်း ၃၀ ပွဲပါဝင်ကစားပေးခဲ့ပြီး ပြည်တွင်းလိဂ် ဖလားကိုပင် ရယူပေးနိုင်ခဲ့သူဖြစ်သည်။

"ကလပ်အသင်းအတွက်သာမက ပရိသတ်တွေအတွက်ရော လူတိုင်းအတွက်ပါ လက်စတာစီးတီးအသင်းနဲ့အတူ အကောင်းဆုံးခြေစွမ်းရရှိအောင် စွမ်းဆောင်ပေးသွားမှာပါ" ဟု လက်စတာစီးတီးအသင်းနှင့် စာချုပ်ချုပ်ဆိုပြီးချိန်တွင် နောက်တန်းကစားသမား ဘန်ကိုဗစ်က ပြောကြားခဲ့သည်။

ဘန်ကိုဗစ်သည် လက်စတာစီးတီးအသင်းသို့ ရောက်ရှိလာခဲ့ပြီဖြစ်၍ ဩဂုတ် ၁၀ ရက် ညပိုင်းတွင် မန်ယူအသင်းနှင့် ကစားရမည့် ပရီမီယာလိဂ်အဖွင့်ပွဲစဉ်တွင် ပါဝင်လာဖွယ်ရှိကြောင်းလည်းသိရသည်။







# ဘီဘာအိုဂိုးသမား ကီပါအား ပေါင် ၇၁ သန်းဖြင့် ချယ်လ်ဆီးအသင်း ခေါ်ယူ

ချယ်လ်ဆီးအသင်းသည် ဘီဘာအိုအသင်းမှ ဂိုးသမား ကီပါအား ပြောင်းရွှေ့ကြေးပေါင် ၇၁ သန်းဖြင့် ခုနစ်နှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ချုပ်ဆိုကာ ခေါ်ယူလိုက်ပြီဖြစ်ကြောင်း သိရသည်။

ချယ်လ်ဆီးအသင်းအနေဖြင့် ဂိုးသမားကော်တိုရစ် ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့သွားခဲ့ခြင်းကြောင့် အစားထိုးဂိုးသမား အဖြစ် ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဂိုးသမား ကီပါသည် စပိန်နိုင်ငံလက်ရွေးစင်အသင်းအတွက်မူ မန်ယူအသင်းဂိုးသမား ဒေးဗစ်ဒီဂီယာ၏နောက် ဒုတိယဦးစားပေး ဂိုးသမားအဖြစ်သာ ပွဲထွက်ကစားခွင့်ရရှိခဲ့သူဖြစ်သည်။

ဂိုးသမားကီပါသည် ဘီဘာအိုအသင်းနှင့်အတူ နှစ်ရာသီကြာ ဖြတ်သန်းခဲ့ရာတွင် စပိန်လာလီဂါပွဲစဉ် ၅၃ ပွဲပါဝင်ကစားခွင့်ရရှိခဲ့ပြီး စပိန်လက်ရွေးစင်အသင်းအတွက်မူ တစ်ပွဲသာလျှင်ပွဲထွက်ကစားခွင့် ရရှိခဲ့သည်။

မန်စီးတီးအသင်းသည် ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်းက ဘီဘာအိုနောက်တန်းကစားသမား လာပေါ့တီကို ပြောင်းရွှေ့ကြေးပေါင် ၅၇ သန်းဖြင့် ခေါ်ယူထားခဲ့ပြီးဖြစ်သောကြောင့် ယခုဂိုးသမားကီပါ အသင်းမှာထွက်ခွာခြင်းသည် ဘီဘာအိုအသင်းအတွက် အရေးပါသည့် ကစားသမားတစ်ဦး ဒုတိယအကြိမ်ထပ်မံဆုံးရှုံးခဲ့ရခြင်းဖြစ်သည်။

ဂျူဗင်တပ်အသင်းတွင် ၁၇ နှစ်ကြာ ကစားခဲ့သည့် အီတလီဂိုးသမား ဘတ်ဖွန်သည် ဂိုးသမားများထဲတွင် ကမ္ဘာ့ဈေးအကြီးဆုံးဂိုးသမား ဖြစ်ခဲ့သော်လည်း ရိုးမားဂိုးသမား အဲလစ်ဆင်က လီဗာပူးအသင်းသို့ စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့ခဲ့ပြီးနောက် အဲလစ်ဆင်က ဈေးအကြီးဆုံးဂိုးသမားဖြစ်ခဲ့သော်လည်း လက်ရှိတွင် ဘီဘာအို ဂိုးသမား ကီပါက ချယ်လ်ဆီးအသင်းကို ပေါင် ၇၁ သန်းဖြင့် ပြောင်း ရွှေ့ခဲ့သဖြင့် ကမ္ဘာ့ဈေးအကြီးဆုံးဂိုးသမားအဖြစ် မှတ်တမ်းဝင်သွားခဲ့ပြီဖြစ်သည်။

# ဂိုးသမားကော်တိုရစ်ကို ရီးယဲလ်သို့ ရောင်းချပြီး ရီးယဲလ်ကွင်းလယ်လူ ကိုဗာဆစ်ကို ချယ်လ်ဆီး ခေါ်ယူ

ချယ်လ်ဆီးအသင်းသည် ဂိုးသမားကော်တိုရစ်အား ရီးယဲလ်မက်ဒရစ်အသင်းသို့ ရောင်းချခဲ့ပြီး ရီးယဲလ်မက်ဒရစ်အသင်း၏ ကွင်းလယ်ကစားသမား ကိုဗာဆစ်ကို ပြန်လည်ခေါ်ယူခဲ့ကြောင်းသိရသည်။

အသက် ၂၄ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ကိုဗာဆစ်သည် အင်တာမီလန်အသင်းမှ ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့လာခဲ့ပြီးနောက် ဘာနေဗျူးတွင် ဘောလုံးရာသီသုံးရာသီကြာ ကစားပေးခဲ့သူဖြစ်သည်။ ကိုဗာဆစ်သည် ၂၀၁၇-၂၀၁၈ ဘောလုံးရာသီတွင် ရီးယဲလ်မက်ဒရစ်အသင်းနှင့်အတူ ၃၆ ပွဲပါဝင်ကစားပေးခဲ့ပြီး ဂိုးဖန်တီးမှုသုံးကြိမ်အထိ ပြုလုပ်ပေးနိုင်ခဲ့သူဖြစ်သည်။

ကွင်းလယ်ကစားသမား ကိုဗာဆစ်သည် ရုရှားနိုင်ငံက အိမ်ရှင် အဖြစ်လက်ခံကျင်းပခဲ့သည့် ၂၀၁၈ ခုနှစ်ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း ခရိုအေးရှားအသင်းကို နောက်ဆုံးဗိုလ်လုပွဲအထိ တက်လှမ်းနိုင်အောင် စွမ်းဆောင်ပေးခဲ့သည့် ကစားသမားများထဲတွင် တစ်ဦးအပါအဝင်ဖြစ်သည်။

ကိုဗာဆစ်သည် ၂၀၁၅ ခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး သုံးရာသီကစားပေးခဲ့ရာတွင် ချန်ပီယံလိဂ်ဖလား သုံးကြိမ်အထိ ရယူ ဆွတ်ခူးပေးနိုင်ခဲ့သူဖြစ်သည်။ လက်ရှိတွင် ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် ကိုဗာဆစ်အား ချယ်လ်ဆီးအသင်းသို့ ရောင်းချခဲ့ပြီး ချယ်လ်ဆီးဂိုးသမား ကော်တိုရစ်ကို ဘာနေဗျူးသို့ ခေါ်ယူနိုင်ခဲ့သည်။ ရီးယဲလ်မက်ဒရစ်အသင်း အနေဖြင့် ဂိုးသမားကော်တိုရစ်အား ခြောက်နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုကာ ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဂိုးသမားကော်တိုရစ်သည် ချယ်လ်ဆီးအသင်းသို့ ၂၀၁၁ ခုနှစ်က ဂျန့်အသင်းမှ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ၂၀၁၄ ခုနှစ်အထိ အက်သလက်တီကိုမက်ဒရစ်အသင်းတွင် အငှားချထားခြင်းခံခဲ့ရသူဖြစ်သည်။

ကော်တိုရစ်သည် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဘယ်လ်ဂျီယံအသင်းနှင့်အတူ လက်စွမ်းပြကစားနိုင်ခဲ့ပြီး ဘယ်လ်ဂျီယံအသင်း ကမ္ဘာ့ဖလားတတိယနေရာရရှိခဲ့ရာတွင် အဓိက ကျခဲ့သည့်ကစားသမားတစ်ဦးလည်း ဖြစ်သည်။ ထို့ကြောင့် ဂိုးသမားကော်တိုရစ်မှာ ကမ္ဘာ့ဖလားအကောင်း ဆုံးဂိုးသမားဆု(ရွှေလက်အိတ်ဆု)ကို ရယူဆွတ်ခူးနိုင်ခဲ့သည်။




## မန်ယူက စိတ်ဝင်စားနေသော်လည်း ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ကစားမည်ဟု ဘိုင်ယန်နောက်ခံလူ ဘိုတန်ပြောကြား

ဘိုင်ယန်မြူးနစ်အသင်း၏ နောက်တန်းကစားသမား ဘိုတန်သည် လက်ရှိတွင် မန်ယူအသင်းက ခေါ်ယူရန်စိတ်ဝင်စားနေသော်လည်း ၎င်းအနေဖြင့် ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းသို့သာ ပြောင်းရွှေ့ကစားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် နောက်တန်းကစားသမား ဘိုတန်သည် ပီအက်စ်ဂျီအသင်းနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာသဘောတူညီမှုရရှိထားပြီးဖြစ်ကြောင်းလည်း ပြင်သစ်နိုင်ငံမှ လာသောသတင်းများအရ သိရသည်။

နောက်တန်းကစားသမား ဘိုတန်သည် ၂၀၁၇-၂၀၁၈ ဘောလုံးရာသီတွင် ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းနှင့် အတူ ၁၉ ပွဲပါဝင်ကစားပေးခဲ့ပြီး သွင်းဂိုးတစ်ဂိုး သွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။

မန်ယူအသင်းအနေဖြင့် နောက်တန်းကစားသမားဘိုတန်ကို ခေါ်ယူရန်အတွက် ပြောင်းရွှေ့ကြေးပေါင် ၂၂ ဒသမ ၅ သန်းဖြင့် ကမ်းလှမ်းခဲ့သော်လည်း ဘိုင်ယန်မြူးနစ်အသင်းကမူ ဘိုတန်၏ ပြောင်းရွှေ့ကြေးကို ပေါင် ၄၄ သန်းအထိ သတ်မှတ်ခဲ့ကြောင်းလည်း သိရသည်။

ငွေကြယ် - ရေးသားသည်

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၉**

မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက်တွင် ဩဂုတ် ၈ ရက်က ကုန်သွယ်မှု ယာဉ် ပို့ကုန် ၈၄၂ စီး၊ သွင်းကုန် ၈၂၇ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၈ စီး၊ သွင်းကုန် ၇၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၈ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၈ ဒသမ ၈၇၉ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေး စခန်းက တားဆီးမှု လေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၀၁၀ သန်းခန့်) စုစုပေါင်း တားဆီးမှု ခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁ ဒသမ ၈၈၉ သန်းခန့်) သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဩဂုတ် ၈ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် TOYOTA ALPHARD ယာဉ်တစ်စီးအား စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခားရွေ ၁ ဒသမ ၂၉၃၀ တန်နှင့် အဆိုပါ ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈ ဒသမ ၈၇၉ သန်းခန့်) စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျွန်းလှမြို့နယ်၌ ကျပ်တစ်သောင်းတန် ငွေစက္ကူအတုများ သိမ်းဆည်းရမိ

**ကျွန်းလှ ဩဂုတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ရွာကုန်းကြီးကျေးရွာတွင် ၁၀၀၀၀ ကျပ်တန်ငွေစက္ကူအတုများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၈ ရက် ညနေ ၅ နာရီခွဲခန့်တွင် ကျွန်းလှမြို့နယ် ရွာကုန်းကြီးနယ်မြေရဲကင်းခေတ္တစခန်းမှူး ဒုရဲအုပ်အောင်နိုင်ထွန်းထံ ရွာလူကြီးလေးဦးမှ ၁၀၀၀၀ ကျပ်တန်ငွေစက္ကူလေးရွက် လာရောက်အပ်နှံပြီး အဆိုပါငွေစက္ကူများမှာ ရွာကုန်းကြီးတိုက်နယ်ဆေးရုံမှ ဓာတ်မှန်ကျွမ်းကျင် (၄) မချယ်ရီထွန်းက အကြွေးလာဆပ်သည့် ၁၀၀၀၀ တန် ၁၀ ရွက်အတွင်းမှ ပါလာခဲ့ကြောင်း သိရသည်။ ယင်းနေ့ ညနေ ၆ နာရီခွဲခန့်တွင်လည်း မချယ်ရီထွန်းက ငွေစက္ကူအတုဟု ယူဆရသော ၁၀၀၀၀ တန် ၁၁ ရွက်ကို ဒုရဲအုပ်အောင်နိုင်ထွန်းထံ လာရောက်အပ်လာပြန်သဖြင့် မချယ်ရီထွန်းအား မေးခဲ့ရာ အဆိုပါ ၁၀၀၀၀ တန်ငွေစက္ကူများသည် ၎င်း၏ခင်ပွန်းဖြစ်သူ ဇေယျာချစ်မိုင်းဆိုသူသည် ဇူလိုင် ၃၁ ရက်က ကျွန်းလှမြို့နယ် ကုက္ကိုကုန်းကျေးရွာရှိ ကုန်စုံဆိုင်မှ wavemoney ဖြင့် ထုတ်ယူခဲ့ကြောင်း သိရှိရသဖြင့် အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ငွေစက္ကူ အတုဟု ယူဆရသော ၁၀၀၀၀ ကျပ်တန်ငွေစက္ကူများအား အတု၊ အစစ် ခွဲခြားနိုင်ရေးအတွက် မှုခင်းရဲတပ်ဖွဲ့နှင့် ချိတ်ဆက်ဆောင်ရွက်ထားရှိပြီး ငွေစက္ကူ အတုပြုလုပ်သူအား ဖော်ထုတ်ဖမ်းဆီးနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**လူအောင်(ကသာ)**

# ဖြူးမြို့နယ် အမြန်လမ်းပိုင်းတွင် ယာဉ်ငယ်တစ်စီး မြောင်းအတွင်း ပြုတ်ကျရာက နှစ်ဦးသေဆုံး

**ဖြူး ဩဂုတ် ၉**

ရန်ကုန်-နေပြည်တော်အမြန်လမ်းပိုင်း ဖြူးမြို့နယ် မိုင်တိုင် ၁၁၃/၄ နှင့် ၅ အကြား၌ ဩဂုတ် ၉ ရက် နံနက် ၂ နာရီခွဲခန့်က အိမ်စီးယာဉ်ငယ်တစ်စီး အရှိန်လွန်ကာ ဖြူးချောင်းရေလွှဲဆည် ရေလွှတ်မြောင်းအတွင်းသို့ ထိုးကျသွားခဲ့ရာ နှစ်ဦး ရေနစ်သေဆုံး၍ ကျန်တစ်ဦးမှာ ရဲတပ်ဖွဲ့ဝင်များ အချိန်မီ ကယ်ဆယ်နိုင်ခဲ့ကြောင်း ဖြူးအမြန်လမ်းရဲစခန်းမှ စခန်းမှူး ရဲအုပ်လှိုင်ဇော်ဦးက ပြောသည်။



ရန်ကုန်မှ နေပြည်တော်သို့ မောင်းနှင်လာသော အိမ်စီးယာဉ်ငယ်တစ်စီး တံတားလက်ရန်းကို တိုက်မိကာ မြောင်းအတွင်း ပြုတ်ကျသွားကြောင်း သတင်းအရ ဖြူးအမြန်လမ်းရဲစခန်းမှ စခန်းမှူး ရဲအုပ်လှိုင်ဇော်ဦးနှင့်အဖွဲ့ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါယာဉ်သည် ရေမြောင်းအတွင်း ပက်လက်အနေအထားဖြစ်နေသည်ကို တွေ့ရှိခဲ့ရခြင်းဖြစ်သည်။ တိမ်းမှောက်နေသည့် ယာဉ်အား စစ်ဆေးခဲ့ရာ ယာဉ်မောင်း တင်ရွှေ ယုဇနဉယျာဉ်မြို့တော် ဒဂုံဆိပ်ကမ်းမြို့နယ်နေသူ (နေရာတွင်သေဆုံး)၊ ဦးနှင်းဝေအောင် အင်းစိန်မြို့နယ်နေသူ (နေရာတွင်သေဆုံး) တို့ကိုတွေ့ရှိရပြီး ရေနစ်နေသော ဦးကျော်မင်း (၄၁)နှစ် မြောက်ဒဂုံမြို့နယ်နေသူကို အချိန်မီ ကယ်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။ အမှုဖြစ်စဉ်နှင့်ပတ်သက်၍ ဖြူးအမြန်လမ်းရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



# စစ်တွေမြို့နယ် အုန်းတောကြီးမြောက် ကယ်ဆယ်ရေးစခန်း၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**စစ်တွေ ဩဂုတ် ၉**

စစ်တွေမြို့နယ် အုန်းတောကြီးမြောက် ကယ်ဆယ်ရေးစခန်း၌ ယနေ့နံနက် ၈ နာရီတွင် မူးယစ်ဆေးဝါး (ဆေးခြောက်) ဂရမ် ၁၂၀၀၀ ခန့် သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ စစ်တွေမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်အေးခင်မောင်သည် မှန်စီ(လှုပ်ရှား)ရဲကင်းမှ ဒုရဲအုပ်အောင်ကျော်သန်းနှင့် အဖွဲ့သည် စစ်တွေမြို့နယ် အုန်းတောကြီးမြောက် ကယ်ဆယ်ရေးစခန်း အဆောင် (၁၉)၊ အခန်း(၃/၄)နေ မာမောက်တော်ယူ(ခ)ဘမောင်နေအိမ်တွင် တရားမဝင် မူးယစ်ဆေးဝါး(ဆေးခြောက်)များ ဝယ်ယူရောင်းချနေကြောင်း သတင်းရရှိသဖြင့် ဝင်ရောက်ရှာဖွေခဲ့ရာ နေအိမ်ရှေ့ခန်းထရံအနီး မြေကြီးပေါ်တွင် ပလတ်စတိတ်အိတ်များအတွင်း၌ ဆေးခြောက်တစ်ထုပ်လျှင် ၁၀၀၀ ဂရမ်စီပါ ဆေးခြောက် ၁၂ ထုပ် စုစုပေါင်း ဂရမ် ၁၂၀၀၀ နှင့် မူးယစ်ဆေးဝါးများ ရောင်းချရာတွင် အသုံးပြုသော ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိပြီး မာမောက်တော်ယူ(ခ) ဘမောင်အား စစ်တွေမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အတူ ဩဂုတ် ၈ ရက် ည ၁၀ နာရီခွဲခန့်တွင် စစ်တွေနယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ကျော်မင်းနှင့်အဖွဲ့သည် စစ်တွေမြို့ ဆင်ကူးလမ်းရပ်ကွက်၊ အကွက်(၂) ဆေးရုံချေလမ်းသွယ်နေ ဒေါ်လှမြိုင်စိန်သည် မူးယစ်ဆေးဝါးများ ရောင်းချနေကြောင်း သတင်းရရှိသဖြင့် နေအိမ်သို့ သွားရောက်ရှာဖွေရာ နေအိမ်ဈေးဆိုင်တွင် သန့်ဇော်ထွန်းအား တွေ့ရှိ၍ စစ်ဆေးမေးမြန်းစဉ် ၎င်းဝတ်ထားသော ဘောင်းဘီအိတ်ကတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၊ R တံဆိပ်ပါ လိမ္မော်ရောင်စိတ်ကြွရူးသွပ်ဆေးပြား ၄၀၊ ငွေကျပ် ၄၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိသည်။

ဆက်လက်၍ သန့်ဇော်ထွန်းအား စစ်ဆေးမေးမြန်းရာ ဒေါ်လှမြိုင်စိန်က ရောင်းချခိုင်းထားခြင်းဖြစ်ပြီး ဒေါ်လှမြိုင်စိန်နေအိမ်အား ဆက်လက်ရှာဖွေရာ နေအိမ်အောက်ထပ် လှေကားအနီးတွင် WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၂၁ ပြား၊ R တံဆိပ်ပါလိမ္မော်ရောင်စိတ်ကြွရူးသွပ်ဆေးပြား ၇၄ ပြား၊ အစိမ်းရောင် နှစ်ပြားနှင့် ငွေကျပ်၂၀၀၀၀ တို့ကို သိမ်းဆည်းရမိကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ သန့်ဇော်ထွန်းနှင့် ဒေါ်လှမြိုင်စိန်တို့အား မူးယစ်ဆေးဝါးဥပဒေအရ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ချောင်းဆုံမြို့နယ်တွင် ဘိန်းစာရွက် စိုက်ပျိုးရောင်းချသူအား ဖမ်းဆီး

**ချောင်းဆုံ ဩဂုတ် ၉**

ချောင်းဆုံမြို့နယ် မြို့မရဲစခန်းနယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်လှိုင်မင်းသန်းနှင့် တပ်ဖွဲ့ဝင်များသည် ဘိန်းစာရွက် စိုက်ပျိုးရောင်းချနေကြောင်း သတင်းအရ မုရစ်ကြီးကျေးရွာနေ ဦးခင်မောင်ထွန်း၏ခြံအား ဩဂုတ် ၉ ရက် နံနက် ၁၁ နာရီခွဲခန့်က ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ဝင်ရောက်ရှာဖွေရာတွင် လူနေတဲငယ်၏ အရှေ့ ၁၀ ပေခန့်အကွာ၌ အမြင့် ၂၃ ပေ၊ လုံးပတ် တစ်ပေခန့်ရှိ ဘိန်းစာရွက်ပင်အား တွေ့ရှိသဖြင့် ဘိန်းစာရွက်များအား ရှာဖွေပုံစံဖြင့် သိမ်းဆည်းပြီး ဦးခင်မောင်ထွန်းအား ချောင်းဆုံမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

■

# ပေါင်းတည်မြို့နယ်တွင် ဆိုင်ကယ်နှင့် ကားရထားတိုက်မှုဖြစ်ပွား

**ပေါင်းတည် ဩဂုတ် ၉**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ် ဘိုးသာအောင်ကုန်းအုပ်စု အနောက်ညောင်ကုန်းကျေးရွာထိပ်ရှိ ရထားလမ်းဖြတ်တွင် အမျိုးသားနှစ်ဦးစီးလာသော ဆိုင်ကယ်နှင့် ကားရထားတို့ တိုက်မိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပေါင်းတည်မြို့နယ် ဘိုးသာအောင်ကုန်းအုပ်စု အနောက်ညောင်ကုန်းကျေးရွာရှိ ရထားလမ်းဖြတ်တွင် ယမန်နေ့ညနေ ၃ နာရီခွဲခန့်က ဦးဝင်းအောင် ရွာရှည်ရွာ ချဉ်ယုတ်ကွင်းအုပ်စု နတ်တလင်းမြို့နယ်နေသူ မောင်းနှင်ပြီး တစ်ရွာတည်းနေ ဦးဖိုးပိန် စီးနင်းလိုက်ပါလာသော ဆိုင်ကယ်သည် ရထားလမ်းအား ဖြတ်ကူးစဉ် ပေါင်းတည်ဘူတာမှ လက်ပံတန်းသို့ မောင်းနှင်လာသော အစုန်ကားရထားနှင့် တိုက်မှုဖြစ်ပွားခဲ့သည်။

အဆိုပါယာဉ်တိုက်မှုကြောင့် ဦးဝင်းအောင်နှင့် ဦးဖိုးပိန်တို့တွင် ပွန်းပဲ့ဒဏ်ရာများရရှိခဲ့ပြီး ပေါင်းတည်ပြည်သူ့ဆေးရုံတွင် တင်ပို့ထားကြောင်း သိရသည်။ ပေါင်းတည်မြို့မရဲစခန်းက ဆိုင်ကယ်အား မဆင်မခြင်မောင်းနှင်သူ ဦးဝင်းအောင်အား အမှုဖွင့်လှစ်ထားကြောင်း သိရသည်။

**တင်ဝင်းဇော်**

# မိုးကောင်းမြို့၌ ကျွန်းသစ်ခွဲသားများ သိမ်းဆည်းရမိ

**မိုးကောင်း ဩဂုတ် ၉**

ကချင်ပြည်နယ် မိုးကောင်းမြို့အဝင် နှစ်မိုင်ဂိတ်အနီး ပြည်ထောင်စုကားလမ်းမကြီးပေါ်တွင် ဩဂုတ် ၈ ရက် နံနက် ၁ နာရီက သုံးဘီးဆိုင်ကယ်ဖြင့် တရားမဝင်သယ်ဆောင်လာသည့် ကျွန်းသစ်ခွဲသားများ သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၈ ရက် နံနက် ၁ နာရီက မိုးကောင်းမြို့မရဲစခန်းမှ နယ်ထိန်းတပ်ဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာန ဝန်ထမ်းများ၊ ဌာနေပြည်သူ့စစ်အဖွဲ့နှင့် ပူးပေါင်းအဖွဲ့သည် မိုးကောင်းမြို့အဝင် နှစ်မိုင်ဂိတ်အနီး ပြည်ထောင်စုကားလမ်းမကြီးအတိုင်း မိုးညှင်းမှ ဦးကျော်ထွန်း မိုးညှင်းမြို့နယ် နန့်မွန်းကျေးရွာ ရှမ်းကုန်းကွက်သစ်နေသူ မောင်းနှင်လာသည့် လီဖန်းအမျိုးအစား အပြာရောင်သုံးဘီးဆိုင်ကယ်အား စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် တရားမဝင်ကျွန်းသစ်ခွဲသား ဆိုဒ်စုံ ၆၄ ချောင်းအား စစ်ဆေးရှာဖွေတွေ့ရှိခဲ့၍ မြို့နယ်သစ်တောဦးစီးဌာနရုံးတွင် စနစ်တကျ သိမ်းဆည်းထားကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တရားမဝင်ကျွန်းသစ်ခွဲသား သယ်ဆောင်သူ ဦးကျော်ထွန်းအား မိုးကောင်းမြို့မရဲစခန်းတွင် သစ်တောအက်ဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## မြန်မာ့ရုပ်မြင်သံကြား

**၁၀-၈-၂၀၁၈ (သောကြာနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | Breakfast News |
| ၇း၃၅ | MRTV Travelogue |
| ၈း၄၀ | မျက်မှောက်ရေးရာအဖြာဖြာ |
| ၉း၁၅ | "1 On1 Football skills Challenge Cup ပြိုင်ပွဲအစီအစဉ်" |
| ၁၀း၃၀ | လူမှုစီးပွားမြင်ကွင်းများ |
| ၁၁း၁၅ | "ချစ်တတ်ကြရအောင်" |
| ၁၁း၃၀ | အလုပ်သမားရေးရာအစီအစဉ် |
| ၁၂း၄၀ | မြန်မာဇာတ်လမ်းတွဲ "ဇနီးချောများကွန်ရက်" (အပိုင်း-၂၂)(ဖိုးသောကြာ၊ မေဘရဏီသော်၊ စိုးပြည့်သဇင်၊ ကျော်ကျော်၊ မြနှင်းရည်လွင်၊ ခင်သဇင်၊ နေယံ၊ ဇေယျ) (ဒါရိုက်တာ-အောင်ဩဘာ) |
| ၁၄း၀၀ | မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၁)(ဒါရိုက်တာ-ကြည်စိုးထွန်း၊ ခင်မောင်ချင်း) |
| ၁၅း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၈၁) |

**ညပိုင်း**

| | |
|---|---|
| ၁၆း၂၀ | "1 On 1 Football skills Challenge Cup ပြိုင်ပွဲအစီအစဉ်" |
| ၁၇း၀၅ | ကျန်းမာရေးမဂ္ဂဇင်း "ကိုယ်ဝန်ဆောင်စဉ် သွေးဆင်းခြင်းအကြောင်း သိကောင်းစရာ" |
| ၁၇း၂၀ | Catch Asia News (Season-II) (Epi-2) |
| ၁၇း၃၀ | Weekly Sport Info |
| ၁၈း၂၅ | သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "ကြတ္တိယနှင့် မင်္ဂလာခုတင်" |
| ၁၉း၁၅ | မြန်မာဇာတ်လမ်းတွဲ "ဇနီးချောများကွန်ရက်" (အပိုင်း-၂၃)(ဖိုးသောကြာ၊ မေဘရဏီသော်၊ စိုးပြည့်သဇင်၊ ကျော်ကျော်၊ မြနှင်းရည်လွင်၊ ခင်သဇင်၊ နေယံ၊ ဇေယျ) (ဒါရိုက်တာ-အောင်ဩဘာ) |
| ၂၀း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀း၃၅ | "ရွှေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအကြောင်း သိကောင်းစရာ" -Britain's Got Talent (10) -"မှီခိုရာ"(ဒါန) -အစီအစဉ်ပြီး၏။ |

*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)*



# မဲဆန္ဒရှင်များ၊ ရွေးကောက်ပွဲနှင့် ဥပဒေ

မောင်စာဂ

၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို နိုဝင်ဘာလ ၃ ရက်နေ့တွင် ကျင်းပမည်။ အချိန်ကာလ နီးကပ်လာနေပြီ။ မဲဆန္ဒရှင်များ ဆန္ဒမဲပေးဖို့ ကြိုတင်ပြင်ဆင်နေကြပြီ။ ဤတွင် ရွေးကောက်ပွဲတစ်ခု၌ မဲဆန္ဒရှင်များက သိသင့်သိထိုက်သည့် အချက်များကို သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေများ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များမှ အနှစ်ချုပ်ကောက်နုတ်၍ မျှဝေပါရစေ။

## မဲဆန္ဒရှင်

မဲဆန္ဒရှင်ဆိုသည်မှာ လွှတ်တော် ရွေးကောက်ပွဲတစ်ရပ်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတစ်ဦးကို ဆိုသည်။

## ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ

ရွေးကောက်ပွဲစတင်ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီးသူများ၊ နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများနှင့် သက်ဆိုင်ရာမဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်သူများဖြစ်လျှင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။

## ဆန္ဒမဲပေးပိုင်ခွင့်မရှိသူများ

သာသနာ့ဝန်ထမ်း၊ ထောင်ဒဏ်ကျခံနေရသူ၊ စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာ ဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ၊ လူမွဲအဖြစ်ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ၊ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာဥပဒေအရ တားမြစ်ခြင်း ခံရသူ၊ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူများသည် ဆန္ဒမဲပေးခွင့် မရှိကြပါ။

## မဲဆန္ဒရှင်တစ်ဦး၏ တာဝန်

ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲက မဲစာရင်းများကို ကြေညာသည့်အခါ သက်ဆိုင်ရာမဲစာရင်းတွင် မိမိ၏အမည် ပါဝင်ခြင်း ရှိ-မရှိကို လာရောက်ကြည့်ရှုရန် တာဝန်ရှိသည်။ ထို့ပြင် မဲရုံတွင် ဆန္ဒမဲပေးသည့်အခါ မဲရုံမှူးက တာဝန်အရ ညွှန်ကြားခြင်းကို လိုက်နာရန် တာဝန်ရှိသည်။

## မဲဆန္ဒရှင်တစ်ဦး၏ အခွင့်အရေးများ

(က) လွှတ်တော် ကိုယ်စားလှယ်လောင်းများကို လျှို့ဝှက်ဆန္ဒမဲဖြင့် တိုက်ရိုက် ရွေးကောက်တင်မြှောက်ခွင့်ရှိသည်၊

(ခ) ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးလိုကပေးနိုင်ပြီး မပေးလိုက မပေးဘဲနေခွင့်ရှိသည်၊ သို့ရာတွင် ဆန္ဒမဲပေးပိုင်ခွင့် အခွင့်အရေးမဆုံးရှုံးစေရန် အလေးထားရပါမည်၊

(ဂ) ဆန္ဒမဲလက်မှတ်ရှိအမည်များကို မဖတ်တတ်လျှင် သို့မဟုတ် ဆန္ဒမဲမပေးတတ်လျှင် မဲစာရင်း၌ပါရှိသော မိမိ၏ ဖခင်၊ မိခင်၊ ဇနီး၊ ခင်ပွန်း၊ သားသမီး၊ ညီအစ်ကို မောင်နှမအရင်း တစ်ဦးဦးအား မိမိညွှန်ကြားသည့်အတိုင်း ဆန္ဒမဲလက်မှတ်ပေါ်၌ လျှို့ဝှက်ဆန္ဒပြုစေနိုင်သည်။ ယင်းပုဂ္ဂိုလ်များမရှိခဲ့လျှင် မဲရုံတွင်ဆိုပါက မဲရုံမှူးအား အကူအညီတောင်းခံနိုင်သည်၊

(ဃ) မသန်စွမ်းသူဖြစ်လျှင် မဲစာရင်း၌ပါရှိသော မိမိ၏ဖခင်၊ မိခင်၊ ဇနီး၊ ခင်ပွန်း၊ သားသမီး၊ ညီအစ်ကို မောင်နှမအရင်းတစ်ဦးဦး သို့မဟုတ် မသန်စွမ်းသူကိုယ်တိုင် စိတ်ကြိုက်ရွေးချယ်သူတစ်ဦးဦး၏ အကူအညီဖြင့် ဆန္ဒမဲပေးခွင့်ရှိသည်၊

(င) ရွေးကောက်ပွဲမကျင်းပမီ သော်လည်းကောင်း၊ ရွေးကောက်ပွဲ ကျင်းပနေစဉ်သော်လည်းကောင်း၊ ရွေးကောက်ပွဲကျင်းပပြီးသည့်နေ့မှ ၁၅ ရက်အတွင်း သော်လည်းကောင်း ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများနှင့် စပ်လျဉ်း၍ သက်သေအထောက်အထား ခိုင်လုံစွာဖြင့် သက်ဆိုင်ရာရဲစခန်းသို့ တိုင်တန်းခွင့်ရှိသည်၊

(စ) ကိုယ်စားလှယ်လောင်းတစ်ဦး၏ ရွေးကောက်ပွဲကုန်ကျစရိတ် ငွေစာရင်းမိတ္တူမှန်ကို တစ်မျက်နှာလျှင် ငွေကျပ် ၁၀၀၀ ပေးဆောင်၍ ရယူခွင့်ရှိသည်၊

(ဆ) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်း ခံရသူအား ကန့်ကွက်သော ကန့်ကွက်လွှာကို ယင်းရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ ဆီလျော်သော အကြောင်းပြချက်များကို ဖော်ပြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ သတ်မှတ်ထားသည့်အတိုင်း တင်သွင်းလျှောက်ထားနိုင်ခွင့်ရှိသည်။

## မဲစာရင်းတွင် အမည်ပါရှိရေးဆောင်ရွက်ရန် အချက်များ

(က) မဲစာရင်းများ ကပ်ထားကြေညာသည့်အခါ သွားရောက်ကြည့်ရှုပြီး မဲစာရင်း၌ မိမိအမည် ပါဝင်ခြင်းမရှိလျှင် ထည့်သွင်းပေးရန် တောင်းဆိုလွှာ ပုံစံ(၃)ဖြင့် တင်သွင်းရန်၊ မဲစာရင်းပါ အမည်နှင့် အခြားအချက်အလက်များအား ကန့်ကွက်ရန်ရှိပါက ကန့်ကွက်လွှာပုံစံ (၄)ဖြင့် တင်သွင်းရန်၊ မဲစာရင်းပါ အချက်အလက် တစ်ခုခုကို ပြင်ဆင်ရန်ရှိပါက ပြင်ဆင်လွှာ ပုံစံ(၄-ဂ)ဖြင့် တင်သွင်းရန်၊

(ခ) မဲဆန္ဒနယ်တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များ၏မဲစာရင်းတွင် မိမိ၏အမည် ပါရှိနေပါက မိမိမဲပေးလိုသည့်မဲဆန္ဒနယ်တွင် မဲပေးနိုင်ရေးအတွက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊

(ဂ) မဲဆန္ဒနယ်တစ်ခုအတွင်းတွင်ရှိသော ရပ်ကွက်၊ ကျေးရွာတစ်ခုထက်ပိုသည့် မဲစာရင်းများတွင် မိမိ၏အမည် ပါရှိနေပါက မိမိမဲပေးလိုသည့် ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စုတွင် မဲပေးနိုင်ရေးအတွက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊

(ဃ) ဒေသတစ်ခုမှ အခြားဒေသတစ်ခုသို့ ပြောင်းရွှေ့လိုသည့်အခါ ၁၉၅၁ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများမှတ်ပုံတင်ရေးနည်းဥပဒေ ၂၆(၂) နှင့် နည်းဥပဒေ ၂၇(၁) တို့အရ ထုတ်ပေးသောပုံစံ(၁၀) သို့မဟုတ် (၉၀/၁/န(သ) နှင့်အတူ လက်ရှိမဲဆန္ဒနယ်စာရင်း၌ မိမိအမည်ကို ပယ်ဖျက်၍ အခြားမဲဆန္ဒနယ်သို့ ပြောင်းရွှေ့ပေးရန် တောင်းဆိုလွှာ ပုံစံ(၄-က)ဖြင့် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းဆောင်ရွက်ရန်၊

(င) အပိုဒ်ခွဲ(ဃ)အရ ဆောင်ရွက်ပြီးနောက် မိမိ၏အမည်ကို မဲစာရင်းမှ ပယ်ဖျက်ပြီးကြောင်း အထောက်အထားဖြစ်သည့် ပုံစံ(၄-ခ)ကို ယင်းရပ်/ကျေးကော်မရှင် အဖွဲ့ခွဲမှရယူရမည်။ ထို့နောက် မိမိပြောင်းရွှေ့ရောက်ရှိသည့်နေရာ၏ အိမ်ထောင်စုဇယားနှင့် ပုံစံ(၄-ခ) တို့ပူးတွဲ၍ တောင်းဆိုလွှာ ပုံစံ (၃) ကို မိမိပြောင်းရွှေ့နေထိုင်ရာ ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းလျှောက်ထားရန်၊

(စ) အနည်းဆုံး ရက်ပေါင်း ၁၈၀ ထက်မနည်း မဲဆန္ဒနယ်ပြင်ပသို့ ရောက်ရှိနေပြီး မိမိ၏ အမြဲတမ်းနေရပ်သို့ပြန်လည်ပြီး မဲပေးလိုခြင်း မရှိပါက မိမိရောက်ရှိနေသော မဲဆန္ဒနယ်တွင် ရွေးကောက်ခံသော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေးအတွက် တောင်းဆိုလွှာပုံစံ (၃-က) ဖြင့် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲသို့တင်ပြလျှောက်ထားရန်။

## ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးပိုင်ခွင့်

အောက်ပါအခြေအနေများတွင် ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးခွင့်ရှိသည် -

(က) ရွေးကောက်ပွဲကျင်းပသည့်နေ့ရက်၌ မိမိနှင့်သက်ဆိုင်သောမဲဆန္ဒနယ်ပြင်ပသို့ ခရီးဝေးသွားရန်ရှိပါက ယင်းသို့ ခရီးဝေးသွားရန် အကြောင်းကို ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲသို့ ခိုင်လုံသော အထောက်အထားကို တင်ပြနိုင်လျှင်၊

(ခ) ရွေးကောက်ပွဲ ကျင်းပသည့်နေ့ရက်၌ မဲစာရင်း၌ပါရှိရာဒေသမှ ကျော်လွန်၍ သွားရောက်တာဝန်ထမ်းဆောင်ရသော ဝန်ထမ်း သို့မဟုတ် တပ်မတော်သား၊ ရဲတပ်ဖွဲ့ဝင်များဖြစ်နေလျှင်၊

(ဂ) မဲဆန္ဒနယ် အတွင်းတွင်ရှိသော်လည်း မဲရုံသို့ကိုယ်တိုင်လာရောက်၍ ဆန္ဒမဲမပေးနိုင်သော အနာကြီးရောဂါ စွဲကပ်နေသူများ၊ ရောဂါဝေဒနာ ပြင်းထန်စွာ ခံစားနေရသူများ၊ အသက်အရွယ်ကြီးရင့်နေသူများ၊ နေအိမ်တွင် မီးဖွားနေသူများ၊ မသန်စွမ်းသူများ၊ ရဲအချုပ်စခန်း သို့မဟုတ် အကျဉ်းစခန်းတွင် အချုပ်ခံနေရသူများ၊ ဆေးရုံ၌ အတွင်းလူနာအဖြစ် ဆေးဝါးကုသမှုခံယူနေရသူများဖြစ်လျှင်၊

(ဃ) ရွေးကောက်ပွဲကျင်းပသည့် နေ့ရက်၌ မဲဆန္ဒနယ်၏ပြင်ပတွင် ရောက်ရှိနေသော တပ်မတော်သားများနှင့် အတူနေအိမ်ထောင်စုဝင်များ၊ မဲဆန္ဒနယ်ပြင်ပရောက် ကျောင်းသားများ၊ သင်တန်းသားများ၊ အခြားမဲဆန္ဒရှင်များနှင့် အချုပ်ခံနေရသူများ၊ ဆေးရုံတက်ရောက်နေသော အတွင်းလူနာများ၊ အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိနေသူများဖြစ်လျှင်။

## ဆန္ဒမဲပေးရာတွင် သိရှိမှတ်သားဆောင်ရွက်ရမည့်အချက်များ

(က) မဲရုံသို့ဝင်ရောက်သည့်အခါ မဲစာရင်းစစ်ဆေးသူထံ မိမိ၏မဲစာရင်း အမှတ်စဉ်နှင့် အမည်ကို ပြောပြပါ။ အထောက်အထားအဖြစ် နိုင်ငံသားစိစစ်ရေးကတ်ကိုပြပါ၊

(ခ) မဲစာရင်းစစ်ဆေးသူက မိမိ၏အမည်ကို တွေ့ရှိပြီး မှန်ကန်လျှင် မဲစာရင်း၌ လက်မှတ်ရေးထိုးပေးပါ။ ထို့နောက် မဲလက်မှတ်များကို ထုတ်ယူပါ၊

(ဂ) မဲလက်မှတ်ကို ရရှိသည့်အခါ မဲရုံမှူး၏ လက်မှတ် ပါ-မပါ သေချာစွာစစ်ဆေးပါ၊

(ဃ) မဲလက်မှတ်များ စုတ်ပြဲ၊ စွန်းထင်းနေလျှင် မဲလက်မှတ်လဲပေးရန် တောင်းဆိုပါ၊

(င) ဆန္ဒမဲလက်မှတ်ရရှိလျှင် လျှို့ဝှက်ဆန္ဒပြုခန်းအတွင်းသို့ဝင်၍ ဆန္ဒမဲလက်မှတ်ပေါ်တွင် မိမိပေးလိုသော လွှတ်တော်ကိုယ်စားလှယ်လောင်း၏အမည်နှင့် သင်္ကေတ အမှတ်အသားတည့်တည့်တွင်ရှိသော လေးထောင့်အကွက်အတွင်း၌ အမှန်(✔) အမှတ်အသားပါရှိသည့် တံဆိပ်တုံးကိုနှိပ်၍ ဆန္ဒပြုရမည်၊

(စ) မိမိဆန္ဒပြုလိုသည့်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကိုသာ ဆန္ဒမဲပေးပါ၊

(ဆ) ဆန္ဒပြုပြီးလျှင် ဆန္ဒမဲလက်မှတ်ကို သေချာစွာခေါက်၍ သက်ဆိုင်ရာ လွှတ်တော်မဲပုံးတွင် ထည့်ပါ၊

(ဇ) မဲဆန္ဒနယ်တစ်နယ်တွင် လွှတ်တော်တစ်ရပ်စီအတွက် ဆန္ဒမဲတစ်မဲစီသာပေးပါ၊

(ဈ) မိမိ၏ဆန္ဒမဲသည် ပယ်မဲမဖြစ်စေရေးသတိပြုပါ၊

(ည) မဲရုံမှမထွက်မီ မဲပေးပြီးကြောင်း မင်တို့ပေးသည့် မဲရုံအဖွဲ့ဝင်ထံသွားရောက်၍ သတ်မှတ်ထားသည့် လက်ချောင်းကို မင်သုတ်ခံပါ။

## မဲဆန္ဒရှင်တစ်ဦးရှောင်ရန်အချက်များ

(က) မဲဆန္ဒရှင်တစ်ဦးသည် ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို မသမာသောနည်းဖြင့် အခြားသူတစ်ဦးအား မပေးရ၊

(ခ) ဆန္ဒမဲလက်မှတ်မှအပ အခြားပစ္စည်းတစ်ခုခုကို မဲပုံးအတွင်းသို့ မထည့်သွင်းရ၊

(ဂ) အသုံးပြုဆဲဖြစ်သောမဲပုံးကို အခွင့်အာဏာမရှိဘဲ ဖွင့်လှစ်ခြင်း သို့မဟုတ် ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို ဖျက်ဆီးခြင်းမပြုရ၊

(ဃ) ရွေးကောက်ပွဲတစ်ခုခုတွင် လွှတ်တော်မဲဆန္ဒနယ် တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များအတွက် ဆန္ဒမဲမပေးရ၊

(င) သူတစ်ပါးအယောင်ဆောင်၍ ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို လာရောက်တောင်းဆိုခြင်း သို့မဟုတ် ဆန္ဒမဲပေးခြင်းမပြုရ၊

(စ) ဆန္ဒမဲလက်မှတ်ပေါ်၌ အမှတ်အသားတစ်စုံတစ်ရာမပြုလုပ်ရ၊ ဆန္ဒမဲလက်မှတ်ကို မဆုတ်ဖြဲရ၊

(ဆ) အတုပြုလုပ်ထားသော ဆန္ဒမဲလက်မှတ်တစ်ခုခုကိုဖြစ်စေ၊ အများကိုဖြစ်စေ မဲပုံးအတွင်းသို့ မထည့်သွင်းရ၊

(ဇ) ကိုယ်စားလှယ်စေလွှတ်၍ ဆန္ဒမဲမပေးရ။

## ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးစေရေး

ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲများကို မဖြစ်မနေကျင်းပပေးရမည်။ ဒီမိုကရေစီစနစ်သည် ပြည်သူလူထုကို ဗဟိုပြုသည့် စနစ်ဖြစ်သည်။ မဲဆန္ဒရှင်များက ၎င်းတို့၏ ဆန္ဒနှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ကြရသည်။ ယင်းသို့ ရွေးကောက်တင်မြှောက်နိုင်ရေး ရွေးကောက်ပွဲများ ကျင်းပကြရသည်။ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးသည် အဓိကဖြစ်သည်။ ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်များက မည်သည့်တာဝန်များရှိသည်၊ မည်သည့်အခွင့်အရေးများရှိသည်၊ မည်သို့လိုက်နာဆောင်ရွက်ကြရမည် စသည့် ဥပဒေပြဋ္ဌာန်းချက်များကို သိရှိနားလည်သဘောပေါက်ခြင်းအားဖြင့် မဲဆန္ဒရှင်များ ဆန္ဒမဲပေးပိုင်ခွင့် ဆုံးရှုံးမှုမဖြစ်စေသည့်အပြင် မဲဆန္ဒရှင်များ၏ ဆန္ဒမဲပေးခြင်း ရလဒ်အစစ်အမှန်ကို ဖော်ထုတ်သွားနိုင်မည်ဟု ယုံကြည်မိကြောင်းပါ။

**မဲဆန္ဒရှင်များ၏ ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးစေလိုပါ။**
**လွတ်လပ်မှန်ကန်စွာ ဆန္ဒမဲပေးနိုင်ကြပါစေ။**
**ဆန္ဒမဲပေးခြင်း ရလဒ်အမှန်ကို ထုတ်ဖော်နိုင်ကြပါစေ။**

# ရေအားလျှပ်စစ်ထုတ်လုပ်ရေးစီမံကိန်းဆိုင်ရာ

## သဘောတူစာချုပ် လက်မှတ်ရေးထိုး



**တောင်ကြီး ဩဂုတ် ၉**
ရှမ်းပြည်နယ် ဒေသန္တရဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် ငွေရည်ပုလဲ စွမ်းအင်ကုမ္ပဏီလီမိတက်တို့အကြား ကျောက်မဲခရိုင် နောင်ချိုမြို့နယ် ဂယ်လောင်းချောင်းအတွင်း ရေအားလျှပ်စစ်ထုတ်လုပ်ရေးစီမံကိန်းဆိုင်ရာ သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲကို ဩဂုတ် ၈ ရက် နံနက် ၁၀ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က အဖွင့်အမှာစကားပြောကြားပြီး ငွေရည်ပုလဲစွမ်းအင်ကုမ္ပဏီလီမိတက်မှ သဘောတူစာချုပ်လက်မှတ်ရေးထိုးခြင်းနှင့်ပတ်သက်၍ အမှုဆောင်ဒါရိုက်တာ ဦးစိန်မျိုးအောင်က ရှင်းလင်းတင်ပြကာ ပြည်နယ်ဒေသန္တရ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးစိုးညွန့်လွင်နှင့် ငွေရည်ပုလဲစွမ်းအင်ကုမ္ပဏီလီမိတက်တို့ သဘောတူစာချုပ် လက်မှတ်ရေးထိုးကြ၍ စာချုပ်များ အပြန်အလှန်လဲလှယ်ကြကြောင်း သိရသည်။

"ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့ ၂၀၁၁ ခုနှစ်လောက်မှ စတင်ပြီး သကြားစက်၊ ကြံစက်လုပ်ငန်းကို ဆောင်ရွက်ခဲ့ပါတယ်။ ရရှိလာတဲ့ ကြံဖတ်တွေနဲ့ လျှပ်စစ်စွမ်းအင်ကို အသုံးပြုရာမှ နောက်ပိုင်းတွင် ပြည်ထောင်စုခွင့်ပြုချက်နဲ့ ဂယ်လောင်းချောင်းမှ အသေးစားရေအားလျှပ်စစ်တည်ဆောက်ပြီး သကြားစက်နဲ့ ကြံစက်ကို ပို့လွှတ်အသုံးပြုခဲ့ရာ ယခု ဘိလပ်မြေစက်ရုံမှာ တစ်ရက်လျှင် တန် ၄၀၀၀ စမ်းသပ်ထုတ်လုပ်နေတာ ၁၀ ရက်လောက်ရှိပါပြီ။ လျှပ်စစ်ဓာတ်အားအနေနဲ့ မီဂါဝပ် ၆၀ ခန့် လိုအပ်မှာဖြစ်တဲ့အတွက် ယခုစီမံကိန်းကို ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ဒီစီမံကိန်းစတင်ဆောင်ရွက်ပြီဆိုပါက ဒေသခံပြည်သူ ၁၅၀ ခန့်ကို အလုပ်အကိုင်အခွင့်အလမ်း ရရှိစေနိုင်မှာဖြစ်ပြီး ကျေးရွာသုံးရွာရှိ ဆရာ ဆရာမများအား လစဉ်ထောက်ပံ့ပေးပြီး ထိုကျေးရွာသုံးရွာအား လျှပ်စစ်မီးအခမဲ့ပေးခြင်း၊ လမ်း၊ တံတားတို့ကိုလည်း ကူညီဆောင်ရွက်ပေးသွားမှာပါ"ဟု ငွေရည်ပုလဲ စွမ်းအင်ကုမ္ပဏီလီမိတက် အမှုဆောင်ဒါရိုက်တာ ဦးစိန်မျိုးအောင်က ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ ငွေရည်ပုလဲစွမ်းအင် ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ကချင်ပြည်နယ်သဘာဝနယ်မြေစီမံအုပ်ချုပ်မှုအထောက်အကူပြုအဖွဲ့အလုပ်ရုံဆွေးနွေး

**မြစ်ကြီးနား ဩဂုတ် ၉**
ကချင်ပြည်နယ် သဘာဝနယ်မြေစီမံအုပ်ချုပ်မှုအထောက်အကူပြုအဖွဲ့ တတိယအကြိမ်မြောက် အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၉ ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့ ပြည်နယ်အစိုးရရုံးဝင်းအတွင်းရှိ ဆမားဒူးဝါးဆင်းဝါးနောင်ခန်းမ၌ ပြုလုပ်ရာ ပြည်နယ် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးလအောင်က အဖွင့်အမှာစကားပြောကြားခဲ့သည်။

ပြည်နယ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်ဦးက ပြည်နယ်အတွင်း ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးနှင့် သဘာဝနယ်မြေများသတ်မှတ်ကာ စီမံအုပ်ချုပ်မှုလက်ရှိအခြေအနေများကို ရှင်းလင်းတင်ပြ၍ သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်) ဒုတိယဌာနေတာဝန်ခံကိုယ်စား မြန်မာနိုင်ငံ မြောက်ပိုင်းတာဝန်ခံ ဦးလနန်က မြန်မာနိုင်ငံမြောက်ပိုင်းသစ်တောများ ဆက်စပ်နယ်မြေထိန်းသိမ်းရေးဆောင်ရွက်နေသည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ပြည်နယ်အတွင်းရှိ အင်းတော်ကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ဟူးကောင်းချိုင့်ဝှမ်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ပိတောင်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်ထိန်းသိမ်းရေးလုပ်ငန်း၊ ဖုန်ကန်ရာဇီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတို့မှ အုပ်ချုပ်ရေးမှူးများက တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောများတွင် အမျိုးသားဥယျာဉ်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေတို့ကို အသီးသီး ရှင်းလင်းတင်ပြခဲ့ကြသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့် အပင်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ ဦးဇော်မင်းဦးက အီမောဘွန်းအမျိုးသားဥယျာဉ်ထိန်းသိမ်းရေးသုတေသနလုပ်ငန်းများ၊ သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်) မှ တောရိုင်းတိရစ္ဆာန်တရားမဝင်ရောင်းဝယ်ဖောက်ကားမှုတားဆီးကာကွယ်ရေးတာဝန်ခံ ဦးအောင်ကျော်က တောရိုင်းတိရစ္ဆာန်နှင့် ၎င်းတို့၏ ခန္ဓာကိုယ်အစိတ်အပိုင်းများ တရားမဝင်ရောင်းဝယ်ဖောက်ကားမှုဆိုင်ရာ တားဆီးရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

တက်ရောက်လာသည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် အစိုးရမဟုတ်သည့် နိုင်ငံတကာမှ လူမှုရေးအသင်းအဖွဲ့ဝင်တို့မှ အုပ်စုအဖွဲ့နှစ်ဖွဲ့ခွဲကာ ဘေးမဲ့တောနှင့် အမျိုးသားဥယျာဉ်ဧရိယာများ ထိန်းသိမ်းစောင့်ရှောက်ရေး တွေ့ရှိရသော အခက်အခဲများ၊ အနာဂတ်အခွင့်အလမ်းများနှင့် ဆောင်ရွက်သင့်သည့်လုပ်ငန်းများ၊ သဘာဝနယ်မြေစီမံအုပ်ချုပ်မှုအထောက်အကူပြုအဖွဲ့များ၏ အခန်းကဏ္ဍများ စသည်တို့အား ပေါင်းစပ်ညှိနှိုင်း အကြံပြုဆွေးနွေးခဲ့ကြသည်။

အခမ်းအနားသို့ သစ်တောနှင့် သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအောက်ရှိ ပြည်နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ အလုပ်ရုံဆွေးနွေးပွဲနှင့် ပါဝင်ပတ်သက်သည့် ဌာနတွင်းဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များမှ ဖိတ်ကြားထားသူများ အင်အား ၅၀ ခန့် တက်ရောက်ကြောင်း သိရသည်။

**ဦးလေးကြီး**

# မိုးရင်ရေလှောင်တမံ ရေပိုလွှဲမှ ရေကျော်နေမှုအတွက် စိုးရိမ်ဖွယ်မရှိ

**နမ္မတူ ဩဂုတ် ၉**
ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းတွင် တည်ဆောက်ထားသော ရေလှောင်တမံငါးခုရှိရာ မိုးရာသီအတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့မှုများကြောင့် ရေလှောင်တမံနှင့် ရေအားအဆောက်အအုံများ၌ ထိခိုက်ပျက်စီးမှုမရှိဘဲ ကြံ့ခိုင်ကောင်းမွန်ပြီး ကန်ရေပြည့်အမှတ်သို့ မရောက်ရှိသေးကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ယခုအခါ မိုးရွာသွန်းမှုကြောင့် ချောင်းတစ်လျှောက် စီးဝင်လာသည့်ရေများကိုလည်း မူလချောင်းအတိုင်း စီးဆင်းစေခြင်းသာဖြစ်ကြောင်း အဆိုပါဌာနမှ သိရသည်။

သို့ဖြစ်၍ မိုးရင်ရေလှောင်တမံရေပိုလွှဲမှ ဆည်ရေထုတ်လွှတ်မှုသည် တမံအောက်ဘက်ရှိ ပြည်သူလူထုအတွက် တစ်စုံတစ်ရာစိုးရိမ်ဖွယ်ရာမရှိကြောင်းနှင့် အဆိုပါ ရေပိုလွှဲမှ ရေကျော်စီးဆင်းနေစဉ်အတွင်း တမံကြံ့ခိုင်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

**သီပေါကိုလတ်**

## တိုတိုထွာထွာဖတ်စရာ

### ကျိုင်းတုံမြို့ ငလျင်ဘေးအန္တရာယ်ဇာတ်တိုက်လေ့ကျင့်

**ကျိုင်းတုံ**
ကျိုင်းတုံမြို့ ငလျင်ဘေးအန္တရာယ် ဇာတ်တိုက်လေ့ကျင့်ခန်းပြုလုပ်မှုအခမ်းအနားကို ဩဂုတ် ၈ ရက် မွန်းလွဲ ၂ နာရီက အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ပြည်သူလူထုမှ ဘေးလွတ်ရာသို့ အမြန်ပြေးထွက်ပြီး မထွက်နိုင်သူများနေထိုင်ရမည့် အခြေအနေအထားအတိုင်းနေထိုင်ခြင်း၊ ငလျင်ဘေးအန္တရာယ်ကြောင့် အဆောက်အအုံမီးလောင်နေမှုကို သရုပ်ပြမီးငြိမ်းသတ်ခြင်း၊ ရှာဖွေကယ်ဆယ်ရေးအဖွဲ့မှ ဒဏ်ရာရသူများ ကျန်းမာရေးဌာနသို့ ပို့ဆောင်ပေးခြင်း၊ ငလျင်ခံစားနေရသည့် ပြည်သူများ ဘေးလွတ်ရာကွင်းပြင်၊ ယာယီခိုလှုံရာစခန်းများပို့ဆောင်ခြင်း၊ ယာယီခိုလှုံရာစခန်းနှင့် ငလျင်ဘေးအန္တရာယ်ကျရောက်သည့်နေရာအား လုံခြုံရေးဆောင်ရွက်ခြင်း၊ မိသားစုများအား ပြန်လည်ပေါင်းစည်းပေးခြင်း၊ အစားအစာများ ထောက်ပံ့ပေးခြင်း စသည်ဖြင့် ဇာတ်တိုက်လေ့ကျင့်ကြသည်။

**ခရိုင်(ပြန်/ဆက်)**

### ဓာတ်အားလိုင်းရှင်းလင်းခြင်းလုပ်ငန်းများဆောင်ရွက်

**ကျောက်ပန်းတောင်း**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် လျှပ်စစ်ဓာတ်အား လေလွင့်ဆုံးရှုံးမှုမရှိစေရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးတို့တွက် ဓာတ်အားလိုင်းရှင်းလင်းခြင်းလုပ်ငန်းများကို ဩဂုတ် ၇ ရက် နံနက် ၉ နာရီမှ စတင်၍ လွတ်လပ်ရေးရပ်ကွက် ဗိသုကာလမ်းတွင် ဆောင်ရွက်ခဲ့ကြသည်။

လျှပ်စစ်ဓာတ်အား အပြည့်အဝရယူသုံးစွဲနိုင်ရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးတို့အတွက် အဆိုပါလမ်းတစ်လျှောက် ပေ ၁၂၀၀ ကျော်ရှိ ဓာတ်အားလိုင်းတိုင်များရှိ ရှုပ်ထွေးလျှပ်စစ်ဓာတ်အားလိုင်းကြိုးများရှင်းလင်း၍ ပြန်လည်သွယ်တန်းခြင်းနှင့် ယိုင်နဲ့နေသည့် ဓာတ်အားလိုင်းတိုင်များ ဆိုင်းကြိုးဆွဲ တည့်မတ်ခြင်းလုပ်ငန်းများကို ကျောက်ပန်းတောင်းမြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ ဝန်ထမ်းများက ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ကိုနေ(ကျောက်ပန်းတောင်း)**

### စပါးခင်းများအတွင်းငါးမျိုးစိုက်ထည့်

**ကောလင်း**
စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ မြေနီအုပ်စု တံဖူးကျေးရွာတောင်သူဦးမြစန်းငွေ၏ စပါးခင်း ၆၅ ဧကအတွင်းသို့ ဩဂုတ် ၈ ရက် နံနက် ၉ နာရီက ငါးသားပေါက်ကောင်ရေ ၃၂၅၀၀ စိုက်ထည့်ပေးခဲ့သည်။

မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသိန်းဝင်းနှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူများတက်ရောက်ပြီး ထိုင်းငါးခုံးမကြီး၊ ငါးမြစ်ချင်းငါးမျိုးများ စိုက်ထည့်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ငလျင်ဘေး အန္တရာယ် ဇာတ်တိုက်လေ့ကျင့်




**နေပြည်တော် ဩဂုတ် ၉**
ငလျင်ဘေးအန္တရာယ်အကြောင်း အသိပညာပေးဟောပြောပွဲနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းအခမ်းအနားကို ဩဂုတ် ၈ ရက် နံနက် ၉ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သူနာပြုသင်တန်းကျောင်း၌ ကျင်းပသည်။

နေပြည်တော် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဦးစီးမှူး ဦးကျော်ကျော်ထွန်းနှင့်အဖွဲ့က ငလျင်ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ၊ ရှေးဦးသူနာပြုလုပ်ငန်းများအကြောင်း ဘေးအန္တရာယ်များနှင့် ကြုံတွေ့လာပါက ကယ်ဆယ်ရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်နိုင်ရေး စီမံထားရှိမှုအခြေအနေများ၊ ငလျင်ဘေးအန္တရာယ်ကြောင့် နောက်ဆက်တွဲဖြစ်ပေါ်လာနိုင်သည့် မီးဘေးအန္တရာယ်အကြောင်းတို့ကို အသီးသီးရှင်းလင်း ပြောကြားသည်။

ထို့နောက် ငလျင်ဘေးအန္တရာယ်များ ရင်ဆိုင်ကြုံတွေ့လာရပါက အန္တရာယ်ကင်းရှင်းစွာ စနစ်တကျလိုက်နာဆောင်ရွက်နိုင်ရေးအတွက် လက်တွေ့ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။

**ရွှေကုက္ကို**

# ကံမမြို့နယ်တွင် ချောင်းရေကြောင့်မျောပါသွားသော ရေနံ့သာတံတား အား ပြန်လည်ဆောက်လုပ်



**ကံမ ဩဂုတ် ၉**
မကွေးတိုင်းဒေသကြီး ကံမမြို့နယ် သရက်-ကံမ ကားလမ်းပေါ်ရှိ ရေနံ့သာကျေးရွာ၏မြောက်ဘက်ကပ်လျက် မိုင်တိုင်အမှတ် ၂၀/၀ အနီး မင်းတုန်းချောင်းကူး ရေနံ့သာ ဘေလီတံတားသည် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဇွန် ၁၂ ရက်က ချောင်းရေနှင့်အတူ မျောပါပျက်စီးသွားခဲ့သည်။

ယခုအခါ တံတားဦးစီးဌာန တံတားတည်ဆောက်ရေး (၃) မှ ညွှန်ကြားရေးမှူး ဦးထွန်းလင်းနှင့် ကျွမ်းကျင်ဝန်ထမ်းများက ပြန်လည်တည်ဆောက်ရာတွင် မူလတံတားအရှည်ပေ ၇၂၀ အား ပေ ၃၀၀ ထပ်မံတိုးချဲ့၍ စုစုပေါင်းအရှည်ပေ ၁၀၂၀ နှင့် မူလအမြင့်ထက် သုံး ပေ မြှင့်တင်တည်ဆောက်လျက်ရှိသည်။ အဆိုပါ ရေနံ့သာတံတားသည် မကွေး-သရက်-ကံမ-ပြည်ကားလမ်းပေါ်၌ အရေးပါသော ဘေလီတံတားတစ်စင်းဖြစ်ကြောင်း သိရသည်။

**ကိုကိုကျော်(ကံမ)**



# ရခိုင်ပြည်နယ်၌ EDMS အသုံးပြုမှုဆိုင်ရာ အထောက်အကူပြု အခြေခံသင်တန်းဖွင့်

**စစ်တွေ ဩဂုတ် ၉**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ Electronic Document Management System (EDMS) အသုံးပြုမှုဆိုင်ရာ အထောက်အကူပြုအခြေခံသင်တန်း (၁/၂၀၁၈) ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၈ ရက် နံနက် ၈ နာရီတွင် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပသည်။

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ယနေ့ခေတ်သည် အလျင်အမြန်တိုးတက်ပြောင်းလဲနေသည့် ခေတ်ကာလဖြစ်သည့်အတွက်ကြောင့် တိုးတက်ပြောင်းလဲမှုကို အများနှင့်အတူ အမီလိုက်ပါဆောင်ရွက်နိုင်မှ အများထက်မသာသော်လည်း တန်းတူရည်တူ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ထိုသို့ တိုးတက်ပြောင်းလဲမှုများကို ခေတ်နှင့်အညီဖြစ်အောင် မဖြစ်မနေလုပ်ဆောင်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းသို့ ပြည်နယ်အစိုးရရုံး၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စစ်တွေခရိုင်နှင့် စစ်တွေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ကြပြီး ကွန်ပျူတာတက္ကသိုလ်(စစ်တွေ) ကျောင်းအုပ်ကြီး ဒေါက်တာဇော်ထွန်းနှင့်ဆရာ ဆရာမများက ငါးရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **ကံထွန်း(ဟံတာမြေ)**

# ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို ဖားဆောင်းမြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ဖားဆောင်း ဩဂုတ် ၉**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုသည် လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီး ဦးခင်မောင်ဖြူ၊ ပြည်နယ်အစိုးရအဖွဲ့ညွှန်ကြားရေးမှူး ဦးသိန်းဇော်၊ ပြည်နယ်/ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြတ်မိုးနှင့် သက်ဆိုင်ရာဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့်အတူ ဩဂုတ် ၈ ရက် မွန်းလွဲ ၁ နာရီက ဖားဆောင်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဖားဆောင်းမြို့နယ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့မရဲစခန်းတွင် ရဲစခန်းနှင့် အချုပ်ခန်းပါ အာရ်စီနှစ်ထပ် ဆောက်လုပ်ပြီးစီးမှု၊ မင်းရဲကျော်စွာလမ်း ဆောင်ရွက်လျက်ရှိသည့် ၅၂၃ ပေအရှည်ရှိ အဖုံးပါ ကျောက်စီရေနုတ်မြောင်းဆောင်ရွက်နေမှု၊ ဖားဆောင်းမြို့အဝင် တောင်ငူ-မော်ချီး-ဒီမော့ဆိုလမ်း ကီလိုမီတာ ၁၇၈ နှင့် ၁၈၀ အတွင်း မျက်ကွယ်ကုန်းများ ဖြေညှိခြင်းနှင့် မျက်ကွယ်ကွေ့များအား ချဲ့ပေးခြင်းလုပ်ငန်း၊ လမ်းမကြီး မြေညှိခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဖားဆောင်းမြို့နယ်အတွင်း သစ်တောဦးစီးဌာနမှ ဆောင်ရွက်ထားရှိသည့် ၂၀၁၇-၂၀၁၈ ခုနှစ် မိုးရာသီစိုက်ပျိုးသည့် စီးပွားရေး(ကျွန်း) စိုက်ခင်းအမှတ် (၂/၂၀၁၇) ၂၅ ဧကနှင့် စိုက်ခင်းဟောင်း ပြန်လည်ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းဧက ၅၀ စိုက်ပျိုးဖြစ်ထွန်းမှုအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ရာ မြို့နယ်သစ်တောဦးစီးမှူး ဦးကျော်ကျော်ဆင့်က လိုက်လံရှင်းလင်းပြသခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များကို မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ပွန်တွန်းတံတား ပြင်ဆင်မှုပြီးစီး၍ ၁၃ တန်အထက်ယာဉ်များ ဖြတ်သန်းသွားလာခွင့်ပြု

**ဘားအံ ဩဂုတ် ၉**

ဂျိုင်း(ကော့ကရိတ်) ပွန်တွန်းတံတားကို ၁၃ တန် အထက်ယာဉ်များ အမြန် ဖြတ်သန်းနိုင်ရေး တံတားအတက်သံလမ်း ဘားအံဘက်အခြမ်းတွင် ပေ ၇၀၊ ကော့ကရိတ်(ကျုံဒိုး) ဘက်ခြမ်းတွင် ပေ ၁၀၀ ကျော်တို့ကို ဩဂုတ် ၄ ရက် ညနေပိုင်းမှစတင်ပြီး ပြုပြင်ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၉ ရက် နံနက်ပိုင်းတွင် အချောသပ်လုပ်ကိုင်ပြီး အတက်သံလမ်း၏ခံနိုင်ဝန်တို့အား စစ်ဆေးကာ မွန်းလွဲ ၁ နာရီခွဲတွင် ၁၃ တန်အထက် ကုန်တင်ယာဉ်ကြီးများကို ဖောတံတားမှ ဖြတ်သန်းသွားလာခွင့်ပြုခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

### စနစ်တကျစေလွှတ်

"ယနေ့ မွန်းလွဲ ၁ နာရီခွဲကစလို့ ပွန်တွန်းဖောတံတားကနေ ၁၃တန်အထက်ယာဉ်ကြီးတွေကို စတင်ဖြတ်သန်းခွင့်ပြုလိုက်တာပါ။ ယာဉ်တွေ ဖြတ်သန်းနေချိန် ယာဉ်အန္တရာယ်မဖြစ်စေဖို့ ကုန်မပါတဲ့ ယာဉ်တွေကို စတင်စေလွှတ်ပြီးမှ တံတားနဲ့အနီးဆုံးက ကုန်ကားကြီးတွေကို နေရာကျယ်သွားအောင် အရင်ပေးဖြတ်ပါတယ်။ ယာဉ်တွေကိုလည်း စနစ်တကျ စေလွှတ်ပါတယ်၊ ပွန်တွန်းတံတားက ဖြတ်သန်းလို့ရပြီဆိုတော့ ယာဉ်ကြောလည်းနှစ်ဖက်လုံး ပွင့်သွားမှာဖြစ်လို့ ဂျိုင်း(ကော့ကရိတ်) ကြိုးတံတားပေါ်က ဖြတ်သန်းရမယ့် ၁၃တန်အောက် ယာဉ်တွေလည်း စောင့်စရာမလိုတော့ဘဲ ယာဉ်ကြီး၊ ယာဉ်ငယ်အားလုံး ချောမွေ့စွာ ဖြတ်သန်းသွားလာနိုင်ပါပြီ"ဟု ဂျိုင်းနယ်မြေရဲစခန်းမှူး ရဲအုပ် ဝင်းနိုင်က ပြောသည်။



အဆိုပါ ဂျိုင်း( ကော့ကရိတ်) ပွန်တွန်းတံတားကို ဇူလိုင် ၂၂ ရက်မှ စတင်ပြီး ဂျိုင်းမြစ်ရေတက်လာသည့်အတွက် ၁၃ တန်အထက် ယာဉ်ကြီးများ ဖြတ်သန်းမရတော့သဖြင့် စောင့်ဆိုင်းခဲ့ကြရပြီး ၁၃ တန်အောက်ယာဉ်များသာ ဂျိုင်း(ကော့ကရိတ်) ကြိုးတံတားပေါ်မှ ယာဉ်ကြောတစ်ဖက်ဖွင့်၍ အတက်အဆင်းကို တံတားလုံခြုံရေးတာဝန်ကျအဖွဲ့က ဘားအံဘက်အခြမ်းနှင့် ကော့ကရိတ်ဘက်အခြမ်းတို့ ချိတ်ဆက်ကာ အလှည့်ကျစေလွှတ်ခဲ့ကြောင်းသိရသည်။

### ဖြတ်သန်းသွားလာခွင့်ပြု

ထိုသို့ ဂျိုင်း(ကော့ကရိတ်) ဖောတံတား ချဉ်းကပ်လမ်း ရေကျော်၍ ကုန်တင်ယာဉ်ကြီးများ စောင့်ဆိုင်းနေကြရသည့် အခြေအနေများကို ဩဂုတ် ၄ ရက်က ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဖောတံတားပေါ်မှ ၁၃ တန်အထက် ကုန်တင်ယာဉ်ကြီးများ အမြန် ဖြတ်သန်းသွားလာနိုင်ရေး ဆောင်ရွက်ပေးရန် လမ်းညွှန်မှာကြားခဲ့သည်။ ယင်းနေ့ ညနေပိုင်းမှစတင်ပြီး တံတား ကန်ထရိုက်ယူထားသည့် မြန်မာ့သစ်တောက်ငှက်ကုမ္ပဏီက စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ၁၀ ရက်နေ့ အပြီးဆောင်ရွက်ရန် သတ်မှတ်ထားသော်လည်း ဩဂုတ် ၉ ရက် နံနက်ပိုင်းတွင် အချောသပ်ပြင်ဆင်မှု ပြီးစီးခဲ့ကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

## တိုတိုထွာထွာဖတ်စရာ

### ဟသ်ာတ၌ ဓာတ်အားလိုင်း ပြင်ပကျေးရွာများ ဆိုလာစနစ်ဖြင့်အဆင်ပြေ

**ဟသ်ာတ**

ဟသ်ာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မဟာဓာတ်အားလိုင်းပြင်ပကျေးရွာများတွင် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းဖြင့် တစ်အိမ်သုံး ဆိုလာစနစ်ဖြင့် မီးရရှိရေးအတွက် ဆောင်ရွက်သည့် လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်သည်။

အဆိုပါဆိုလာစနစ်ဖြင့်မီးလင်းရေးလုပ်ငန်းကို ကျေးရွာအုပ်စုလေးအုပ်စုတွင် ဆောင်ရွက်ခြင်းဖြစ်ကြောင်းသိရပြီး ကျေးရွာပေါင်း ၁၇ ရွာရှိ အိမ်ခြေ ၇၀၈ အိမ်၊ ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေးအဆောက်အအုံ စုစုပေါင်း အလုံး ၂၀ နှင့် ကျေးရွာတွင်းလမ်းမများ မီးအလင်းရောင်ရရှိစေရေးအတွက် အလိုအလျောက် အပိတ်၊ အဖွင့်စနစ်အသုံးပြု လမ်းမီးတိုင် ၁၁၀ တို့အား တပ်ဆင်ပေးပြီးဖြစ်ရာ နေ့ညမပြတ် မီးအလင်းရောင်ရရှိနေပြီဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ကျိုက်မရော၌ ထောက်ပံ့ရေးပစ္စည်းများ နေ့စဉ်ပေးပို့လှူဒါန်း

**ကျိုက်မရော**

ကျိုက်မရောမြို့တွင် ရေပြန်ကျသွားပြီးဖြစ်သော်လည်း စေတနာရှင် အလှူရှင်များအနေဖြင့် စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် ရေဘေးဒဏ်ခံခဲ့ရသော အိမ်ထောင်စုများထံသို့ ဆန်နှင့် အခြားထောက်ပံ့ရေးပစ္စည်းမျိုးစုံကို နေ့စဉ်လှူဒါန်းပေးပို့လျက်ရှိသည်။

လေးကျွန်းသူဖောင်ဒေးရှင်းက တန်ဖိုးငွေကျပ် ၅၅ သိန်းခန့် ဆန်အိတ်နှင့် အခြားလူသုံးကုန်များ၊ မော်လမြိုင်မြို့ ဘိုဘိုဝင်းလူမှုကယ်ဆယ်ရေးအဖွဲ့က ကျပ် ၅၅ သိန်းတန်ဖိုးရှိ ထောက်ပံ့ရေးဆန်နှင့် အခြားပစ္စည်းများကို ဩဂုတ် ၇ ရက်ညနေပိုင်းက မြို့နယ်သဘာဝဘေးဆိုင်ရာစီမံခန့်ခွဲမှုကော်မတီထံ လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။ **ချိုမြတ်မြတ်ထွေး(ကျိုက်မရော)**

### ထန်းတပင်၌ သက်ငယ်မုဒိမ်းမှုပပျောက်ရေး အသိပညာပေး

**ရန်ကုန်**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် အုတ်ဖိုကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ၌ သက်ငယ်မုဒိမ်းမှုပပျောက်ရေး မှုခင်းအသိပညာပေးဟောပြောပွဲကို ဩဂုတ် ၆ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

နဲသမိန်ရဲကင်းစခန်းမှူး ရဲအုပ်ဝင်းညွှန့်က သက်ငယ်မုဒိမ်းဖြစ်ပွားမှု၊ မှုခင်းများမဖြစ်ပွားစေရေးအတွက် သတိပြုရှောင်ကြဉ်ရမည့်အချက်များ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ်များအကြောင်း ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



ဗဟန်းမြို့နယ်ဗဟန်း(၂) လမ်းရှေ့နေချုပ်ဓမ္မာရုံတွင်ဥပဒေရုံးများအငြိမ်းစားအမှုထမ်းများအသင်းဆိုင်းဘုတ်တင်ပွဲကိုဩဂုတ်၅ရက်က ကျင်းပရာ ဦးအေးမောင်(ရှေ့နေချုပ် - ငြိမ်း)၊ ဦးခင်မောင်အေး(ဒု - ရှေ့နေချုပ် - ငြိမ်း)၊ ဦးစိန်လှ (ညွှန်ကြားရေးမှူး - ငြိမ်း)နှင့် တာဝန်ရှိသူများက ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးနေစဉ်။

ဓာတ်ပုံ - ခင်မောင်ဝင်း

# ဘော်ဘင်ရေလှောင်တမံ ရေပိုလွှဲမှရေကျော်လျက်ရှိသော်လည်း စိုးရိမ်စရာမရှိ

**ဇီးကုန်း ဩဂုတ် ၉**

ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်း ဇီးကုန်းမြို့နယ် ဘော်ဘင်ချောင်းပေါ်ရှိ ဘော်ဘင်ရေလှောင်တမံ(၂) သည် ဩဂုတ် ၁ ရက်တွင် သတ်မှတ်ကန်ရေပြည့်မှတ်သို့ရောက်ရှိပြီး ဩဂုတ် ၉ ရက် တိုင်းတာချက်အရ ရေပိုလွှဲမှ သုည ဒသမ ၄ ပေ ရေကျော်လျက်ရှိသည်။ ပိုလျှံရေများမှာ ရေပိုလွှဲမှ တစ်ဆင့် မူလချောင်းအတွင်းသို့ စီးဆင်းလျက်ရှိပြီး စိုးရိမ်စရာမရှိကြောင်း ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။



ဘော်ဘင် ရေလှောင်တမံမှာ ကြို့ပင်ကောက် မြို့နယ်အတွင်းရှိ သရက်ချောင်းကို ဖြတ်၍လည်းကောင်း၊ ဇီးကုန်းမြို့နယ်အတွင်းရှိ ဘော်ဘင်ချောင်းကို ဖြတ်၍လည်းကောင်း တမံ(၁)နှင့် တမံ(၂)ဟူ၍ တမံနှစ်ခုကို ပေါင်းကူးဆက်သွယ်မြောင်းဖြင့် ဆက်သွယ်တည်ဆောက်ထားသည်။ ၂၀၁၈ ခုနှစ် နွေစပါးရာသီတွင် ဘော်ဘင်ရေလှောင်တမံမှ ကြို့ပင်ကောက်မြို့နယ်အတွင်း ၄၇၅၉ ဧက၊ ဇီးကုန်းမြို့နယ်အတွင်း ၂၆၁၁ ဧက စုစုပေါင်းဧက ၇၃၇၀ အား ရေပေးဝေနိုင်ခဲ့ပြီး ယခုမိုးရာသီအတွင်း ကန်ရေပြည့်ဝစွာ သိုလှောင်ထားနိုင်ခဲ့ပြီဖြစ်၍ မိုးစပါးဧက ၁၃၀၀၀ အတွက် အောင်ရေ လိုအပ်ပါက အဆင်သင့်ဖြစ်နေပြီဖြစ်သည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိဦးဆောင်သော တာဝန်ကျဝန်ထမ်းများသည် မိုးရာသီကာလ တစ်လျှောက်လုံး တမံကြံ့ခိုင်ရေးနှင့် လိုအပ်သည့် ထိန်းသိမ်းပြုပြင်မှုများကို နေ့ညမပြတ် ဆောင်ရွက်လျက်ရှိပြီး ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများကိုလည်း ရေပိုလွှဲမှရေကျော်မှု အခြေအနေကို ကြိုတင်သတင်းပေးပို့ထားသဖြင့် ပြည်သူများအနေဖြင့် စိုးရိမ်စရာမရှိကြောင်း သိရသည်။

**ကြေးမုံ**

# မူခင်းကျဆင်းရေး အသိပညာပေး

**မော်လမြိုင် ဩဂုတ် ၉**

မွန်ပြည်နယ် မုဒုံမြို့နယ် မူခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးသုံးစွဲမှုလျှော့ချရေးရည်ရွယ်ကာ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးသက်စိုးနှင့်အဖွဲ့ ကမာဝက်မြို့ ရပ်ကွက်(၁)၌ ဩဂုတ် ၆ ရက်က အသိပညာပေးဟောပြောခဲ့သည်။

ဟောပြောပွဲသို့ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်နေပြည်သူများ၊ ကျောင်းသား ကျောင်းသူများ၊ တက်ရောက်ကြပြီး မြို့နယ်ရဲတပ်ဖွဲ့ဝင်များက မူခင်းကျဆင်းရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ သတိထားရမည့် ဆောင်ရန်၊ ရှောင်ရန်များ၊ ယာဉ်မောင်းသူများလိုက်နာရမည့် စည်းကမ်းချက်များ၊ မူးယစ်ဆေးဝါးနှင့်ဆက်စပ်သောမူခင်းများ၊ လူကုန်ကူးမှုဖြစ်ပွားနိုင်သော အခြေအနေများနှင့် ပြစ်မှု၊ ပြစ်ဒဏ်များနှင့်ပတ်သက်သည့် အကြောင်းအရာများကို အသိပညာပေး ဟောပြောခဲ့ကြသည်။

**မော်လမြိုင်(ကိုယ်ပွား)**



# ပေးဆပ်သူများ နာမှုကူညီရေးအသင်းမှ လှူဖွယ်ပစ္စည်းများလှူဒါန်း

**နေပြည်တော် ဩဂုတ် ၉**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက် ပေးဆပ်သူများ နာမှုကူညီရေးအသင်း (နေပြည်တော်) ၏ ခြောက်နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် အလှူငွေနှင့် လှူဖွယ်ဝတ္ထုပစ္စည်းပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၅ ရက် နံနက် ၉ နာရီက ဇမ္ဗူသီရိမြို့နယ် ဉာဏသိဒ္ဓိရပ်ကွက် ဗုဒ္ဓရတနာပရဟိတကျောင်းတိုက်၌ ကျင်းပသည်။

အဆိုပါ လှူဒါန်းပွဲတွင် စောင်၊ ခြင်ထောင်၊ ဆန်၊ ဆီ၊ ဆေး၊ စာရေးကိရိယာ၊ အဝတ်အထည်များ ငွေကျပ် ၁၅ သိန်းတန်ဖိုးရှိ ငွေသားအလှူငွေ ကျပ် ၂၂ သိန်း စုစုပေါင်း ကျပ် ၃၇ သိန်းတို့ကို ပေးအပ်လှူဒါန်းခဲ့သည်။

ဗုဒ္ဓရတနာပရဟိတကျောင်းတိုက်တွင် KG တန်းမှ မူလတန်းအဆင့် (ဘုန်းတော်ကြီးသင်) ၂၇ ဦး နှင့် သာမဏေကိုရင် ၁၉ ပါး စုစုပေါင်း ၇၇ ဦး ရှိကြောင်း သိရသည်။

**ကိုပေါက်(ဥတ္တာမြေ)**

# အာဆီယံယူ - ၁၆ပြိုင်ပွဲ ဆီမီးတွင်မြန်မာအသင်းရှုံးနိမ့်

**ရန်ကုန် ဩဂုတ် ၉**

၂၀၁၈ အာဆီယံ ယူ-၁၆ ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲများကို ယနေ့ညနေပိုင်းက အင်ဒိုနီးရှားနိုင်ငံ၌ကျင်းပရာ မြန်မာ ယူ-၁၆ အသင်း ရှုံးပွဲကြုံတွေ့ပြီး ထိုင်းအသင်း ဗိုလ်လုပွဲတက်ရောက်ခဲ့သည်။

**ထိုင်း ယူ-၁၆ အသင်း - တစ်ဂိုး**
**မြန်မာ ယူ-၁၆ အသင်း - ဂိုးမရှိ**

အုပ်စုပွဲများတွင် တစ်ပွဲထက်တစ်ပွဲ ခြေစွမ်းပိုကောင်းလာသည့် မြန်မာ ယူ-၁၆ အသင်းသည် ဗိုလ်လုပွဲတက်ရောက်နိုင်ရန် ကြိုးပမ်းသော်လည်း ဒုတိယပိုင်းတွင် ပေးလိုက်ရသည့်ဂိုးကြောင့် ရှုံးပွဲကြုံတွေ့ပြီး ဗိုလ်လုပွဲနှင့် လွဲချော်ခဲ့သည်။ မြန်မာ ယူ-၁၆ အသင်းသည် ခြေစွမ်းအရ ပိုကောင်းခဲ့သလို ထိုင်းအသင်းကို ဖိအားပေးနိုင်ခဲ့သော်လည်း အနိုင်ကစားနိုင်ခြင်းမရှိခဲ့ပေ။ မြန်မာ ယူ-၁၆ အသင်းသည် ဗိုလ်လုပွဲနှင့် လွဲချော်ခဲ့သောကြောင့် တတိယနေရာလုပွဲသာကစားရတော့မည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

# ကောလာဟလတွေကို ငြင်းဆိုလိုက်တဲ့ ဂျီယောင်းနဲ့ ဂျန်ဂျွန်ယောင်း

ကေပေါ့ပ်ကြယ်ပွင့်တစ်ဦးမှသည် သရုပ်ဆောင်တစ်ဦးအဖြစ်လည်း အောင်မြင်လာတဲ့ ဂျီယောင်းနဲ့ တေးသံရှင်နဲ့ သရုပ်ဆောင်တစ်ဦးဖြစ်သူ ဂျန်ဂျွန်ယောင်းတို့ဟာ လတ်တလောမှာလည်း ချစ်သူတွေဖြစ်နေကြောင်း ကောလာဟလတွေ ထပ်မံပေါ်ထွက်လာခဲ့ရာမှာတော့ နောက်တစ်ကြိမ် ငြင်းဆိုခဲ့ကြပြန်ပါတယ်။ ပြီးခဲ့တဲ့ ဧပြီလအတွင်းကလည်း သူတို့နှစ်ဦး ချစ်သူတွေဖြစ်နေကြောင်း သတင်းတွေ ပထမဆုံးအကြိမ် ပေါ်ထွက်လာခဲ့တာဖြစ်ပြီး အေဂျင်စီတွေကနေတစ်ဆင့် ကောလာဟလတွေမမှန်ကြောင်း ငြင်းဆိုခဲ့ကြတာလည်း ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ဩဂုတ် ၈ ရက်မှာ တောင်ကိုရီးယားမီဒီယာတစ်ခုက ဂျီယောင်းနဲ့ ဂျန်ဂျွန်ယောင်းတို့ ချစ်သူတွေဖြစ်နေကြောင်း ရေးသားဖော်ပြလာတာဖြစ်ပါတယ်။ ဒီလိုသတင်းတွေ ပေါ်ထွက်ခဲ့ပြီးနောက် ဂျီယောင်းရဲ့ အေဂျင်စီက အဆိုပါသတင်းတွေ မှန်ကန်မှုမရှိကြောင်း ချက်ချင်းတုံ့ပြန်ဖြေကြားခဲ့တာဖြစ်ပါတယ်။

ဂျီယောင်းရဲ့ အေဂျင်စီက "ဂျန်ဂျွန်ယောင်းနဲ့ ချိန်းဆိုတွေ့ဆုံခဲ့ကြတယ်ဆိုတာမှားပါတယ်။ လက်ရှိမှာ ဂျီယောင်းဟာ ချိန်းဆိုတွေ့ဆုံနိုင်တဲ့အခြေအနေမှာ ရှိမနေပါဘူး"လို့ တုံ့ပြန်ခဲ့ပါတယ်။ ဂျန်ဂျွန်ယောင်းရဲ့ အေဂျင်စီကလည်း ကာယကံရှင်နဲ့ ဆက်သွယ်မေးမြန်းခဲ့ရာမှာတော့ သူတို့နှစ်ဦး ချစ်သူတွေမဟုတ်ကြောင်းနဲ့ သူငယ်ချင်းတွေသာဖြစ်တယ်လို့ သိခဲ့ရကြောင်း ထုတ်ဖော်ပြောကြားလာတာကိုလည်း တွေ့ရပါတယ်။

**ခင်ခင်သက်**



# ဆောင်းရာသီဝတ်စုံတွေအတွက် မော်ဒယ်လ်လုပ်ပေးခဲ့တဲ့ ဆူဇီ

တောင်ကိုရီးယားရဲ့ နာမည်ကျော်ကြယ်ပွင့်တစ်ဦးဖြစ်သူ ဆူဇီဟာ လတ်တလောမှာတော့ "K2"အမှတ်တံဆိပ် ဆောင်းရာသီဝတ်စုံတွေအတွက် မော်ဒယ်လ်အဖြစ် လုပ်ဆောင်ကာ အလှဓာတ်ပုံတွေ ရိုက်ကူးခဲ့ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ဒီအလှဓာတ်ပုံတွေမှာတော့ ဆောင်းရာသီအတွက် ရည်ရွယ်ထုတ်လုပ်ထားတဲ့ အပေါ်ထပ်အင်္ကျီတွေကို ဝတ်ဆင်ကာ ချမ်းအေးလွန်းတဲ့ ကိုရီးယားဆောင်းရာသီကို ရင်ဆိုင်ဖို့ရာ အဆင်သင့်ဖြစ်နေပြီဖြစ်တဲ့ ဆူဇီကိုတွေ့ရပါတယ်။ လတ်တလောဖော်ပြခဲ့တဲ့ ဓာတ်ပုံတွေဟာ ဆူဇီအနေနဲ့ ၂၀၁၈ ခုနှစ်အတွင်း နောက်ဆုံးရိုက်ကူးခဲ့တဲ့ ဆောင်းရာသီဖက်ရှင်ဓာတ်ပုံတွေ ဖြစ်တယ်လို့လည်း သိရပါတယ်။



အမျိုးသမီး တေးဂီတအဖွဲ့ "Miss A" ရဲ့ အဖွဲ့ဝင်တစ်ဦးအဖြစ် အနုပညာလောကအတွင်း စတင်ဝင်ရောက်ခဲ့တဲ့ ဆူဇီဟာ နောက်ပိုင်းမှာ တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ်လည်း အောင်မြင်လာခဲ့ပါတယ်။ သရုပ်ဆောင်နယ်ပယ်ဘက် ခြေချလာချိန်မှာလည်း အချိန်တိုအတွင်းအောင်မြင်မှုတွေရရှိခဲ့ကာ ထူးချွန်ဆုတွေကိုလည်း သိမ်းပိုက်နိုင်ခဲ့ပါတယ်။ အနုပညာလုပ်ငန်းတွေမှာ အောင်မြင်မှုရခဲ့ပေမယ့် ဆူဇီဟာ ဝေဖန်မှုတွေနဲ့ ကြုံခဲ့ရတဲ့ ကြယ်ပွင့်တစ်ဦးလည်း ဖြစ်ပါတယ်။ သူ့ကို တောင်ကိုရီးယားရဲ့ တေလာဆွစ်လို့ ခေါ်တွင်ကြပြီး အကြောင်းကတော့ ဆူဇီဟာ တေလာဆွစ်လို မျက်နှာများသူတစ်ဦးဖြစ်ကြောင်း အချို့သော ပရိသတ်တွေက လူမှုကွန်ရက်မီဒီယာပေါ်မှာ ဝေဖန်ခဲ့လို့ ဖြစ်ပါတယ်။ ဆူဇီဟာ နာမည်ကျော်မင်းသားတစ်ဦးဖြစ်သူ လီမင်ဟိုနဲ့ အချိန်အတော်ကြာလက်တွဲခဲ့ပြီး လီမင်ဟို စစ်မှုထမ်းနေစဉ်မှာပင် နှစ်ဦးသား လမ်းခွဲလိုက်ပြီဖြစ်ကြောင်း သတင်းတွေ ပေါ်ထွက်လာခဲ့ပါတယ်။ အဲဒီနောက် မရှေးမနှောင်းမှာပင် မင်းသား လီဒေါင်ဝတ်ခ်နဲ့ ချစ်သူတွေဖြစ်နေကြောင်း အတည်ပြုခဲ့ပြီး မကြာမီမှာပင် လမ်းခွဲလိုက်ပြီဖြစ်ကြောင်း သတင်းတွေ ပေါ်ထွက်ခဲ့သူလည်း ဖြစ်ပါတယ်။

**အေးပြည့်**

# ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး အမျိုးသမီးများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။

(ဂ) ၁-၁-၂၀၁၉ ရက်နေ့တွင် အသက် ၁၆ နှစ်ပြည့်ပြီး ၁၉ နှစ်ထက်မကြီးရ။

(ဃ) အရပ်(၅)ပေ(၂)လက်မ၊ ပေါင်(၁၀၀)နှင့်အထက် ရှိရမည်။
(အထက်ပါအတိုင်းကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

(င) မိဘအုပ်ထိန်းသူ သဘောတူညီကြောင်းထောက်ခံချက်ပါရှိရမည်။

၂။ လျှောက်လွှာများကို နီးစပ်ရာစစ်ဌာနချုပ်များတွင် ၂၈-၆-၂၀၁၈ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၂၉-၆-၂၀၁၈ ရက်နေ့မှ ၂၄-၈-၂၀၁၈ ရက်နေ့အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင်လာရောက်သတင်းပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးလက်မှတ်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တစ်လအတွင်းရရှိသော ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃)ပုံ။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ရေးချုပ်ရုံး၊ စိစစ်ရွေးချယ်ရေးဘုတ်အဖွဲ့မှ ပဏာမရွေးချယ်ပါမည်။ ပဏာမရွေးချယ်ခံရသူများအား တိုင်းစစ်ဌာနချုပ်အစီစဉ်ဖြင့် လေ့ကျင့်ပေးမည့်သင်တန်းကျောင်းသို့ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ အခြေခံရုံးလုပ်ငန်းစည်းမျဉ်း၊ ကွန်ပျူတာနှင့် အင်္ဂလိပ်စာ ဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip,C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ ၂ နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် တပ်သားသစ်လစာ ၁၄၄၀၀၀ိ/-ကျပ်ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ တပ်သားအခြေခံလစာ ၁၅၀၀၀၀ိ/-ကျပ်ကိုလည်းကောင်းရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ)(တတိယတန်း) (အခြေခံလစာ- ၂၀၄၀၀၀ိ + အရည်အချင်းလစာ ၄၀၀၀ိ + M.H.R.A = ၁၀၀၀၀ိ = ၂၁၈၀၀၀ိ)အဖြစ် ခန့်အပ်ပေးမည်။

၆။ တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) အဆင့်/အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့်/အတန်းတိုးမြှင့်ရေးစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ စာမေးပွဲအောင်မြင်ပါက အောက်ဖော်ပြပါ အဆင့်/အတန်းများတိုးမြှင့်ရရှိနိုင်ပြီး ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါ လစာ၊ စရိတ်များ ရရှိမည်-

| အဆင့်အတန်း | အခြေခံ လစာ | အရည်အချင်း လစာ | M.H.R.A | ပေါင်း |
|---|---|---|---|---|
| (က) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ဒုတိယတန်း) | ၂၀၄၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၂၂၀၀၀၀ |
| (ခ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ပထမတန်း) | ၂၀၄၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၂၂၀၀၀ |
| (ဂ) ဒုတိယအရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၄၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၅၈၀၀၀ |
| (ဃ) အရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၅၈၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၇၆၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင် ၂၀၀၀ိ/- နှုန်းဖြင့် ၁၀၀၀၀ိ/- အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် အဆင်ပြေစွာဖြေဆိုနိုင်သည်။

**မှတ်ချက်။** အသေးစိတ်သိလိုပါက နီးစပ်ရာ စစ်ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

## မြန်မာနှင့် နိုင်ငံတကာစီးပွားရေးနယ်ပယ်တွင် ဦးဆောင်နိုင်သူဖြစ်လိုသူများအတွက်

UNIVERSITY OF GLOUCESTERSHIRE
GUSTO COLLEGE

အင်္ဂလန်တက္ကသိုလ် University of Gloucestershire မှ တိုက်ရိုက်ချီးမြှင့်မည့်

**BA (Hons) International Business Studies (UK)**

ပညာရေးဆွေးနွေးပွဲ

နေ့ရက် - ၂၀၁၈ ခုနှစ်၊ ဩဂုတ် ၁၂ ရက် (တနင်္ဂနွေနေ့)
အချိန် - နေ့လည် ၂နာရီမှ ၄နာရီထိ
နေရာ - နိုဗိုတယ်ဟိုတယ် (မန္တလေးခန်းမ)

လူဦးရေကန့်သတ်ထားပါသဖြင့် ပညာရေးဆွေးနွေးပွဲကို ကြိုတင်စာရင်းပေးသွင်း၍ (အခမဲ့) တက်ရောက်နိုင်ပါသည်။



Call Now
09 792380399

---

## "Psychology in Management-Marketing-Education ဘာသာရပ်များအကြောင်း"

National University of Singapore မှ PhD ရရှိထားသော Dr Lidia Suarez မှ ရှင်းလင်းပြောကြားပေးပါမည်

➤ **What is Psychology?**

Psychology ဘာသာရပ်ဆိုတာဘာလဲ ..... ဘွဲ့ရပြီးရင် ဘယ်လိုနယ်ပယ်နေရာတွေမှာ အလုပ်လုပ်လို့ရနိုင်လဲ .....

➤ iGCSE ဖြေဆိုထားသူများ၊ မြန်မာနိုင်ငံမှာ (၁၀)တန်းအောင် ကျောင်းသူကျောင်းသားများအတွက်

- မြန်မာနိုင်ငံတွင် (၁)နှစ် + စင်ကာပူနိုင်ငံတွင် (၂)နှစ်ခန့်တက်ရောက်ပြီး ရယူနိုင်သည့် ထိပ်တန်းသြစတြေးလျဘွဲ့ဒီဂရီများ
- စိတ်ပညာဘာသာရပ် Psychology နှင့်ဆက်စပ်သည့် Management-Marketing-Education နယ်ပယ်များနှင့် ဆက်စပ်အလုပ်အကိုင်အခွင့်အလမ်းများအကြောင်းကိုပါ ထည့်သွင်းဆွေးနွေးပေးသွားမည်ဖြစ်ပါသည်။

12th AUG 2018
10:00 am - 12:00 pm
NOVOTEL HOTEL



ဖုန်းနံပါတ် - ၀၁ ၅၂၇ ၈၃၈၊ ၀၉ ၄၄ ၅၅ ၆၆ ၇၀၁၊ ၀၉ ၄၄ ၅၅ ၆၆ ၇၀၂၊ ၀၉ ၄၅၀ ၂၀၀ ၀၈၀

CROWN EDUCATION — YOUR DOOR TO THE FUTURE
ROYAL ACADEMIC INSTITUTE
JAMES COOK UNIVERSITY SINGAPORE — Celebrating 15 YEARS 2003–2018

DR. LIDIA SUÁREZ (Senior Lecturer / Head of Academic)
PhD – National University of Singapore (Singapore)

---

## GLORY "မော်တော်ကားနည်းပညာ ဒီပလိုမာအတွက် သင်တန်းသားခေါ်ယူခြင်း"

OIST

▶▶ ဂျပန်နိုင်ငံ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးဌာန၏ Third Class Automotive Mechanic သင်ရိုးညွှန်းတမ်း အတိုင်း အောက်ဖော်ပြပါသင်တန်းကို မြန်မာနိုင်ငံတွင် ဖွင့်လှစ်ပို့ချပါမည်။

▶▶ သင်တန်းအမျိုးအစား - Automotive Engineering Diploma (Class -3)၊
သင်တန်းကာလ - One Year (တစ်နှစ်)၊
လက်ခံမည့်ဦးရေ - (၅၀)ဦး၊
သင်တန်းဖွင့်မည့်ရက် - 26 -10 - 2018
သင်တန်းအပတ်စဉ် - (၂၉)၊ (၃၀)
ပညာအရည်အချင်း - အနိမ့်ဆုံးအဆင့် တက္ကသိုလ်ဝင်တန်း သင်ယူဖူးသူများ၊

သင်တန်းပြီးလျှင် ရနိုင်သောအခွင့်အရေးများ

- တန်းခွဲတိုင်းတွင် ပထမရရှိသော ကျောင်းသားများအတွက် ဂျပန်သို့ လေ့လာရေးခရီး စရိတ်ငြိမ်းသွားရောက်ခွင့်ရရှိခြင်း။
- Okayama နည်းပညာတက္ကသိုလ်တွင် ဘွဲ့အဆင့်ရှိ မော်တော်ကားနည်းပညာရပ်များ ဆက်လက် သင်ယူနိုင်ခြင်း ။ (လက်ရှိ GLORY ကျောင်းဆင်း (၃၀)ကျော် ဂျပန်တွင် ပညာသင်ယူနေပါသည်။)
- မော်တော်ကားပညာရပ်ဖြင့် ဂျပန်နိုင်ငံတွင် အလုပ်လုပ်နိုင်ခြင်း။ (လက်ရှိ GLORY ကျောင်းဆင်း (၁၂)ဦး အား ဂျပန်ကုမ္ပဏီမှ ခန့်ထားပြီးဖြစ်ပါသည်)
- ပြည်တွင်းရှိ မော်တော်ကားနှင့်ဆက်စပ် ကုမ္ပဏီကြီးများ ၊Service Centre များတွင် ဝင်ရောက်လုပ်ကိုင်နိုင်ခြင်း။
- ဂျပန်တွင် အလုပ်လုပ်ကိုင်နိုင်ရန် နှင့် ကျောင်းဆက်တက်ရန်တို့အတွက် GLORY မှ ကူညီဆောင်ရွက်ပေးခြင်း။
- ဂျပန်ဘာသာစကား အခြေခံ ကို အခမဲ့သင်ယူခွင့်ရရှိခြင်း။

▶▶ ဂျပန် Okayama နည်းပညာတက္ကသိုလ် မှ ဒီပလိုမာလက်မှတ်ချီးမြှင့်ပါမည်။စာတွေ့ ၄၀% လက်တွေ့ ၆၀% လက်တွေ့ ဦးစားပေးစနစ်ဖြင့် မော်တော်ကားတစ်စီးလုံး ကို အခြေခံမှ စ၍ အဆင့်မြင့်ထိ သင်ကြားရမည်

### "မော်ပြပါ GLORY ၏ မော်တော်ကားနည်းပညာ ကျောင်းသားများအတွက် ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာများ . . . ."

သင်တန်းဆင်း Mechanic များကို ခေါ်ယူလိုပါက GLORY ကိုဆက်သွယ်နိုင်ပါသည်။



Okayama ကျောင်းတွင်မြန်မာ နှင့် ဂျပန် ကျောင်းသားများ ပူးတွဲလေ့ကျင့်သင်ကြားပုံ



ဂျပန်နိုင်ငံ ၏ Toyota ကားလုပ်ငန်းခွင်သို့ သွားရောက်လေ့လာခဲ့သော GLORY ကျောင်းသားများ



ဂျပန်နိုင်ငံ Okayama ကျောင်းတွင်တက်ရောက်နေသော GLORY ကျောင်းသားများ




ဂျပန်နိုင်ငံသို့ Short-Term Training သွားခွင့်ရ GLORY ကျောင်းသားများ

Room N0. 3 / 4 ၊ တထပ် ၊ ဗိုလ်မြတ်ထွန်းတာဝါ ၊ ဗိုလ်မြတ်ထွန်းလမ်း နှင့် မဟာဗန္ဓုလလမ်းထောင့်၊ဗိုလ်တစ်ထောင်မြို့နယ်၊ရန်ကုန်မြို့။

09-73121717 , 09-5197817    www.glory-education.com

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဗိုလ်မှူးကျော်လွင်(ငြိမ်း)**
**အသက်(၇၄)နှစ်**
**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)**
**မွေး/ညွှန်ဦးစီးဌာန၊ မွေး/ရေ ဝန်ကြီးဌာန**

ဗိုလ်မှူးကျော်လွင် (ရေ-၁၁၃၄)၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)သည် ၈-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၆း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီးရုံး**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဗိုလ်မှူးကျော်လွင်(ရေ-၁၁၃၄)(ငြိမ်း)**
**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)**
**ငါးလုပ်ငန်းဦးစီးဌာန**
**အသက်(၇၄)နှစ်**

ငါးလုပ်ငန်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ဗိုလ်မှူးကျော်လွင် (ငြိမ်း)သည် ၈-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၆း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ငါးလုပ်ငန်းဝန်ထမ်းဟောင်းများအသင်း**

---

**ဝမ်းနည်းကြေကွဲခြင်း**
**ဗိုလ်မှူးကျော်လွင်(ရေ-၁၁၃၄၊ ငြိမ်း)**
**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ငါးလုပ်ငန်းဦးစီးဌာန၊**
**မွေး/ညွှန်ဦးစီးဌာန၊ မွေး/ရေ ဝန်ကြီးဌာန**
**အသက် (၇၄) နှစ်**

စိတ်နှလုံးသားပြည့်ဝလှပါသော ညွှန်ချုပ်ကြီး ဗိုလ်မှူးကျော်လွင်သည် ၈-၈-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါ၍ မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲမိပါကြောင်း။

**ငါးလုပ်ငန်းမိတ်ဆွေများအဖွဲ့**
**Fishery Friends Group**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဗိုလ်မှူးကျော်လွင်(ရေ-၁၁၃၄)(ငြိမ်း)**
**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)**
**ငါးလုပ်ငန်းဦးစီးဌာန**
**အသက်(၇၄)နှစ်**

ငါးလုပ်ငန်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ဗိုလ်မှူးကျော်လွင် (ငြိမ်း)သည် ၈-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၆း၄၅နာရီတွင် ကွယ်လွန်သွား ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့် ထပ်တူထပ်မျှဝမ်းနည်း ကြေကွဲရပါသည်။

**တိုင်းဒေသကြီးဦးစီးဌာနမှူးနှင့်ဝန်ထမ်းများ**
**ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဗိုလ်မှူးကျော်လွင်(ရေ-၁၁၃၄)(ငြိမ်း)**
**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)**
**ငါးလုပ်ငန်းဦးစီးဌာန**
**အသက်(၇၄)နှစ်**

ငါးလုပ်ငန်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဗိုလ်မှူးကျော်လွင် (ငြိမ်း)သည် ၈-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၆း၄၅နာရီတွင် ကွယ်လွန်သွား ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့် ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**ငါးလုပ်ငန်းဦးစီးဌာန**

---

# အထူးဝမ်းနည်းကြေကွဲခြင်း
# ဦးသက်ပိုင်
## ညွှန်ကြားရေးမှူး၊ မွန်ပြည်နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
# အသက် (၅၆) နှစ်

ဦးသက်ပိုင်(ပြည်နယ်ဦးစီးမှူး၊ မွန်ပြည်နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန) အသက် (၅၆)နှစ်သည် ၆-၈-၂၀၁၈ ရက် (တနင်္လာနေ့) ည ၁၀း၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရှမ်းပြည်နယ်ကျေးလက်ဒေသ**
**ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ**

---

## အနိစ္စ

**သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်အေးကြည် (၈၉)နှစ်**
**(ဓနုဖြူ)**

ဓနုဖြူမြို့နေ (ဦးဘဝင်း-ဒေါ်ထာ)တို့၏သမီး၊ (ဦးတင့်-ဒေါ်တင်စိန်)တို့၏ သမီးချွေးမ၊ (ဦးတင်ထွန်း)၏ ဇနီး၊ ဒေါက်တာသင်းသင်းထွန်း [မေ့ဆေး ဆရာဝန်-မြဝတ်ရည်ဆေးရုံ (ဘားကန့်)]၏ မိခင်၊ မပွင့်မာထွန်း၊ မောင်ဖြိုးသူ တို့၏အဘွား ဒေါ်အေးကြည်သည် ၉-၈-၂၀၁၈ ရက် နံနက် ၅း၁၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် မီးသဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

---

**ဦးတိတ်ကြည်(မုဒုံ)**
**အသက်(၈၆)နှစ်**
**မန်နေဂျာ(ငြိမ်း)၊ လယ်-စိုက်ရှင်း၊ နှစ်ရှည်**
**M.D (ယုဇနေဂါးဒင်းဟိုတယ်)**

မုဒုံမြို့၊ မင်းတန်းရပ်နေ (ဦးဘချွေး-ဒေါ်မာရင်)တို့၏သား၊ (ဦးရင်ကြည် ညွှန့်)-ဒေါ်မြင့်မြင့်စိုး၊ (ဦးအုန်းကြည်)-ဒေါ်ခင်အေးသွင်တို့၏ညီ၊ ဦးတိတ်အန်း၊ (ဒေါက်တာဦးမြင့်ဟန်)-ဒေါက်တာဒေါ်အေးအေးရီ၊ (ဦးတိတ်လွင်)-ဒေါ်နုနုရီ၊ (ဦးမြင့်ကြည်)၊ ဦးသိန်းအေး-ဒေါ်နွယ်နွယ်ရီ၊ ဦးမှတ်စံ-ဒေါ်ခင်ဌေးရီ၊ ဦးကြည်စိုး-(ဒေါ်တင်တင်ရီ)တို့၏ အစ်ကို၊ ဦးအောင်မင်း-ဒေါ်အေးအေးမြင့်တို့၏မွေးစားဖခင်၊ တူ/တူမ ၂၀ ယောက်တို့၏ဘကြီး၊ မြေး ၂၁ ယောက်တို့၏အဘိုး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ အမှတ်(၂၃၈-ဂ)နေ ဦးတိတ်ကြည်သည် ၈-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ည ၁၁း၄၀ နာရီတွင် Grand Hantha International Hospital ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၈-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၄-၈-၂၀၁၈(အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဒေါ်မြင့် (မြိတ်မြို့)**
**အသက်(၇၀)**

(ဦးနီ-ဒေါ်သိန်း)တို့၏ သမီးကြီး၊ (ဦးသန်းမောင်)၏ ဇနီး၊ ဒေါ်စန်းမြင့်ကြည်၊ ဒေါ်အင်မီတို့၏ အစ်မ၊ ဒေါ်ခင်ခင်သန်း၊ ဦးကျော်မျိုးဝင်းပိုင်-ဒေါ်သီသီသန်း၊ ဦးစနေမိုး-ဒေါ်ခင်လဲ့လဲ့သန်းတို့၏မိခင်၊မြေးငါးယောက်၏ အဘွားသည် ၉-၈-၂၀၁၈ (ကြာသပတေးနေ့) နံနက်တွင် မြိတ်မြို့၊ မြစ်မရပ်၊ ခွာညိုလမ်း၊ အမှတ်(၅၀၀)နေအိမ်၌ ကွယ်လွန်သွား ပါသဖြင့် ၁၁-၈-၂၀၁၈(စနေနေ့) မွန်း လွဲ ၁း၃၀ နာရီတွင် မြိတ်မြို့ ကလွင်သုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ များအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်မြမြယဉ် (၈၄)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊သုဝဏ္ဏ၊ယင်းမာမြိုင်လမ်း၊ အမှတ် (၂၄၈)နေ (ဦးကျော့-ဒေါ်လှ)တို့၏ သမီး၊ [ဗိုလ်မှူးကြီးသာဝင်း-(ငြိမ်း)]၏ ဇနီး၊ ဒေါ်ခင်ဝါဝါမော်-ဒေါက်တာဦးတင်မင်းညွန့်၊ ဒေါက်တာဦးလူမော်ဝင်း-ဒေါ်ကြည်ဖြူညွန့်၊ ဒေါ်အိစန္ဒာဝင်း-ဒေါက်တာဇော်လင်းသူ(ကထိက၊ ရန်ကုန်အဝေးသင်တက္ကသိုလ်)တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေးသုံးယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၈-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၉း၁၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၄-၈-၂၀၁၈(အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁နာရီထိ အမှတ်(၂၄၈)၊ ယင်းမာမြိုင်လမ်း၊ သုဝဏ္ဏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ တန်ဆောင်းဒါယကာကြီး**
**ဦးဘနှင်းချစ် (ပခုက္ကူ)**
**အသက် (၈၃) နှစ်**
**ညွှန်ကြားရေးမှူး(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ အမှတ် (27/A-2)နေ (ဦးချစ်-ဒေါ်ခင်သန်း)တို့၏သား၊ (ဦးအုန်းဖေ-ဒေါ်မြစိန်)တို့၏ သားသမက်၊ (ဒေါ်ထားထားရီ)၏ ခင်ပွန်း၊ ဒေါ်ခိုင်မြတ်ချစ်-ဦးသန်းထိုက်၊ ဒေါ်အေးမြတ်ချစ်၊ ဒေါ်စုမြတ်ချစ်-ဦးမောင်မောင်ကြီးတို့၏မွေးသဖခင်၊ မဆုရည်သန်းထိုက်၊ မဧကရီသန်းထိုက်တို့၏အဘိုး ဦးဘနှင်းချစ်သည် ၆-၈-၂၀၁၈ (တနင်္လာနေ့) နံနက် ၁၁း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၈-၂၀၁၈ (သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး**
**ဒေါ်ကျင်စန်း (၇၈)နှစ်**
**ကျူကရင်၊ ဝါးခယ်မမြို့**

မြောင်းမြခရိုင်၊ ပြင်ရွာနေ (ဦးကျိုက်လတ်-ဒေါ်ဖွားသိန်း)တို့၏ သမီး၊ ဝါးခယ်မမြို့နေ (ဦးကင်မင်း-ဒေါ်ကျင်ပိုင်)၊ သာကေတမြို့နေ ဦးယုံကင်း-(နော်ကျင်မေ)တို့၏ ညီမ၊ အလုံမြို့နယ်နေ (ဦးမောင်ချစ်)-ဒေါ်ကျင်ဝမ်း(ခ) ဒေါ်ခင်ခင်ဝင်းတို့၏ အစ်မ၊ တူ/တူမ ၁၉ ယောက်၊ မြေး ၂၀ ယောက်၊ မြစ်သုံးယောက်တို့၏ အဘွား ကြည့်မြင်တိုင်မြို့နယ်၊ ရွှေလှိုင်လမ်း၊ အမှတ်(၁၇) နေ ဒေါ်ကျင်စန်းသည် ၉-၈-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၁၀း၂၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၈-၂၀၁၈ (စနေနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်၌ သဂြိုဟ်ပါမည်။ (အမှတ်-၁၇၊ ရွှေလှိုင်လမ်း နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဒေါ်မြင့်မြင့်ထွန်း (B.A-Economic)**
**အသက် (၅၂) နှစ်**
**ပုံနှိပ်ကျွမ်းကျင်-၁(ကွန်ပျူတာ)**
**ဗဟိုပုံနှိပ်စက်ရုံ၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ အောက်မင်္ဂလာဒုံလမ်း၊ ပုံနှိပ်ဝန်ထမ်းအိမ်ရာ၊ (လေးထပ်တိုက်)၊ အခန်း(B.5)၊ ပထမထပ်နေ [ဦးစိန်မြင့်(ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန)]-ဒေါ်မြမြစိုးတို့၏ဒုတိယသမီး၊ ဒေါ်အေးသန်းဆင့်(စာပေဗိမာန်ရုံး)၏ညီမ၊ ဦးဇော်ဇော်သိန်း-ဒေါ်မာမာလွင်၊ ဦးအောင်အောင်မိုး-ဒေါ်ကေသွယ်နိုင်၊ ဦးထွန်းထွန်းဦး-ဒေါ်ဝင်းမြင့်သန်း၊ ဦးမြင့်ဆွေ-ဒေါ်ခင်ဆွေဦး၊ မတင့်မိုးဝေ၊ဦးထွန်းနေအောင်-ဒေါ်ဝတ်ရည်သင်းတို့၏အစ်မ၊ တူ/တူမ ခုနစ်ယောက်တို့၏အဒေါ်သည် ၈-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၈-၂၀၁၈ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**ဦးဘနှင်းချစ်(ပခုက္ကူ)**
**အသက် (၈၃) နှစ်**
**ညွှန်ကြားရေးမှူး-ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ အမှတ် (27-A-2) နေ ဦးဘနှင်းချစ်(ညွှန်ကြားရေးမှူး-ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန)သည် ၆-၈-၂၀၁၈ (တနင်္လာနေ့) နံနက် ၁၁း၂၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းမိသားစုများ**
**ရန်ကုန်တိုင်းဒေသကြီး**
**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဗိုလ်မှူးကျော်လွင်(ငြိမ်း)**
**အသက်(၇၄)နှစ်**
**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)**
**မွေး/ညွှန်ဦးစီးဌာန၊ မွေး/ရေ ဝန်ကြီးဌာန**

လေးစားရပါသော ဗိုလ်မှူးကျော်လွင် (ရေ-၁၁၃၄) ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)သည် ၈-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၆း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ**
**ငါးလုပ်ငန်းဦးစီးဌာန**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဗိုလ်မှူးကျော်လွင်(ငြိမ်း)**
**အသက်(၇၄)နှစ်**
**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)**
**မွေး/ညွှန်ဦးစီးဌာန၊ မွေး/ရေ ဝန်ကြီးဌာန**

လေးစားရပါသော ဗိုလ်မှူးကျော်လွင် (ရေ-၁၁၃၄)၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)သည် ၈-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၆း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မွေးမြူရေးနှင့်ရေလုပ်ငန်းညွှန်ကြားမှုဦးစီးဌာန**
**ဝန်ထမ်းဟောင်းများ**

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
**ဘဒ္ဒန္တ ဇာဂရိယ**
**သိက္ခာတော်(၂၂) ဝါ၊ သက်တော် (၇၇) နှစ်**
**တောင်ညိုတောရကျောင်း၊ မြောက်ခရွန်းရပ်၊ နောင်ခရီရပ်ကွက်**

မော်လမြိုင်မြို့၊ စစ်ကဲကုန်းရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ်(၁၈)နေ (ဦးတိတ်ရှောင်-ဒေါ်အေးစိန်)တို့၏သား၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ ဘုရင့်နောင်ပွဲရုံ၊ စိန်ပန်းလမ်း၊ အမှတ်(၈/၇၄)နေ ဒေါ်မြင့်မြင့်ဝေ၏ခင်ပွန်း၊ မော်လမြိုင်မြို့နေ ဦးဘန်တိတ်၏ညီ၊ ဒေါ်ရှင်ရှင်မြင့်၊ (ဦးအောင်ကြည်)၊ ဒေါ်ထွေးထွေးမြင့်တို့၏အစ်ကို၊ (ဦးရန်နိုင်စိုး)၊ (ဦးစံမင်းနိုင်)၊ (ဦးကျော်စိုးမိုး)၊ (ဦးအေးအောင်)၊ (ဦးဟန်မြင့်အောင်)၊ (ဦးနေမျိုးအောင်)၊ ဒေါ်မေသန္တာမျိုး၊ ဒေါ်ရတနာမျိုးတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် (၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၉ ရက်) ၅-၈-၂၀၁၈ ရက် နံနက် ၁၀း၄၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂း၃၀ နာရီတွင် ကြွင်းကျန်ရစ်သောဥတုဇ ရုပ်ကလာပ်တော်ကို ပိန္နဲကုန်းသုသာန်၌ တေဇောသဘင်ဆင်ယင်ကျင်းပပြီးဖြစ်ပါကြောင်း။ [ဘဒ္ဒန္တဇာဂရိယအား ရည်စူး၍ သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်း၊ သင်္ကန်း၊ ခဲဖွယ်၊ ဘောဇဉ်လျှာဘွယ် ဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်း ရေစက်သွန်းချ အမျှပေးဝေမည်ဖြစ်ပါသောကြောင့် (၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလကွယ်) ၁၁-၈-၂၀၁၈ (စနေနေ့) နံနက် ၉ နာရီတွင် တောင်ညိုတောရကျောင်းသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစုနှင့် ကျောင်းဒါယကာ၊ ဒါယိကာမများ

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်ကျင်ယုံ (၉၇)နှစ်**

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၃၄)ရပ်ကွက်၊ သရဖီ(၅)လမ်း၊ အမှတ်(၄၀၇)နေ (ဦးစွာနား)၏ဇနီး၊ (ဦးလှမြင့်-ဒေါ်သိန်း)တို့၏ညီမ၊ (ဒေါ်စန်းရီ)၊ (ဒေါ်အုံးကြည်)၊ ဒေါ်မြင့်မြင့်သန်း၊ ဒေါ်ခင်သိန်းရီ၊ Dr.တင်ရှိန်-ဒေါ်စန္ဒာမြင့်တို့၏အစ်မ၊ (ဦးစိန်ထွန်း)-ဒေါ်စိန်သောင်း၊ ဒေါ်တင်တင်မေ၊ (ဦးရွှေလင်း)-ဒေါ်တင်သန်း၊ (ဒေါ်အေးအေးသန်း)၊ ဦးတင်ရွှေ-Dr.အေးအေးတင့်၊ ဦးသိန်းအောင်-ဒေါ်နီနီလွင်၊ ဦးသန်းအေး-ဒေါ်မော်မော်ဝင်းတို့ ၏မိခင်၊ မြေး ၁၁ ယောက်၊ မြစ်ငါးယောက်တို့၏အဘွားသည် ၉-၈-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၈-၂၀၁၈ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဒေါ်ခင်ကြည် (ရေကြည်မြို့)**
**အသက် (၉၂) နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ ရေကြည်မြို့၊ အမှတ်(၁၁၄)၊ ဗထူးရပ်ကွက်(၄)လမ်းနေ ဒေါ်မြစီ(ဦးစီးမှူး၊ ပြန်/ဆက်-ငြိမ်း)၏အဒေါ် ဒေါ်ခင်ကြည်သည် ၈-၈-၂၀၁၈ ရက် ည ၉ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၈-၂၀၁၈ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် တောင်လယ်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဒေါ်အုန်းကြည်**
**အသက်(၈၈)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ရေတွင်းလမ်း၊ အမှတ်(၃၄/က)နေ (ဦးဘစိန်-ဒေါ်အေးကြည်)တို့၏ သမီးကြီး၊ (ဦးခင်မောင်ထွေး)၏ ဇနီး၊ ဦးမြကြည်၏ အစ်မ၊ ဒေါ်ခင်မာအေး၊ ဦးမောင်မောင်လွင်(Director, Myanmar Padauk Co.,Ltd.)-ဒေါ်ခင်ခင်လှ၊ (ဒေါ်စန္ဒာထွေး)တို့၏ မိခင်၊ မောင်သော်ဇင်ထွန်း-မချစ်ချစ်ဇော်၊ မောင်ညီမင်းခန့်၊ မထူးနန္ဒာလွင်တို့၏ အဘွားသည် ၉-၈-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၁၂း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၈-၂၀၁၈ (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်ခင်စန်း (B.A, B.ED)**
**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ အမှတ်(၂၀)၊ (ပထမထပ်)၊ ဇမ္ဗူရာဇ်လမ်း၊ စမ်းချောင်းမြို့နယ်နေ (ဦးသန်း-ဒေါ်သောင်းညွန့်)တို့၏သမီး၊ (ဦးကြင်သိန်း)၏ ဇနီး၊ ဦးစိုးမင်းသိန်း-ဒေါ်ဝါဝါဝင်း၊ ဦးငြိမ်းတိုး-ဒေါ်သူဇာသိန်း(ခေတ္တ-စင်ကာပူ)၊ ဦးထွန်းဝင်းသိန်း-ဒေါ်နွယ်နီသန်း တို့၏ မိခင်၊ မြေးငါးယောက် တို့၏ အဘွား ဒေါ်ခင်စန်းသည် ၈-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက်၁း၄၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ ညနေ ၄း၁၅ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၁၄-၈-၂၀၁၈ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်ခင်ရီ(ခ)ဒေါ်အမာ**
**အသက် (၇၉)နှစ်**

ရန်ကုန်မြို့၊ အမှတ်(၆၇)၊ သမိန်ဗရမ်းလမ်း၊ (က+ဂ)ရပ်ကွက်၊ တာမွေမြို့နယ်နေ (ဦးသောင်းဖေ-ဒေါ်အေး)တို့၏သမီး၊ (ဦးခင်မောင်)၏ဇနီး၊ (ဦးမြင့်ဦး)၊ ဒေါ်အေးအေးပြုံး-ဦးမောင်မောင်သွင်၊ ဒေါ်ရီရီပြုံး-(ဦးမင်းနိုင်)၊ (ဒေါ်ဝင်းဝင်းပြုံး-ဦးချိုဦး)၊ ဦးယဉ်ကြည်-ဒေါ်အေးအေးမော်၊ ဦးသိန်းနိုင်-ဒေါ်အေးအေးချို၊ ဦးလှမိုး-ဒေါ်နှင်းချယ်ရီမြင့်တို့၏မိခင်၊ မောင်ဖြိုးမင်းသွင်၊ မယမင်းသွင်-မောင်ကျော်စွာမင်း၊ မနွေးရတနာဦး၊ မထက်ထက်ခိုင်၊ မောင်ဟိန်းမင်းသန့်၊ မခြူးမြင့်မြတ်ချယ်တို့၏အဘွား၊ မသွန်းဆုဝသန်ကျော်၊ မောင်မင်းခန့်ကျော်စွာတို့၏ဘွားဘွားကြီးသည် ၈-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၃း၂၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၈-၂၀၁၈ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**မောင်ထူးမင်းဇော်(ခ) ထူးထူး (စစ်တွေမြို့)**
**အသက် (၃၄) နှစ်**

စစ်တွေမြို့၊ မြို့သူကြီးရပ်ကွက်၊ ပန်းခြံလမ်း၊ အမှတ်(၁၆၁)နေ ဦးကျော်ငြိမ်း-ဒေါ်ဦးမြသန်းတို့၏သား၊ (ဦးသန်းထွန်း)-ဒေါ်လှလှမြင့်၊ ဒေါ်မြင့်မြင့်၊ ဦးကျော်ခင်-ဒေါ်မို့မို့နွယ်၊ ဒေါ်မြသူခင်တို့၏တူ၊ ဦးထွန်းမင်းဇော်၊ ဦးအောင်မင်းဇော်-ဒေါ်ဝင်းဝင်းခိုင်၊ဦးသန်းဇော်တို့၏ညီ၊မောင်သန်းဆွေ-မနှင်းနှင်းဝေ၊ မစုပြည့်ဖြူတို့၏အစ်ကိုသည် ၉-၈-၂၀၁၈ ရက် နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၈-၂၀၁၈ ရက် မွန်းလွဲ ၂ နာရီတွင် အာကျိုပ်တော်ကုန်းသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး သတ္တမနေ့ ကျင်းပ

စာမျက်နှာ » ၈



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် အမေရိကန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

စာမျက်နှာ » ၈



# ပြည်ထောင်စုတရားလွှတ်တော်ချုပ်၌ ဇန်နဝါရီလမှ ဇွန်လကုန်အထိ ရာဇဝတ်မှု ၈၈၂ မှု လက်ခံရရှိပြီး ၈၅၂ မှု စစ်ဆေးပြီးပြတ်၊ တရားမမှု ၁၄၂၇ မှု လက်ခံရရှိပြီး ၁၃၂၃ မှု စစ်ဆေးပြီးပြတ်

**နေပြည်တော် ဩဂုတ် ၉**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များ၏ (၁၅) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုတရားသူကြီးချုပ်က တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာရေး၊ ဘက်လိုက်မှုကင်းသည့် တရားစီရင်ရေး၊ အဂတိတရားကင်းစင်သည့် တရားစီရင်ရေး ဖြစ်ပေါ်ရေးတို့အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များအထိ

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ☆**



ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များ၏ (၁၅) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။




ပထမဆုရ ထိုင်း ယူ-၁၄ အသင်း အောင်ပွဲခံနေစဉ်။

## MFF U-14 ပြိုင်ပွဲတွင် ထိုင်း ယူ-၁၄ အသင်း ချန်ပီယံဆုဆွတ်ခူး

**ရန်ကုန် ဩဂုတ် ၉**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် MFF U-14 Football Tournament ပြိုင်ပွဲ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို ယနေ့နံနက်နှင့် ညနေပိုင်းက သုဝဏ္ဏမြက်ခင်းတုကွင်း၌ ကျင်းပရာ ထိုင်း ယူ-၁၄ အသင်း ဗိုလ်စွဲခဲ့ပြီး ဒုတိယကို ဖူကူရှီးမား အကယ်ဒမီက ရရှိကာ မန္တလေးအကယ်ဒမီ (မြန်မာ) အသင်းမှာ တတိယရခဲ့သည်။ တတိယနေရာလုပွဲတွင် မန္တလေးအကယ်ဒမီ(မြန်မာ)က ပုသိမ်အကယ်ဒမီ(မြန်မာ)ကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး ဗိုလ်လုပွဲတွင် ထိုင်း ယူ-၁၄ အသင်းက ဖူကူရှီးမားအကယ်ဒမီ(ဂျပန်) အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ထိုင်း ယူ-၁၄ အသင်းသည် ပြိုင်ပွဲတစ်လျှောက် ရှုံးပွဲမရှိဘဲ ပွဲတိုင်းအနိုင်ရကာ ချန်ပီယံဆုရခဲ့ပြီး ဖူကူရှီးမားအသင်းကို နှစ်ပွဲစလုံး အနိုင်ရခဲ့သည်။ ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲဆက်လက်ကျင်းပရာ တတိယရရှိသော မန္တလေးအကယ်ဒမီ(မြန်မာ)နှင့် ဒုတိယရရှိသော ဖူကူရှီးမားအကယ်ဒမီ(ဂျပန်)အသင်းတို့ကို တစ်ဦးချင်းဆုတံဆိပ်၊ ပထမရရှိသော ထိုင်း ယူ-၁၄ အသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ချန်ပီယံဆုဖလားကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမှုဆောင်အရာရှိချုပ် ဦးဘုန်းနိုင်ဇော်၊ မြန်မာနေရှင်နယ်လိဂ် အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။ **သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

